



Kissinger Transcript

Copyright (c) www.nldlanorway.com

22/11/2008

ကျမ်းပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် - ၄၇/ ၂၀၀၄(၅)
မျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် - ၅၄/ ၂၀၀၄(၆)

စီစဉ်သူ
ဇွဲကျော်

မျက်နှာဖုံးဒီဇိုင်း
ကိုဝေဦး

ကွန်ပျူတာစာစီ
Plastic Rainbow

ပုံနှိပ်ခြင်း
ပထမအကြိမ် အုပ်ရေ ၅၀၀

ထုတ်ဝေခြင်း
ဇူလိုင် ၂၀၀၄

စာအုပ်ချုပ်
ကိုမြင့်

ထုတ်ဝေသူ
ဦးကျော်ဝင်း(ခေတ်သက်တံစာပေ)
အမှတ် ၂၀/၂၂ မြည်မိုးမှုန်တိုက်ခန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးထွန်းလေး၊ မိုးဝေအော့ဖ်ဆက်(မြို့-ဝင်ဒုဇ ၂)
အမှတ် ၁၄၀၊ ၄၅-လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
Plastic Rainbow Book Publication
အမှတ် ၂၁၇၊ ပထမထပ်(ဝဲ) ဆိပ်ကမ်းသာလမ်း(အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၂၁၃၈၆၈

တန်ဖိုး ...

ကျော်ဝင်း

# ရာဇဝင်တွင်ရစ်မယ့်စကားဝိုင်းများ

## THE KISSINGER TRANSCRIPTS

Plastic Raibow Book Publication

Copyright (c) www.nldlanorway.com 22/11/2008

# မာတိကာ


စာရေးသူ၏အမှာ ၅

TRANSCRIPTS

ရုစဝင်ဂျွင်ရှိမ်ယံ့စကားဝိုင်းများ

နိဒါန်း ၈

အခန်း (၁) နှင်းခဲပျော်စ ၁၁

အခန်း (၂) ရန်သူဟောင်းနှစ်ယောက် ၂၅

အခန်း (၃) သံခင်းတမန်ခင်း၊ စီချွင်းတိုင်ပွဲ ၄၉

အခန်း (၄) မဟာဗျူဟာမဟာမိတ် ၆၇

အခန်း (၅) ရင်းရင်းနှီးနှီး ရန်ဖြစ်ခြင်း ၁၀၅

BOOK REVIEW

ဒိုင်ယောင်းများကိုထုတ်သုံးခြင်း ၁၂၈

နှစ်သုံးဆယ်က ၉/၁၁ ၁၃၀

EXTRACT

အကျပ်အတည်းတစ်ခု၏ ခန္ဓာဗေဒ ၁၃၉


Copyright (c) www.nldlanorway.com 22/11/2008

TEL/FAX : 055-542383



## စာရေးသူ၏အမှာ

'ရာဇဝင်တွင် ရစ်မယ့် စကားဝိုင်းများ' ဖြစ်လာမည့် The Kissinger Transcript ကို ဖတ်ရင်း စာရေးသူတွင် တွေးစရာ တော်တော်များများ ရှိလာခဲ့ပါသည်။ ဤအထဲမှ အချက်သုံးချက်ကို သဘောအမျှ တင်ပြလိုသည်။

**ပထမအချက်**မှာ၊ လူမှုသိပ္ပံနှင့် သဘာဝသိပ္ပံတို့၏ အဆက်အစပ်နှင့် ဆိုင်သည်။ ယခုခေတ်တွင် ဤဘာသာရပ်ကြီးနှစ်ခုမှာ တစ်သီးတခြားစီ မဟုတ်တော့ဘဲ၊ ပေါင်းရောယှက်တင် ဖြစ်လာသည်ဟု ထင်သည်။ ဥပမာ- 'ဂိမ်းသီအိုရီ' ဆိုလျှင် သင်္ချာသဘောဆန်ခဲ့ ဘာသာရပ် တစ်ခု ဖြစ်ခဲ့သော်လည်း ယနေ့နိုင်ငံတကာ ဆက်ဆံရေးအတွက် အရေးကြီးသည့် လမ်းညွှန်သဘောတရားတစ်ခု ဖြစ်လာသည်။ ဤသီအိုရီလာ 'သုညမဟုတ်ဂိမ်း' (Non-Zero-Sum Game) ကို အခြေခံ၍ ထိပ်တိုက်စနစ်မှ ညှိနှိုင်း အခြေရှာရေးသို့ လမ်းကြောင်း ပြောင်းလာသည်။ စစ်အေးခေတ်၏ ထိပ်သီးဆွေးနွေးပွဲများ အောင်မြင်ခဲ့သည်မှာ ဂိမ်းသီအိုရီ၏ ကျေးဇူးဟု ဆိုပါသည်။

**ဒုတိယအချက်**မှာ၊ ၁၉ ရာစု ဒဿနပညာရှင် 'ဟီဂဲ(လ်)'၏ အဆို

Copyright (c) www.nldlanorway.com 22/11/2008

တစ်ရပ်နှင့် ဆိုင်သည်။ 'ပီးဂဲ(လ)'က 'နိုင်ငံရေးတွင် ထာဝရမိတ်ဆွေ ထာဝရရန်သူမရှိ၊ ထာဝရအကျိုးစီးပွားသာရှိသည်'ဟု ဆိုခဲ့ဖူးသည်။ သိကြသည့်အတိုင်း၊ တရုတ်နှင့် အမေရိကန်မှာ အိုင်ဒီယိုလိုဂျီအရ တောင်နှင့်မြောက် ဖြစ်သလို၊ ကိုရီးယားစစ်ပွဲကာလက ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော ရန်သူတော်ကြီးများဖြစ်သည်။ နှစ်ပြည်နိုင်သို့ သမ္မတနစ်ဆင် လက်ကမ်းလိုက်ပြီးသော နောက်တွင်မူ ရန်သူဟောင်းနှစ်ဦးမှာ မဟာဗျူဟာ မဟာမိတ်များ ဖြစ်လာကြတော့သည်။ ဤတွင် 'ပီးဂဲ(လ)'ကို အမှတ်ရမိ ဖြစ်လာသည်။

**တတိယအချက်မှာ** သမိုင်းအမြင်နှင့် ပတ်သက်ပါသည်။ စီမံခန့်ခွဲမှုပညာရှင် 'ပီတာဒရပ်ကား'က အင်ဖော်မေးရှင်းတက္ကနိုလိုဂျီနောက်ပိုင်း ဖြစ်ရပ်များမှာ ယခင်ကလို မျဉ်းတန်းသဘော မဆောင်တော့ဘဲ 'အဆက်ပြတ်သွားသောခေတ်' (The Age of Discontinuity) ဟု မိန့်မြွက်ခဲ့သည်။ ဤအထိ လက်ခံနိုင်စရာ ရှိပါသည်။ သို့နှင့်တိုင် ဤသဘောကို ဆွဲယူပြီး သမိုင်းအဆက်ပြတ်ပြီ၊ သမိုင်းမလို၊ သမိုင်းအရေးမပါတော့ဟုဆိုသော အတောက်အယူများကို ဘဝင်မကျလှပါ။ အထူးသဖြင့် မဝေးသေးသော စစ်အေးသမိုင်းနှင့် စစ်အေးလွန်ခေတ်တွင် အဆက်အစပ်များ ရှိနေသည်ဟု ထင်သည်။

စာဖတ်သူမိတ်ဆွေများအနေနှင့် အဆိုပါ အချက်သုံးချက်နှင့် ဆက်စပ်စဉ်းစားပြီး ဖတ်ကြမည်ဆိုလျှင် အထူးကျေးဇူးတင်မိပါလိမ့်မည်။

ကျော်ဝင်း

(၂၁-၁၁-၂၀၀၃)

# TRANSCRIPTS

" နိုင်ငံရေးတွင်
ထာဝရရန်သူ
ထာဝရမိတ်ဆွေ
ဆိုသည်မျိုးမရှိ
ထာဝရအကျိုးစီးပွားသာ
ရှိသည်။ "

ပီးဂဲ(လ)

Copyright (c) www.nldlanorway.com 22/11/2008

# ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများ

## နိဒါန်း

စစ်အေးခေတ်မှာ ထောက်လျှောက် ရန်ဖြစ်နေခဲ့ကြသော ကာလရှည်ကြီးတော့ မဟုတ်ပါ။ အမေရိကန်၊ ဆိုဗီယက်၊ တရုတ် အပြိုင်အင်အားစုများကြား အခါအားလျော်စွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်များ ရှိခဲ့ဖူးပါသည်။ ပြောရလျှင် ဤဆွေးနွေးပွဲများကြောင့်ပင် စစ်အေးမှုစစ်မှ ပြောင်းလဲသွားစေရန် ထိန်းနိုင်သိမ်းနိုင်ခဲ့ခြင်း ဖြစ်နိုင်သည်။ သို့နှင့်တိုင် ဤမျှအရေးပါသော ဆွေးနွေးပွဲများ အကြောင်းကို မည်သည့်ဘက်ကမှ အသေးစိတ် ဖော်ပြခဲ့ခြင်း မရှိခဲ့ပါ။ သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံတော်လျှို့ဝှက်ချက်များ အဖြစ်နှင့်သာ ဖုံးလွှမ်း ပျောက်ကွယ် နေခဲ့ရပါသည်။

"ဟင်နရီ ကစ်ဆင်ဂျား" မှာ အဆိုပါ ဆွေးနွေးပွဲများ ဖြစ်မြောက်စေရန် အားထုတ်ခဲ့ကြသူများထဲတွင် အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ တို့သက် တစ်ခါက ဆွေးနွေးဝိုင်းများတွင် အဓိကပါဝင်ခဲ့ကြသူအများစုမှာ မရှိတော့ပြီဖြစ်ရာ တစ်ဦးတည်းကျန်ရစ်ခဲ့သော ပြောရေးဆိုခွင့် ရှိသူသည် ဖြစ်နေပါသည်။ ယခုအချိန်အထိ သူ၏နောက်ဆုံးစာအုပ် "ကစ်ဆင်ဂျား မှတ်တမ်းများ" (The Kissinger Transcript) ထွက်လာရာ အစဉ်းက ပျောက်လှုံ့နေသော တစ်ချိန်က ထိပ်တန်းလျှို့ဝှက်ချက်များကို အရှင်းအတိုင်း လေ့လာခွင့် ရလာခဲ့ပါသည်။

နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ကို လေ့လာဆည်းပူးနေကြသူများ ခေတ်ပြိုင်သမိုင်းကို စိတ်ဝင်စားသူများ စစ်အေးခေတ် သံခင်းတမန်ခင်းကို လိုက်စားလိုသူများအတွက် 'ရာဇဝင်တွင်ရစ်မယ့်စကားဝိုင်းများ' ကို စုစည်း ဖော်ပြလိုက်ပါသည်။





Copyright (c) www.nldlanorway.com 22/11/2008



အခန်း(၁)

# နှင်းခဲပျော်စ

| | |
|---|---|
| နေ့ရက် | ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက် တနင်္လာနေ့ |
| အချိန် | နေ့လယ် ၂း၅၀ မှ ၃း၅၅ |
| နေရာ | ပီကင်းမြို့တော် ဥက္ကဋ္ဌ မော်စီတုန်းနေအိမ် |
| ပါဝင်သူများ | ဥက္ကဋ္ဌ မော်စီတုန်း၊ ဝန်ကြီးချုပ် ချူအင်လိုင်း၊ သမ္မတ နစ်ဆင် ဟင်နရီကစ်ဆင်ဂျာနှင့် စကားပြန်အမျိုးသမီး နန်စီတန်း |

နစ်ဆင် ■ ဥက္ကဋ္ဌကြီးက စာသိပ်ဖတ်တယ်လို့ သိရတယ်။ ဝန်ကြီးချုပ်ရဲ့ အပြောအရဆိုရင် သူ့ထက်အများကြီး စာပိုဖတ်နိုင်တယ်တဲ့. . .။

မော်စီတုန်း ■ ခုလောလောဆယ်တော့ ဦးနှောက်စားနေပြီ သမ္မတကြီးရေ. . .။ မနေ့က လေယာဉ်ပျံပေါ်မှာ သမ္မတကြီး တင်လိုက်တဲ့ ပြဿနာလေး၊ 'ဒဿနရေးရာ' ဆွေးနွေးကြမယ်ဆို. . . ဟုတ်လား၊

နစ်ဆင် ■ ဒီလိုပါ ဥက္ကဋ္ဌကြီးရယ်၊ ကျွန်တော် ဥက္ကဋ္ဌကြီးရဲ့ ကဗျာတွေကို ဖတ်ဖူးတယ်။ မိန့်ခွန်းတွေကိုလဲ လေ့လာဖူးတယ်လေ. . .၊ ဒီအထဲက ဥက္ကဋ္ဌကြီးဟာ တကယ့်ကို 'ပရော်ဖက်ရှင်နယ် ဒဿနပညာရှင်' ဆိုတာ သိနေခဲ့လို့ပါ။

မော်စီတုန်း ■ (ကစ်ဆင်ဂျာကို ဝေ့ကြည့်ရင်း) ဒီဘက်က ဒေါက်တာ

Copyright (c) www.nldlanorway.com 22/11/2008

က မလော်ဆိုဇီပါမောက္ခနော်. . .။

နစ်ဆင် ■ ဟုတ်ကဲ့ ဒဿနရေးရာမှာ သူကျွမ်းပါတယ်။

ကစ်ဆင်းဂျား ■ ကျွန်တော်ကျောင်းဆရာပါ ဥက္ကဋ္ဌကြီး၊ ဟားဗတ်မှာ ကျွန်တော် စာသင်ပါတယ်။ ကျွန်တော်ကိုင်ရတဲ့ ကာလင်(စ)တွေမှာ ကျွန်တော်ညွှန်းလေ့ရှိတဲ့ စာအုပ်တွေက ဥက္ကဋ္ဌကြီးရဲ့ လက်ရွေးစင်ကျမ်းတွေပါ. . .။

မော်စီတုန်း ■ ကျွန်တော့်စာတွေလား၊ ဘာမှမဟုတ်ပါဘူးဗျား၊ မှတ်လောက် သားလောက်ဆိုလို့ တယ်မရှိလှပါဘူး။

နစ်ဆင် ■ ဒါတော့ ကျွန်တော်လက်မခံဘူး ဥက္ကဋ္ဌကြီး၊ ဒီစာတွေက တိုင်းပြည်ကြီးတစ်ပြည်ကို အကြီးအကျယ် ပြောင်းစေခဲ့ပါတယ်၊ ကမ္ဘာကြီးတစ်ခုလုံးကိုလဲ ကိုင်လှုပ်နိုင်ခဲ့ပါတယ်။

မော်စီတုန်း ■ ဘာမှဟုတ်ဟုတ်ညားညား မပြောင်းနိုင်ခဲ့ပါဘူးဗျား၊ လွန်ရောကျွံရော ပြောရရင် ပီကင်းနဲ့ အနီးတစ်ဝိုက် လောက်သာ၊ အတိုက်အသင့် ပြောင်းနိုင်ခဲ့တာပါ။ ဒီလောက်လေးကိုတောင် ကျွန်တော်တို့ မိတ်ဆွေကြီးက သဘောတူခဲ့တာ မဟုတ်ဘူးဗျ၊ 'ဂျင်နရယ် ချန်ကေရှိတ်'လေ၊ သူက ကျွန်တော်တို့ကို 'ဓားပြ'တွေတဲ့. . .။

နစ်ဆင် ■ ဒီတော့ ဥက္ကဋ္ဌကြီးတို့ကရော သူ့ကို ဘယ်လိုပြန်ခေါ်လဲဗျ။

ချူအင်လိုင်း ■ များသောအားဖြင့် 'ချန်ကေရှိတ်အုပ်စု' လို့ပဲ ခေါ်ပါတယ်။ တစ်ခါတလေတော့လဲ 'ဓားပြ' လို့ခေါ်ခဲ့တာပေါ့၊ အဲ. . . အပြန်အလှန် ဆဲကြတာပေါ့ဗျာ. . .။

မော်စီတုန်း ■ (နစ်ဆင်ကိုကြည့်ရင်း) တကယ်တမ်းပြောရရင် ချန်ကေရှိတ်နဲ့ မိတ်ဆွေဖြစ်ခဲ့တာ ကျွန်တော်တို့က သမ္မတကြီးတို့ထက် ပိုအရင်ကျတယ်နော်. . .။ ပို သံမဏိရှည်တာပေါ့ဗျာ၊ ဟုတ်တိရဲ့လား။

နစ်ဆင် ■ ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး။



မော်စီတုန်း ■ ကိုင်း ထားပါတော့လေ၊ ဒီနေ့စကားဝိုင်းကို ကျွန်တော်တို့ နှစ်ယောက်တည်း အပိုင်စီးထားလို့ကတော့ မသင့်လျော်ပေဘူးဗျ၊ ဒဿနဆွေးနွေးပွဲ ပိုမြင့်သွားအောင် ဒေါက်တာကစ်ဆင်းဂျားကို အလှည့်ပေးကြရအောင်လား. . .။

ကစ်ဆင်းဂျား ■ တကယ်တော့ ကျွန်တော်က သံတမန်တစ်ယောက်ပါ၊ ပေါ်လစီကိုင်ပြီး လမ်းညွှန်ခဲ့တာက သမ္မတကြီးပါ။

နစ်ဆင် ■ (ရယ်ရယ်မောမောနှင့်) အဲဒါ သူ့ရဲ့'ခံပယ်လိုပေါ်ဆီ'လေ. . .။
(မော်စီတုန်းနှင့် ချူအင်လိုင်းတို့ပါ ရယ်ကြသည်)

မော်စီတုန်း ■ တကယ့်ကို အားကိုးလောက်ပါတယ်ဗျား

နစ်ဆင် ■ (ကစ်ဆင်းဂျားကို မေးဆတ်ပြရင်း) သူ့ကိုကြည့်လေ၊ လျှို့ဝှက် တာဝန်နဲ့ လှုပ်ရှားနေသူလို့ ဘယ်သူထင်မလဲ. . .။ အဲ မိန်းမချောလေး နှစ်ယောက်တာ လွဲလို့ပေါ့. . .။

(ဝန်ကြီးချုပ် ချူအင်လိုင်းက တက်တက်ပက်ပက် ရယ်ပါသည်။ ကစ်ဆင်းဂျား၏ ခရီးစဉ်များတွင် မိန်းမငယ်လေး နှစ်ယောက် အမြဲလိုပါတတ်သည်ကို နစ်ဆင်က ဟာသလုပ်လိုက်ခြင်း ဖြစ်ပါသည်။)

ကစ်ဆင်းဂျား ■ သူတို့လဲ ဘာမှမသိပါဘူး သမ္မတကြီးရယ်။ လူတွေ မရိပ်မိအောင် ဒီကလေးမတွေနဲ့ ဟန်ဆောင်ပြတာပါ။

မော်စီတုန်း ■ (နစ်ဆင်ကိုကြည့်ရင်း) ဒါဖြင့် ခင်ဗျားကလေးမလေး တွေက အတော်အသုံးဝင်တာပေါ့နော်. . .။

နစ်ဆင် ■ ဟိုးဟိုး. . . ဥက္ကဋ္ဌကြီး၊ ကျွန်တော့် ကလေးမလေးတွေ မဟုတ်ဘူးဗျာ၊ သူ့ ကောင်မလေးတွေပါ၊ ကျွန်တော်သာ ဆိုရင် သင်းတို့လေးတွေနဲ့ ချောက်ကျကုန်မှာပေါ့။

ချူအင်လိုင်း ■ (အားရပါးရရယ်ရင်း) အထူးသဖြင့် ရွေးကောက်ပွဲ ကာလတွေမှာပေါ့နော်. . . သမ္မတကြီး. . .။
(နစ်ဆင်နှင့် ကစ်ဆင်းဂျားတို့ပါ လိုက်ရယ်ကြသည်။)

Copyright (c) www.nldlanorway.com 22/11/2008

ချွေအင်လိုင်း ■ ဒေါက်တာက အမေရိကားမှာမွေးတာ မဟုတ်တော့ သမ္မတရွေးကောက်ပွဲဝင်လို့ မရဘူးပေါ့နော်။

တစ်ဆင်းဗျား ■ ဟုတ်တယ်ဗျ။ (အမေရိကန်မွေး တရုတ်အမျိုးသမီး စကားပြန် နန့်စီတန်အတ်ဆိုလှည့်ပြီး) မစ္စတန် ဆိုရင်တော့ သမ္မတလောင်း ဖြစ်နိုင်တယ်။

မော်စီတုန်း ■ ဟာ မလုပ်နဲ့ မလုပ်နဲ့၊ သူသာဆိုရင် ခင်ဗျားတို့အတွက် အန္တရာယ်ကြီးလိမ့်မယ်။
(အားလုံးရယ်ကြသည်။)

မော်စီတုန်း ■ တမှန်အတိုင်း ဝန်ခံရရင်၊ ကျွန်တော်က အစကတည်းက သမ္မတကြီးနဲ့ ဘက်သားဗျ၊ ခင်ဗျားတို့ရွေးကောက်ပွဲတုန်းက ကျွန်တော်သာ မဲပေးခွင့်ရရင် သမ္မတကြီးကို ရွေးမှာပဲ၊ တကယ်ပြောတာ။

နစ်ဆင် ■ (ရယ်လျက်) သခင့်နှစ်ကောင်ထဲက ရွေးရတာ ဆိုတော့ အမွေးသိပ်မရှည်တဲ့ သခင့်ကို ရွေးတဲ့သဘောပေါ့နော်. . .၊

မော်စီတုန်း ■ ဟုတ်တယ်၊ သမ္မတကြီးပြောတဲ့အတိုင်း၊ ကွက်တိပဲ၊ ခင်ဗျားတို့ နိုင်ငံရေးမှာ ကျွန်တော်က လက်ဝဲကို မကြိုက်ဘူး။ လက်ယာကို ပိုကြိုက်တယ်၊ အမေရိကမှာဆိုရင်၊ ခင်ဗျားတို့ ရီပတ်ပလီကင်၊ ဗြိတိန်မှာဆိုရင် ခရစ္စယာန် ဒီမိုကရက်ပေါ့။ နိုင်ငံယှဉ်လိုက်ရင် လက်ယာသမားတွေ အာဏာရတာ ကျွန်တော်ပိုကြိုက်တယ်။

နစ်ဆင် ■ အမေရိကန်မှာတော့ လက်ဝဲသမားတွေက ကျွန်တော့်ကို ပိုင်းတွယ်နေကြတယ်ဗျ၊ ဥက္ကဋ္ဌကြီးတို့ဆီ ကျွန်တော်လက်ကမ်းလိုက်တာကိုလဲ သူတို့က မကြိုက်ကြဘူး။

တစ်ဆင်းဗျား ■ ဒါက ဒီလိုရှိပါတယ်၊ လက်ဝဲတွေက ဆိုဗီယက်လိုလား သူတွေရှိလား၊ ဒီတော့. . တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ဆီးစပ်တဲ့ ပေါ်လစီမျိုးကို ဘဝင်မကျနိုင်ဘူးလေ။ ဒီအခြေအနေမှာ သမ္မတကြီးကို ဝေဖန်နေကြတာပါ။

Copyright (c) www.nldlanorway.com



မော်စီတုန်း ■ ဟုတ်တယ်၊ ဒေါက်တာပြောတာ ကွက်တိပဲ။ ကျွန်တော်တို့ဆီမှာလဲ ခင်ဗျားတို့နဲ့ နီးမှာကို မလိုလားတဲ့ အုပ်စုတွေရှိတယ်၊ လေယာဉ်ပျံနဲ့ ထွက်ပြေးကြတဲ့ ဟိုစုကြားမှာပါ။
(၁၉၇၁ ခုနှစ်က၊ ဆိုဗီယက်သို့ ထွက်ပြေးရင်း လေယာဉ်ပျက်ကျ သေဆုံးခဲ့သူ လင်ပြောင်အုပ်စုကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။)

ချွေအင်လိုင်း ■ ဒီကိစ္စတွေ သမ္မတကြီးတို့ သိပြီးသားဖြစ်မှာပါ။

မော်စီတုန်း ■ အမေရိကန် ထောက်လှမ်းရေးအစီအရင်ခံစာတွေက တိကျ တတ်ပါတယ်၊ နာမည်ကြီးပဲ. . .။ (အားလုံးရယ်လိုက်ကြပြန်သည်) နောက်တစ်ခုက ဂျပန်. . .၊ ဆိုဗီယက်ယူနီယံအတွက်တော့ သူတို့ဟာ အတိတ်ကို ပြန်တူးဖော်ချင်ကြသလို ဖြစ်ချင်ဖြစ်နေမယ်၊ ခုထိတော့ ဘာမှမပြောသေးပါဘူး။

ချွေအင်လိုင်း ■ အပြင်မှန်ကိုလိုင်းယားကိစ္စကို ပြောတာပါ။

နစ်ဆင် ■ ကျွန်တော်တို့မှာလဲ၊ ဒီလိုပြဿနာမျိုးတွေရှိတယ်ဗျ၊ မကြာခင်ကမှ ဖြစ်ခဲ့တဲ့ အန်ဂျယ ပါကစ္စတန် အကျပ်အတည်းမျိုးပေါ့. . .၊ အမေရိကန်လက်ဝဲတွေက ကျွန်တော့်ကို အကြီးအကျယ်ဝေဖန် ကြတာပေါ့ဗျာ၊ ကိန္ဒိယကို မထောက်ခံရကောင်းလားပေါ့လေ၊ တကယ်တော့ သူတို့ဝေဖန်ကြတာ အကြောင်းနှစ်ခုကြောင့်ပါ။ သူတို့က အန္ဒိယလိုလားသူတွေလေ. . .၊ ပြီးတော့ ဆိုဗီယက် လိုလားသူတွေ. . .၊ ကျွန်တော်ကတော့ ကိုယ့်မူနဲ့ ကိုယ်ပဲသွားပါတယ်။ အမှား-အမှန်ကို သမိုင်းက အဆုံးအဖြတ်ပေးမှာပေါ့ဗျာ။ ဟုတ်ဘူးလား. . .။

မော်စီတုန်း ■ ကျွန်တော်တနေနဲ့ အကြံပေးရမယ်ဆိုရင် သမ္မတကြီးတို့ ထုတ်ပြန်ကြေညာတာတွေ သိပ်များ-များနေမလား

22/11/2008

လို့၊ ကျွန်တော်တို့ ဒီမှာ ပြောကြ၊ ဆိုကြတာတွေ ကျွန်တော်တို့ရဲ့ ဒသသန စကားဝိုင်းကိုရော်ဗျား အသေးစိတ် သတင်းထုတ်ပြန်လိုက်ရင်. . သင့်လျော်ပါ့မလား၊ သမ္မတကြီး ဘယ်လိုယူဆပါသလဲ. . .။

**နစ်ဆင်** ■ ဒါကိုတော့ စိတ်ချပါ ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့ ဒီမှာ ပြောကြ ဆိုကြတာတွေရော ဝန်ကြီးချုပ်နဲ့ ကျွန်တော်နဲ့ ဆွေးနွေးခဲ့ကြတာတွေရော. . . အခန်းထဲက မထွက်စေရပါဘူး၊ ထိပ်သီးအဆင့် ဆွေးနွေးပွဲဆိုတာ ဒီလိုပဲ လုပ်ရတာမဟုတ်လား။

**မော်စီတုန်း** ■ ကောင်းပါတယ်။

**နစ်ဆင်** ■ ဥပမာဆိုပါတော့ဗျား၊ ကျွန်တော် စိတ်ကူးထားတဲ့ အတိုင်း ပြောရရင်၊ ပထမ ဝန်ကြီးချုပ်နဲ့ဆွေးနွေးမယ်၊ ပြီးမှ ဥက္ကဋ္ဌကြီးနဲ့တွေ့မယ်၊ တိုင်ဝမ်တို့ ဗီယက်နမ်တို့ ကိုရီးယားတို့လို ပြဿနာမျိုးတွေ ဆွေးနွေးကြဖို့ မျှော်လင့်ပါတယ်။

ပြီးတော့ နောက်ထပ်စိတ်လှုပ်ရှားစရာ ကိစ္စတွေလဲ သဘောထား ဖလှယ်ချင်ပါသေးတယ်၊ ဂျပန်ရဲ့ အနာဂတ်တို့ အိန္ဒိယရဲ့ အခန်းကဏ္ဍတို့ အမေရိကန် ဆိုဗီယက် ဆက်ဆံရေးရဲ့ ရှေ့အလားအလာတို့ပေါ့၊ ကမ္ဘာကြီးရဲ့ တစ်ခုလုံး ရှုမ်းပုံကားချပ်ကို မြင်နိုင်မှ၊ အဓိက ပုံဖော်မယ့် အင်အားစုတွေကို သိပါမှ၊ လတ်တလော အရေးကြီးတဲ့ ပြဿနာတွေမှာ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်မှာ မဟုတ်လား. . .။ ဥက္ကဋ္ဌကြီးရော. . . ဘယ်လို ယူဆပါသလဲ ခင်ဗျား၊

**မော်စီတုန်း** ■ အတော်ဦးနှောက်စားရမယ့် ပြဿနာတွေပဲဗျား၊ ကျွန်တော့်အနေနဲ့ကတော့ အဲသလောက် လေးလေးပင်ပင် ကြီးတွေ မပြောချင်လှဘူး၊ ကျွန်တော်တို့ စကားဝိုင်းဟာ ဒဿနနယ်ပယ်ထဲမှာ ရှိတာက ပိုကောင်းမယ်



ထင်တာပဲ။

**နစ်ဆင်** ■ ဒီလိုရှိပါတယ် ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲကို နိုင်ငံအများစုက ကြိုဆိုကြမှာပါ၊ ဒါပေမဲ့ ဆိုဗီယက်တွေကတော့ ကြိုဆိုသူထဲမှာပါမှာ မဟုတ်ဘူး၊ အိန္ဒိယ ကလဲ ဒီအတိုင်းဖြစ်ဖို့ များတယ်၊ ဂျပန်ကတော့ သံသယနဲ့ စောင့်ကြည့်လိမ့်မယ်ထင်တယ်၊ ဒီလို ဘာကြောင့် ဖြစ်ရမလဲဆိုတာကိုလဲ ကျွန်တော်တို့ စိစစ်ကြည့်သင့်တယ်၊ လတ်တလော ပြဿနာတွေ အရေးကြီးသလို ကမ္ဘာကြီးတစ်ခုလုံးနဲ့ ရင်ဆိုင်ရတဲ့ အဓိကကျမယ်ထင်ပါတယ်၊ ဒါမှလဲ ကျွန်တော်တို့ ပေါ်လစီတွေကို ချိန်ညှိနိုင်မှာပေါ့. . .။

**မော်စီတုန်း** ■ သမ္မတကြီးပြောတာ သဘောကျပါတယ်။

**နစ်ဆင်** ■ ဟောဒီအခန်းထဲမှာကိုပဲ ကျွန်တော်တို့ဘာသာ မေးခွန်းထုတ်ပြီး ဆန်းစစ်ကြည့်သင့်တဲ့ မေးခွန်းတွေ အများကြီးပါ၊ ဥပမာ-ဆိုဗီယက်တွေဟာ အနောက်ဥရောပနယ်စပ်မှာထက် တရုတ်နယ်စပ်မှာ ဘာကြောင့် တပ်တွေ ပိုချထားတာလဲ၊ ဂျပန်ရဲ့ အနာဂတ်ဟာ ဘယ်လိုဖြစ်မလဲ၊ ဂျပန်မှာ ကိုယ်ပိုင်တာတွေမရေ အင်အားမရှိတာ ကောင်းလား-ဆိုးလား. . .။ အမေရိကန်ထီးရိ[illegible]တက်မှာရှိတာ ကောင်းလား ကြားနေတာ ကောင်းလား၊ လက်ရှိနိုင်ငံတကာ အခင်းအကျင်းမှာ သိပ်ကောင်းလှတဲ့ ရွေးစရာတော့ မရှိဘူးထင်တယ်၊ သေချာတာကို ပြောရရင်. . ၊ ကျွန်တော်တို့ ကွက်လပ်ချန်လို့ မဖြစ်ဘူး၊ ကျွန်တော်တို့ မဝင်ရင်၊ သူတို့ ဝင်ကြမှာပဲ၊ ဒီနေရာမှာ ဝန်ကြီးချုပ် ချူ ပြောတဲ့ သဘောထားကို ကျွန်တော် ထောက်ခံတယ်၊ အမေရိကန်ရော ဆိုဗီယက်ရော လက်တံရှည်ရှည်နဲ့ အမြှင်တန်နေကြတဲ့ အချိန်မှာ တရုတ်ပြည်အတွက် ဘယ်သူက ပိုအန္တရာယ်

Copyright (c) www.nldlanorway.com 22/11/2008

ပေးနိုင်လဲဆိုတာ ကြည့်ရမယ်-ဆိုတဲ့စကားပါ။
ကျွန်တော့်အမြင်ပြောရရင် ဒါတွေအားလုံးဟာ ဒဿန နယ်ပယ်မှာ အကျုံးဝင်တယ်လို့ထင်ပါတယ်။ ဦးနှောက်စားစရာ ပြဿနာတွေဆိုတာလဲ အမှန်ပါပဲ. . .။ ဒါပေမဲ့ ကျွန်တော်တို့ ဆွေးနွေးကို ဆွေးနွေးမှုဖြစ်မယ် ထင်တယ်။

မော်စီတုန်း ■ (ရယ်ရယ်မောမောဖြင့်) ကဲ. . .ကဲ သမ္မတကြီးရဲ့ ဒဿန နယ်ပယ်ထဲက၊ ကျွန်တော် ရုန်းမထွက်တော့ပါဘူးဗျာ။
(အားလုံး ရယ်ကြသည်။)
လောလောဆယ် အခြေအနေမှာတော့ အမေရိကန် ကျူးကျော်မှုဆိုတာရော၊ တရုတ်ကျူးကျော်မှု ဆိုတာရော ပြောလောက်အောင် ဘာမှမရှိပါဘူး။ ဒီကိစ္စဟာ အဓိကပြဿနာ မဟုတ်ဘူးလို့ ပြောနိုင်မယ် ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့၊ လောလောဆယ် ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ စစ်ဖြစ်နေတဲ့ အခြေအနေမျိုးမှ မဟုတ်တာ။ သမ္မတကြီးတို့အနေနဲ့ ကိုယ့်တပ်တွေကို ကိုယ့်မြေဆီ ပြန်ရုတ်ချင်လဲ ရုတ်ချင်မှာပေါ့။ ကျွန်တော်တို့တပ်တွေကတော့ ဘယ်နိုင်ငံခြားမှာမှ မရှိဘူးလေ။ ကျွန်တော်တို့ နှစ်နိုင်ငံကြား အနေအထားက တစ်နည်းပြောရရင် ထူးခြားတယ်လို့လဲ ဆိုနိုင်မယ် ထင်တယ်။ လွန်ခဲ့တဲ့ ၂၂နှစ်အတွင်း ကျွန်တော်တို့ချင်း တစ်ခါမှ သဘောထားအမြင်ချင်း မဖလှယ်ဖူးဘူးလေ။ ခုဆိုရင် ပင်ပေါင်ဒီပလိုမေစီ စခဲ့တာ ဆယ်လတောင် မပြည့်သေးပါဘူး။ ဒါပေမဲ့ သမ္မတကြီးတို့ရဲ့ သဘောထားကို ထင်မြင်ခဲ့တဲ့အချိန်က ရေတွက်ရင်တော့ ၂ နှစ် မရှိတရှိပေါ့လေ။ ဒီကိစ္စတွေကို ရင်ဆိုင်ဖို့ ကျွန်တော်တို့ဘက်မှာလဲ ချိန်ကရစ်ကို ဖြတ်ရ



တာပါပဲ။ ဥပမာ- သမ္မတကြီးတို့ဘက်က မူရှိလ်ရေ ဆက်ဆံမှု ထူထောင်တာမျိုး လိုလားချင်လိုလားမယ်၊ ဥပမာ- ကုန်သွယ်ရေးကိစ္စမျိုး လိုပေါ့။ ဒါပေမဲ့ ကျွန်တော်တို့မှာကျတော့ ဒီလို မဆုံးဖြတ်နိုင်ပြန်ဘူး။ အဓိကပြဿနာတွေမှာ ဘာမှ မဖြေရှင်းရသေးတဲ့ ဘာဖြေလျှော့မှု လုပ်လို့မရဘူး ဖြစ်နေတယ်။ ကျွန်တော်ကိုယ်တိုင်က ဒီလိုပဲ ရှုနေတာကိုး၊ နောက်တော့မှ သမ္မတကြီးတို့ပြောတာ မှန်တယ်လို့ မြင်လာပြီ ပင်ပေါင်ကစားခဲ့တာပေါ့ဗျာ။ ဒီကိစ္စဟာလဲ သမ္မတကြီး လက်ထက်ရောက်မှ အကောင်အထည် ပေါ်လာတာပါ။
အခုရင် ပါကစ္စတန်သမ္မတဟောင်းက သမ္မတကြီးနဲ့ ကျွန်တော်တို့ကို မိတ်ဆက်ပေးခဲ့တာပေါ့နော်။ သူ စကမ်းလှမ်းတုန်းကတော့ ကျွန်တော်တို့ သံအမတ်ကြီးက ငြင်းခဲ့တာဗျ။ သမ္မတဂျွန်ဆင်နဲ့ သမ္မတနစ်ဆင်ကို နှိုင်းယှဉ် စဉ်းစားဆင့်တယ်လို့ သူက သဘောထား ပေးခဲ့တယ်လေ။ ဒီတော့ ပါကစ္စတန်သမ္မတကြီးက သူတို့နှစ်ယောက်ကို နှိုင်းယှဉ်လို့ မဖြစ်နိုင်ဘူးလို့ တုံ့ပြန်ခဲ့ပါတယ်။ တစ်ယောက်က လူဆိုးဂိုဏ်းဝင်နဲ့တူတယ်လို့ ပြောပါတယ်။ သူ ပြောတဲ့သူက သမ္မတဂျွန်ဆင်ပါ။ သူ ဒီလိုအမြင်ချက်မျိုး ဘယ်လိုရလာတယ်ဆိုတာတော့ ကျွန်တော် မသိဘူးပေါ့ဗျာ။ ကျွန်တော်တို့ဘက်က အမြင်ကို ပြောရရင်တော့ ထရူးမင်းကနေ ဂျွန်ဆင်အထိ ဘယ်သူ့ကိုမှ အထင်မကြီးခဲ့ပါဘူး။ ဘယ် သမ္မတနဲ့မှ ကျွန်တော်တို့ မပေါင်းခဲ့ပါဘူး။

ချူအင်လိုင်း ■ အဓိကပြောချင်တာကတော့ 'ဂျွန်ဖော်စတာ ဒါးလက်(စ) ပေါ်လစီ' ပေါ့ဗျာ။

မော်စီတုန်း ■ (ချူအင်လိုင်းနှင့် ကစ်ဆင်းဂျားကိုကြည့်၍) သူတို့နှစ်ယောက်၊ ဒီကိစ္စကို ဆွေးနွေးပြီးကြပြီ ထင်ပါရဲ့။

Copyright (c) www.nldlanorway.com 22/11/2008

နစ်ဆင် ■ ဒီနှစ်ပေါင်းကတော့ အချင်းချင်းလက်ဆွဲ နှုတ်ဆက်ကြပါတယ်ဗျား (အားလုံးရယ်လိုက်ကြသည်။)

(ဂျနီဗာ ဆွေးနွေးပွဲကာလအတွင်းက ချူအင်လိုင်းနှင့် ဒါးလက်(စ) တို့ တော်ရစ်ဒါ တစ်ခုတွင် ဆုံခဲ့ဖူးသည်။ ချူအင်လိုင်းက လက်ကမ်းပေးရာ ဒါးလက်(စ)က နှုတ်ဆက်ဘဲ လက်နောက်ပစ်ပြီး ရှောင်သွားဖူးသည်။ ဤကိစ္စကို သမ္မတနစ်ဆင်က ရည်ညွှန်းပြီး ဟာသလုပ်ခြင်းဖြစ်ပါသည်။)

မော်စီတုန်း ■ (ကစ်ဆင်းဂျားဘက်သို့ လှည့်ပြီး) ဒေါက်တာမှာလဲ ပြောစရာရှိလိမ့်မယ် ထင်ပါတယ်။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့. . . အရင်တုန်းကနဲ့စာရင် အခြေအနေဟာ အကြီးအကျယ် ပြောင်းသွားပြီလို့ ထင်ပါတယ် ဥက္ကဋ္ဌကြီး။ ဟိုတုန်းကတော့ ဆိုရှယ်လစ်တို့ ကွန်မြူနစ်တို့ ဆိုရင် အတူတူလို့ ထင်ခဲ့ကြတာကလား။ တရုတ်တော်လှန်ရေးရဲ့ သဘာဝဟာ တခြားဆိုရှယ်လစ်တော်လှန်ရေးတွေနဲ့ မတူပါလားဆိုတာ. . . ကျွန်တော်တို့ သဘောပေါက်ခဲ့တာ ဘာမှမကြာသေးပါဘူး။ ပြောရရင် သမ္မတကြီး လက်ထက်ရောက်မှ ဒါကို စဉ်းစားမိတာပါ။

နစ်ဆင် ■ ဥက္ကဋ္ဌကြီးတို့ကို ကျွန်တော့်ဘက်က ဝန်ခံစရာလဲ ရှိပါတယ်။ နှစ်အတော်ကြာကတည်းက ရှိခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ပတ်သက်တဲ့ ကျွန်တော့်သဘောထားပါ။ ဥက္ကဋ္ဌကြီးတို့ ဝန်ကြီးချုပ်တို့နဲ့ ဘာတစ်ခုမှ သဘောတူနိုင်စရာမရှိဘူးပေါ့။ ဒီအနေအထားကနေ ကျွန်တော်တို့ကို ခုလို မျက်နှာချင်းဆိုင်စေလိုက်တာကတော့ ကျွန်တော်တို့နားလည်ချက်တွေ ပြောင်းသွားလို့ ဖြစ်မယ်ထင်ပါတယ်။ အရေးကြီးတာက ပြည်တွင်းနိုင်ငံရေးအယူအဆ မဟုတ်ဘူးလေ၊ တကယ် အရေးကြီးတာက ကမ္ဘာကြီးနဲ့ ပတ်သက်တဲ့ ပေါ်လစီရှိလား။



ဒီအထိုင်ပေါ်က စဉ်းစားလိုက်တော့၊ ကျွန်တော်တို့မှာ တူညီချက်တွေရှိလာသလို ဘုံအကျိုးစီးပွားတွေလဲ ရှိလာပါတယ်။

မှိုမှိုသားသားနဲ့ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကျွန်တော်တို့မှာ အမြင်မတူတာတွေ ရှိတာပေါ့ဗျား။ ဒီကိစ္စတွေကိုလဲ ဝန်ကြီးချုပ်နဲ့ ဒေါက်တာကစ်ဆင်းဂျားတို့ အတော်အတန် ဆွေးနွေးပြီးလောက်ပါပြီ။ အရေးကြီးတာက ကျွန်တော်တို့ချင်း အပြန်အလှန် ယုံကြည်ဖို့ပါ။ တရုတ်ပြည်ဟာ အမေရိကန် ပိုင်နက်နယ်ပယ်ကို မခြိမ်းခြောက်ဘူးဆိုတာ ကျွန်တော်တို့ ယုံသလို အမေရိကန်ကလဲ တရုတ်ပိုင်နက်ကို မထိပါဘူး ဆိုတာ ဥက္ကဋ္ဌကြီးတို့ သိမှာပါ။ တရုတ်ပြည်အနေနဲ့ အမေရိကန်ကို လွှမ်းမိုးဖို့ မကြိုးစားဘူးဆိုတာလဲ ကျွန်တော်တို့သိပါတယ်။ အမေရိကန်အနေနဲ့လဲ ကမ္ဘာကြီးကို လွှမ်းမိုးဖို့ မကြိုးစားပါဘူး။ ဒါကိုတော့ ဥက္ကဋ္ဌကြီးတို့ ယုံပါမလား မသိဘူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ နှစ်နိုင်ငံအနေနဲ့ ကိုယ့်မြေပေါ်မှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အကောင်းဆုံး ဖန်တီးတည်ဆောက်ဖို့ ကမ္ဘာ့အခြေအနေတစ်ခုကိုတော့ ကျွန်တော်တို့ လက်တွဲ တည်ဆောက်နိုင်ပါလိမ့်မယ်။

မော်စီတုန်း ■ ဂျပန်ကိုရော တောင်ကိုရီးယားကိုရော ကျွန်တော်တို့ မခြိမ်းခြောက်ပါဘူး။

နစ်ဆင် ■ ဘယ်တိုင်းပြည်ကိုမဆိုပဲ ဥက္ကဋ္ဌကြီး၊ ဟုတ်တယ်မို့လား။

မော်စီတုန်း ■ (ချူအင်လိုင်းသို့ နာရီလှည့်ပြရင်း) ကိုင်း၊ ဒီနေ့အဖို့တော့ တော်လောက်ပြီထင်ပါရဲ့။

နစ်ဆင် ■ ဟုတ်ကဲ့၊ နောက်ဆုံးအနေနဲ့ စကားနည်းနည်းတော့ ပြောပါရစေ။ ဥက္ကဋ္ဌကြီးရော ဝန်ကြီးချုပ်ရော ကျွန်တော်တို့ကို ခုလိုလက်ခံ တွေ့ဆုံခဲ့တာ ကြီးကျယ်တဲ့ ဂုဏ်ယူမှု

Copyright (c) www.nldlanorway.com 22/11/2008

ဆိုတာ၊ ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော်တို့တက်တာလဲ ခုလိုလာရောက် တွေ့ဆုံဖို့ဆိုတာ အတော်ကို ခက်ခဲတဲ့ ဆုံးဖြတ်ချက်ပါ။ ဒါပေမဲ့ ဥက္ကဋ္ဌကြီးရဲ့ ကြေညာချက်ကိုဖတ်ပြီးတာနဲ့ပဲ ကျွန်တော် ယုံယုံကြည်ကြည် ဆုံးဖြတ်လိုက်ပါတယ်။ ဒီပုဂ္ဂိုလ်ကြီးဟာ မြန် အခွင့်အလမ်းတစ်ခု ပေါ်လာပြီဆိုတာနဲ့ ချက်ချင်း မြင်နိုင်စွမ်းပြီး ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်တဲ့သူ ဖြစ်လိမ့်မယ်ဆိုတာ တွက်မိလို့ပါပဲ။

ဝန်ကြီးချုပ်ကိုလဲ ကျွန်တော် ရင်းရင်းနှီးနှီး ပြောစရာရှိပါတယ်။ ဝန်ကြီးချုပ် ကျွန်တော်ကို သိမှာ မဟုတ်ပါဘူး။ ကိုယ်မသိတဲ့ လူတစ်ယောက်ကို အပြည့်အဝ မယုံကြည်နိုင်တာ သဘာဝကျပါတယ်။ ကျွန်တော်တို့ ရင်းရင်းနှီးနှီး ဆက်ဆံရင်းနဲ့ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိလာကြမှာပါ။ ကျွန်တော်ဟာ ကိုယ် မလုပ်နိုင်တာကို ဘယ်တော့မှ မပြောပါဘူး။ ဖြစ်နိုင်ရင် ပြောတာထက်ကို ပိုလုပ်ပြချင်သူပါ။ ကျွန်တော်တို့ရင်း ပွင့်ပွင့်လင်းလင်းပြောကြ ဆိုကြတာပေါ့။

မော်စီတုန်း ■ ဒါတိုင်း အစည်းအဝေးတစ်ခု ပြီးပြီဆိုတာနဲ့ ကျွန်တော်တို့က စကားလုံးအမြောက်အမြားတွေဖောက်လုပ်နေကြတယ်ဗျာ။ "တစ်ကမ္ဘာလုံးညီညွတ်ကြ၊ နယ်ချဲ့စနစ်၊ ပြန်လည်ပြင်ဆင်ရေးဝါဒနဲ့ ဖောက်ပြန်ရေးသမားအားလုံး ကျဆုံးပါစေ၊ ဆိုရှယ်လစ်စနစ် အဓွန့်ရှည်ပါစေ" စသဖြင့်ပေါ့ဗျာ။

(အားလုံးရယ်လိုက်ကြသည်။)

နစ်ဆင် ■ (ရယ်ရယ်မောမောဖြင့်) ကျွန်တော်တို့လို ဖောက်ပြန်ရေးသမား ခေါင်းဆောင်တွေကျဆုံးပါစေပေါ့နော်၊ ဥက္ကဋ္ဌကြီး။

မော်စီတုန်း ■ အင်း၊ လူပုဂ္ဂိုလ်အနေနဲ့ဆိုရင်တော့၊ ကျွန်တော်တို့ ဖြုတ်ချရမယ့်သူထဲမှာ သမ္မတကြီး မပါနိုင်ပါဘူး။



ပေါက်တာရောပေါ့။ ဒါ-ခင်ဗျားတို့ကိုမှ ဖြုတ်ချမယ်ဆိုရင်လဲ ကျွန်တော်တို့မှာ ပေါင်းစရာ မိတ်ဆွေ မရှိတော့ဘူးလေ။

နစ်ဆင် ■ ဥက္ကဋ္ဌကြီးကို ခုလို ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် တွေ့ရတာ သိပ်ဝမ်းသာတယ်။

မော်စီတုန်း ■ တကယ်တော့၊ ကျန်းမာရေးက သိပ်မဟန်ချင်ဘူးဗျ။ အခုဟာ ဟန်ဆောင်နေတာ။

(အားလုံးရယ်ရယ်မောမောနှင့် နှုတ်ဆက်ခွဲခွာ ခဲ့ကြသည်။)

♦ ♦ ♦ ♦ ♦

Copyright (c) www.nldlanorway.com 22/11/2008



အခန်း(၂)

# ရန်သူဟောင်းနှစ်ယောက်

| | |
|---|---|
| နေ့ရက် | ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက် စနေနေ့ မှ ဖေဖော်ဝါရီလ ၁၈ ရက် တနင်္ဂနွေနေ့အထိ |
| အချိန် | ည ၁၁း၃၀ မှ နံနက် ၁း၂၀ |
| နေရာ | ပီကင်းမြို့တော် ဥက္ကဋ္ဌ မော်စီတုန်း၏နေအိမ် |
| ပါဝင်သူများ | ဥက္ကဋ္ဌမော်စီတုန်း၊ ဝန်ကြီးချုပ်ချူအင်လိုင်း၊ ဟင်နရီကစ်ဆင်ဂျား၊ ဝင်စတန်လော့(ဒ်)နှင့် စကားပြန်အမျိုးသမီးနှစ်ဦး။ |

မော်စီတုန်း ■ ကျွန်တော့ကျန်းမာရေး အခြေအနေက အဆိုးကြီး မဟုတ်ပေမယ့်၊ ဘုရားသခင် ကတော့ ဖိတ်စာပို့လိုက်ပြီဗျ။ (အမျိုးသား လုံခြုံရေးကောင်စီအရာရှိ ဝင်စတန်လော့(ဒ်)ကိုလှမ်းကြည့်ပြီး) ဒီက မိတ်ဆွေကတော့ လူငယ်လေးပဲ ရှိသေးတယ်နော်။

ဝင်စတန်လော့(ဒ်) ■ အိုစတော့ ပြုလာပါပြီ ဥက္ကဋ္ဌကြီးရယ်။

မော်စီတုန်း ■ အင်း . ဒီအုပ်စုထဲမှာ အအိုဆုံးက ကျွန်တော်ပေါ့နော်။

ချူအင်လိုင်း ■ ကျွန်တော်က ဒုတိယအအိုဆုံး။

(အားလုံး ရယ်လိုက်ကြသည်။)

မော်စီတုန်း ■ ခင်ဗျားတို့နဲ့ စကားပြောရတော့ ဖီးမာရှယ်မောင်ဂိုမာရီကို သတိရတယ်ဗျား။ ၁၉၆၀ က တစ်ကြိမ် ၁၉၆၁ မှာ တစ်ကြိမ်၊ သူ တရုတ်ပြည်ကို နှစ်ခါလာဖူးတယ်ဗျ။

Copyright (c) www.nldlanorway.com 22/11/2008

သူက ခင်ဗျားတို့ ပေါ်လစီကို ဆန့်ကျင်ခဲ့တယ်နော်။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်။

မော်စီတုန်း ■ သူက 'ရွှန်ဖော်ဝေါဒ ဝါဒသက်(စ) ပေါ်လစီ'ကို ဆန့်ကျင်ခဲ့တာပါ။ နောက်ဆုံးတော့ ဒေါက်တာကို သူဆန့်ကျင်မှာ မဟုတ်တော့ပါဘူး။ အဲဒီတုန်းကတော့ ခင်ဗျားတို့တတွေလဲ ကျွန်တော်တို့ကို ဆန့်ကျင်ခဲ့တာပေါ့လေ။ အပြန်အလှန်ပါပဲ။ ကျွန်တော်တို့ကလဲ ခင်ဗျားတို့ကို ဆန့်ကျင်ခဲ့တာပါ။ အင်း. . . ပြောရရင် ရန်သူတွေပေါ့နော်. . .။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ 'ရန်သူဟောင်း'ဆိုရင် ပိုသင့်မြတ်မယ် ထင်ပါတယ် ဥက္ကဋ္ဌကြီး။

မော်စီတုန်း ■ ခုတော့ ကျွန်တော်တို့ကြား ဆက်ဆံရေးကို 'မိတ်ဆွေ' လို့ ပြောနိုင်လောက်ပါပြီ။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး၊ ကျွန်တော် ဝန်ကြီးချုပ်ကိုတောင် ပြောခဲ့ပါသေးတယ်၊ ဘယ်နိုင်ငံခေါင်းဆောင်နဲ့မှ ဥက္ကဋ္ဌကြီး တို့နှစ်ယောက်နဲ့လို ပွင့်ပွင့်လင်းလင်း မဆွေးနွေးဖူးဘူးလို့၊ ဒါဟာ ကျွန်တော်တို့ဘက်က စိတ်ရင်းအမှန်ပါ။

မော်စီတုန်း ■ ဟုတ်ပြီ၊ အငွေ့အငိုက် အကွေ့အပတ်တွေ မပါဘဲ တဲ့တိုးပဲ ပြောကြဆိုကြတာပေါ့။ တကယ်တော့ လှည့်တယ် ပတ်တယ်ဆိုတာ ဘယ်အသုံးမဝင်လှပါဘူးဗျာ၊ ကျွန်တော် ခင်ဗျားတို့ အမေရိကန် သတင်းထောက်များတာ အကြောင်းကိုတောင် ပြောခဲ့ဖူးသေးတယ်၊ စီတိုင်အေ သတင်းတွေဟာ ရေလည်ကြောင်ပတ်နဲ့ မစွံဘူးလို့။

ကစ်ဆင်းဂျား ■ ကျွန်တော် လုံးဝကို သဘောတူပါတယ်။ ဥက္ကဋ္ဌကြီး ပြောတဲ့အတိုင်း တကယ်ဖြစ်ခဲ့တာပါ။

မော်စီတုန်း ■ ဥပမာ- ခင်ဗျားတို့ သမ္မတကြီးက ပြဿနာတစ်ခုခုနဲ့

Copyright (c) www.nldlanorway.com



ပတ်သက်လို့ သတင်းရရှိတယ်ဆိုပါတော့၊ ဒီတော့ စီအိုင်အေ က အစိုးရဝါဒလေးတွေနဲ့ ဘိုင်းဆိုင်းတင်ပြ မှာပဲလို့မယ်။ မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့လဲ ဒီအတိုင်းပါပဲ။ ဒီလူတွေ ဟန်ရေးသာပြနေတာ၊ တကယ်အလုပ် မလုပ်ကြဘူး။ လင်းပြောင်ကိစ္စ သူတို့ မသိဘူးလေ။ ခင်ဗျားတို့က ကျွန်တော်တို့ဆီ လက်ကမ်း ချင်နေတာကိုလဲ သူတို့ မရိပ်မိကြဘူး။

(ဤနေရာတွင် ဝန်ကြီးချုပ် ချူအင်လိုင်းက ဟက်ဟက် ပက်ပက် ရယ်ပါသည်။)

မော်စီတုန်း ■ ဒေါက်တာကတော့ တကယ်အလုပ်လုပ်တဲ့သူပါ။ တစ်ကမ္ဘာလုံး လှုန်းမှုံ့လိုဝဲနေတာပဲလေ။ ဒါနဲ့ မေးရဦးမယ်. . .၊ ဒေါက်တာကို မှူလွှာလို့ခေါ်ရင် ကောင်းမလား ကျိုးကြွလို့ ပြောရင် ဖြစ်မလား. . .။

(အားလုံးရယ်လိုက်ကြပြန်သည်။)

ကစ်ဆင်းဂျား ■ အခုလေလောလောဆယ်မှာတော့ တည်ငြိမ်တဲ့ အခြေအနေတစ်ခုဆီ ဦးတည်ပြီးသန်းနေရတဲ့ ကူးပြောင်းရေးကာလလို့ပဲ ဆိုနိုင်မယ် ထင်ပါရဲ့။

မော်စီတုန်း ■ (ခေါင်းတညိတ်ညိတ်နှင့်) ဟုတ်တယ်. . . ကူးပြောင်းရေးကာလ. . .။ ဒေါက်တာ့စကားက ကွက်တိပဲ။

ကစ်ဆင်းဂျား ■ အခြေခံပြဿနာ တော်တော်များများကိုတော့ ဖြေရှင်းပြီးခဲ့ပြီလို့ ဆိုနိုင်လောက်မယ်ထင်ပါတယ်။ ကျွန်တော်တို့ နှစ်ဖက်လုံး တူညီတဲ့အန္တရာယ်ကို ရင်ဆိုင်နေကြရတာမို့လား။ တစ်ခါတလေမှာ ကျွန်တော်တို့အသုံးပြုတဲ့ နည်းလမ်းတွေ ကွဲလွဲကောင်း ကွဲလွဲနိုင်ပေမယ့် ရည်မှန်းချက်ကတော့ တစ်ခုတည်းပါ။

မော်စီတုန်း ■ ကောင်းတာပေါ့။ ရည်မှန်းချက်တစ်ခုတည်း ဖြစ်နေသရွေ့ ကျွန်တော်တို့ကလဲ ခင်ဗျားတို့ကို ထိခိုက်စေမှာ မဟုတ်သလို ခင်ဗျားတို့ကလဲ ကျွန်တော်တို့ကို ဘာ

22/11/2008

ပြဿနာမှ ဖြစ်နေမှာ မဟုတ်တော့ဘူး။ ကျွန်တော်တို့ချင်း လက်တွဲပြီး ဖောက်ပြန်နေသူသားတွေကို အတူ ရင်ဆိုင်ကြတာပေါ့။ ဟုတ်ဘူးလား. . .။

(အားလုံး ရယ်လိုက်ကြသည်)

တကယ်တမ်းပြောကြတော့မယ်ဆိုရင်တော့ တစ်ခါ တစ်ခါမှာ ကျွန်တော်တို့က ခင်ဗျားတို့ကို ဝေဖန်တာရှိသလို ကျွန်တော်တို့ကိုလဲ ခင်ဗျားတို့က ဝေဖန်တာရှိမှာပဲ။ ခင်ဗျားတို့ သမ္မတကြီးပြောသလို၊ အိုင်ဒီယိုလိုဂျီ ပြဿနာချင်းက မတူကြဘူးရှိလား။ 'ကွန်မြူနစ်တွေနဲ့ ပေးဝေနေ'လို့ ခင်ဗျားတို့က ပြောတယ်။ ကျွန်တော်တို့ကလဲ 'နယ်ချဲ့သမားတွေနဲ့ ပေါင်းနေ'လို့ ပြောကြတာပဲ။ ကျွန်တော်တို့နှစ်ဖက်လုံး ဒီလိုဖြစ်ခဲ့ကြတာရှိလား။

ကစ်ဆင်းဂျား ■ ကျွန်တော့်အထင်ပြောရရင် ကိုယ့်အခြေခံမူအပေါ် ကိုယ် သစ္စာရှိရမှာပေါ့နော်။ တကယ်လို့သာ ကျွန်တော်တို့ချင်း ဘာသာစကားတူနေရင်၊ အခြေအနေဟာ ဒီ့ပြင်တော့တောင် ရှုပ်ထွေးလိမ့်မယ်ထင်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ခန့်ငြိုချွင်ကိုတောင် ပြောခဲ့ပါသေးတယ်။ ဥရောပမှာဆိုရင် တရုတ်ပြည်အနေနဲ့က ပိုပြီး ခိုင်ခိုင်မာမာ ပြောလို့ရတယ်။ ကိုယ့်မူနဲ့ကိုယ်ကိုး။ ကျွန်တော်တို့ကျတော့ မူချင်းကတူနေတော့ အဲသလောက် ပြတ်ပြတ်သားသား မရပ်နိုင်ဘူး ဖြစ်နေတယ်။ ထူးဆန်းတယ်လို့ ဆိုရမလားပဲ။

မော်စီတုန်း ■ ခင်ဗျားတို့အနေနဲ့ ဥရောပနဲ့ ဂျပန်မှာ အမြန်အလျှင် ပူးပေါင်း ဆောင်ရွက်ကြစေချင်ပါတယ်။ ရန်ဖြစ်တယ်၊ ငြင်းခုံရတယ် ဆိုတာ တစ်ခါတစ်ရံ ကောင်းတယ်ဗျ။ အခြေခံအရတော့ ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ချင်း တစ်ခါတစ်ရံမှာ အပြန်အလှန် ဝေဖန်ကြတယ်ဆိုပေမယ့် ကျွန်တော်တို့ကတော့ ဥရော



ကြီးတို့နဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာပါ။ တရုတ်ပြည် ပိုင်းယမ်နေ ပေါ်လစီထဲမှာ ကျွန်တော်တို့ ဘယ်တော့မှ မပါဘူး။ ဒါကိုတော့ စိတ်ချလက်ချ ပြောခဲ့ပါတယ်။ ဥရောပနဲ့ ဂျပန်မှာလဲ အရေးကြီးတဲ့ကိစ္စတိုင်း ပူးပေါင်း ဆောင်ရွက်နိုင်လိုတယ်ဆိုတာ သဘောတူပါတယ်။ လောလောဆယ်မှာတော့ ဥရောပခေါင်းဆောင်တွေဟာ အားနည်းနေသလားပဲ။

မော်စီတုန်း ■ သူတို့အချင်းချင်းကလဲ ညီညွတ်မှု သိပ်မရှိကြဘူး နော်. . .။ ဘယ်နှယ့်လဲ. . .။

ကစ်ဆင်းဂျား ■ ဟုတ်တယ်။ ညီညွတ်မှုမရှိကြသလို ရေရှည်အမြင်မှာလဲ ချို့တဲ့တယ်လို့ထင်တာပဲ။ အန္တရာယ်တစ်ခုခုနဲ့ ရင်ဆိုင်ရပြီဆိုရင် ဒီအန္တရာယ်က ဘာမှအားမထုတ်ဘဲ အလိုလို ပျောက်သွားလိမ့်မယ်လို့ မျှော်လင့်နေကြဟန် တူပါရဲ့။

ချူအင်လိုင်း ■ (မော်စီတုန်းသို့) ကျွန်တော် ဒေါက်တာကစ်ဆင်းဂျားကို ပြင်သစ်ကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်အနေနဲ့ ပွန်ပီဒိုကို ကူညီသင့်တယ်လို့ ပြောခဲ့တယ် ဥက္ကဋ္ဌကြီး။
(ပွန်ပီဒိုမှာ ပြင်သစ်မှ ဗဟိုလက်ယာဝါဒီ နိုင်ငံရေး ခေါင်းဆောင် ဖြစ်သည်။)

မော်စီတုန်း ■ ဟုတ်တယ်။ ကူညီသင့်တယ်။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့လဲ တတ်နိုင်သလောက် ကြိုးစားနေပါတယ်။ ဆက်ပြီးတော့လဲ ကြိုးပမ်းသွားမှာပါ။

မော်စီတုန်း ■ အခု ပွန်ပီဒိုကို ဆန့်ကျင်နေတာ ဆိုရှယ်လစ်ပါတီနဲ့ ကွန်မြူနစ်ပါတီရှိလား။

ကစ်ဆင်းဂျား ■ ဟုတ်တယ်၊ သူတို့က တပ်ပေါင်းစုဖွဲ့ထားကြတာ။

မော်စီတုန်း ■ ဆိုဗီယက်ယူနီယံကတော့ ကွန်မြူနစ်တွေကို အာဏာ ရစေချင်မှာပေါ့။ ကျွန်တော်ကတော့ ပြင်သစ် ကွန်မြူနစ်ပါတီကို မကြိုက်ဘူးဗျ၊ အမေရိကန် ကွန်မြူနစ်ပါတီ

Copyright (c) www.nldlanorway.com 22/11/2008

ကိုလဲ မကြိုက်ဘူး။ အဲ-ခင်ဗျားတို့တော့ သဘောကျ တယ်။ ခင်ဗျားတို့ ကွန်မြူနစ်ပါတီကိုတော့ မကြိုက်ဘူး။

(ရယ်သံများ. . . ။)

သမိုင်းအရပြောမယ်ဆိုရင်၊ အနောက်မှာ ပေါ်လစီ တစ်ခု ရှိမယ်ထင်တယ်။ ကမ္ဘာစစ်ကြီး နှစ်ခုလုံးကိုပဲ ကြည့်လေ။ ရုရှားကိုတိုက်ဖို့ ဂျာမနီကို ထွန်းထွန်း တိုက်တိုက်လုပ်တဲ့ ပေါ်လစီပေါ့. . ။ မဟုတ်ဘူးလား။

ကစ်ဆင်းဂျား ■ ဒါပေမဲ့ တရုတ်ကိုတိုက်ဖို့ ရုရှားကို တိုက်တွန်းတာတော့ ကျွန်တော်တို့ ပေါ်လစီ မဟုတ်ဘူးနော်။ ဒါကလဲ အကြောင်းရှိပါတယ်။ တရုတ်ပြည်စစ်ပွဲက ဥရောပ စစ်ပွဲလိုပဲ ကျွန်တော်တို့အတွက် အန္တရာယ်ကြီးတာကိုး။

မော်စီတုန်း ■ ကျွန်တော်သိသလောက်က တစ်ခုပဲရှိသေးသလား။ အနောက် ဥရောပတစ်ခုလုံးက ရုရှားကို အရှေ့ဘက် တွန်းပို့နေသ လားလို့။ အဓိက ကတော့ ကျွန်တော်တို့နဲ့ ဂျပန်ကို ဆန့်ကျင်ဖို့ပေါ့လေ။ အဲ ပစိဖိတ်နဲ့ ဟိန္ဒူ သမုဒ္ဒရာမှာ ဆိုရင် ခင်ဗျားတို့နဲ့ ထိပ်တိုက် တွေ့စေချင်တာလဲ ဖြစ် နိုင်တယ်။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ကတော့ ဒီပေါ်လစီကို မထောက်ခံပါဘူး။ ဂျာမနီမှာဆိုရင် ဒီပေါ်လစီကို သဘောမတွေ့တဲ့ အတိုက် အခံကို ပိုသဘောကျတယ်။

(ဥက္ကဋ္ဌမော်စီတုန်းက အမေရိကန်ဧည့်သည်နှစ်ယောက် ကို စီးကရက်နှင့် ဧည့်ခံပြီး သူကိုယ်တိုင်လည်း စီးက ရက်တစ်လိပ် မီးညှိလိုက်သည်။ အမေရိကန်များက ယဉ်ကျေးစွာ ငြင်းကြပါသည်။)

မော်စီတုန်း ■ ဒီနေရာမှာလဲ ကျွန်တော်တို့ချင်း အမြင်တူတယ်ဗျ။ ကျွန်တော်လဲ ဂျာမနီအတိုက်အခံပါတီကို ပိုကြိုက် တယ်။ နောက်တစ်ခု ပြောရဦးမယ်။ ဥရောပတစ်တိုက် လုံးက ငြိမ်းချမ်းရေးအကြောင်းပဲ တွေးနေကြသလားလို့။



ချူအင်လိုင်း ■ သူတို့ခေါင်းဆောင်တွေက မနီတီးလားတဲ့ ငြိမ်းချမ်းရေး စိတ်ကူးယဉ်မှုတွေ ဖြစ်မှာပေါ့။

ကစ်ဆင်းဂျား ■ ဝန်ကြီးချုပ်ပြောတဲ့ အတိုင်းပါပဲ။ ကျွန်တော်တို့ကတော့ ဥရောပကာကွယ်ရေးကို တောင့်တင်းအောင် ဆက် ကြိုးပမ်းသွားမှာပါ။ ဥရောပတပ်တွေကိုလဲ ဆက်ထားဦး မှာပါ။

မော်စီတုန်း ■ ကောင်းပါတယ်။ ဒါ လိုသလိုအပ်ပါတယ်။

ကစ်ဆင်းဂျား ■ လာမယ့်လေးနှစ်လောက်အတွင်းတော့ ဥရောပတပ် အင်အားကို သိသိသာသာ လျှော့ချဖို့ အစီအစဉ် မရှိပါဘူး။

(ဤနေရာအရောက်တွင် မော်စီတုန်းက ချူအင်လိုင်း ကို ကြည့်လိုက်သည်။)

ချူအင်လိုင်း ■ ဒါဖြင့်ရင် ဒေါက်တာတို့ပြောတဲ့ တပ်ရုပ်သိမ်းရေးဆိုတာ လွန်ရောကျွံရော ၁၀%၊ ၁၅% လောက်ပဲ ရည်ရွယ် တာပေါ့။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်။ အတိအကျပါပဲ။

မော်စီတုန်း ■ ဥရောပမှာ အမေရိကန်တပ်အင်အား ဘယ်လောက် ရှိမလဲ။ အတော်တော့ များမယ်ထင်တယ်နော်။

ချူအင်လိုင်း ■ မြေထဲပင်လယ်ပါထည့်တွက်ရင် ၃၅၀,၀၀၀ လောက် ရှိမယ် ထင်တယ်။

မော်စီတုန်း ■ အဲဒီထဲမှာ ရေတပ်မပါဘူးလား။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ရေတပ်မပါ ပါဘူး။ ဥရောပ အလယ်ပိုင်းမှာ ကိုပဲ ၂၇၅,၀၀၀ လောက်ရှိတယ်။ ဒီထဲမှာ မြေထဲပင်လယ် က အမှတ်(၆)ရေတပ် မပါဘူး။

မော်စီတုန်း ■ အာရှပစိဖိတ်ဒေသမှာကော ခင်ဗျားတို့တပ်တွေ မြန် ကျဲ နေသလားလို့။ ကိုရီးယားမှာဆိုရင် ၃၀၀,၀၀၀ လောက်ရှိမယ် ထင်တယ်။ ဟုတ်ရဲ့လား။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ ၄၀၀,၀၀၀ လောက်ရှိပါတယ်။

Copyright (c) www.nldlanorway.com 22/11/2008

မော်စီတုန်း ■ ချန်ကေရှိတ်ဆီမှာ ၈,၀၀၀ ကနေ ၉,၀၀၀ပေါ့။

ချူအင်လိုင်း ■ ထိုင်ဝမ်မှာပြောတာပါ။

မော်စီတုန်း ■ ဂျပန်မှာလဲ စစ်စခန်းနှစ်ခုရှိသေးတယ်နော်။ ပြီးတော့ ဖိလစ်ပိုင်မှာရော. . .။ ဗီယက်နမ်မှာလဲ ၁၀,၀၀၀ ဝန်းကျင်တော့ ကျန်ဦးမယ်ထင်တယ်။

ကစ်ဆင်းဂျား ■ ဒါတွေကတော့ ရုပ်သိမ်းမှာပါ။

မော်စီတုန်း ■ ထိုင်းမှာလဲ ၄၀,၀၀၀ လောက်ရှိသေးဆို၊ ကြားတာပဲလေ။

ကစ်ဆင်းဂျား ■ ဥက္ကဋ္ဌကြီးတို့ပြောတာတွေ အများစုဟာ၊ လေတပ်စခန်းတွေပါ။ တပ်အင်အားလို့တော့ အတိအကျ ရေတွက်ရမယ် မထင်ပါဘူး။

မော်စီတုန်း ■ မြေပြင်တပ်တွေလဲ ရှိတယ်မို့လား။ ဥပမာ-တောင်ကိုရီးယား မှာပေါ့။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ တောင်ကိုရီးယားမှာ မြေပြင်တပ် တချို့ ရှိပါတယ်။

မော်စီတုန်း ■ အင်း ဒါတွေဟာ ထရူးမင်းနဲ့ အာချီဆင် ကစခဲ့တာ ပေါ့လေ။ ခုတော့ ခင်ဗျားတို့က ထရူးမင်း အောက်မေ့ ဘွယ် အခမ်းအနားတွေ ကျင်းပနေကြပြီပေါ့နော်။ ကျွန်တော်တို့ကတော့ မတက်ဘူးဗျ။
(ရယ်သံများ. . .။)

ကစ်ဆင်းဂျား ■ ဝါရှင်တန်မှာ ဆက်ဆံရေးရုံးဖွင့်ပြီးရင်တော့ တက်ချင် လဲ တက်ဖြစ်မှာပါ။

ချူအင်လိုင်း ■ ခင်ဗျားတို့ရဲ့ အောက်မေ့ဘွယ်အခမ်းအနားတွေကလဲ ထရူးမင်းတို့ ဂျွန်ဆင်တို့အတွက်ပဲနော်။ (မော်စီတုန်းနှင့် ချူအင်လိုင်းတို့ ရယ်လိုက်ကြသည်။)
ဒါနဲ့ ဒီနေ့ ဒေါက်တာ့အသံ အက်တက်တက်ဖြစ်နေ သလားလို့။ နက်ဖြန်တစ်ရက်တော့ နားဖို့ လိုမယ်ထင်



တယ်နော်။ မာရသွန်ဆွေးနွေးပွဲတွေ တောက်လျှောက် ဆိုတော့ ပန်းနေမှာပေါ့။

ကစ်ဆင်းဂျား ■ နားလို့မဖြစ်သေးပါဘူးဗျာ။ လုပ်စရာတွေက အများကြီး ရှိလား။

မော်စီတုန်း ■ အင်း ဂျပန်နဲ့လဲ ဒေါက်တာတို့ အချိန်ပေးဆွေးနွေးရ ကောင်းမယ်။ အခု ဒီကိုလာရင်း တစ်ရက်ပဲ အချိန်ပေး ခဲ့တာ ဆိုတော့ လုံလောက်မယ်မထင်ဘူး။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ အခုခရီးစဉ်က ပီကင်းအတွက် အဓိက ရည် ရွယ်တာနဲ့ပါ။ တိုကျိုကိုလဲ အပြန်ခရီးတစ်ခေါက် လာဦး မှာပါ။

မော်စီတုန်း ■ အော် ဒီလိုလား။ ကောင်းပါတယ်။ ဒေါက်တာလဲ သိတဲ့ အတိုင်းပဲလေ၊ ဆိုဗီယက်နဲ့ ပတ်သက်ရင် ဂျပန်ဘက် က စိုးရိမ်မှုက သိပ်ကောင်းလှတာမဟုတ်ဘူး။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ ဂျပန်တွေရဲ့ စိတ်ထဲမှာ ဝေဝေဝါး ဖြစ်နေ ကြမယ် ထင်ပါရဲ့။

မော်စီတုန်း ■ ခုတလောတချို့စစ်အတွင်းက ဂျပန်ဝန်ကြီးချုပ် တာနာ ကာက ကျွန်တော်တို့ဝန်ကြီးချုပ်ကို ပြောခဲ့တာ ရှိတယ် ဗျ။ ဆိုဗီယက်ရဲ့ လုပ်ရပ်နဲ့ပတ်သက်လို့ပါ။ ကုလားထိုင် ပေါ် မတ်တပ်ရပ်၊ ထုပ်တန်းကို ကြိုးချည်ပြီး ကိုယ့် ကိုယ်ကို ကြိုးဆွဲချဖို့လုပ်နေတဲ့ လူတစ်ယောက်ကို မြင်ရင်၊ ကုလားထိုင်ကို ဆွဲချသလိုမျိုးပဲတဲ့။

ကစ်ဆင်းဂျား ■ ဟုတ်လား။ အတော်ကောင်းတဲ့ ဥပမာပဲ။

မော်စီတုန်း ■ အင်း သူတို့ (ဆိုဗီယက်)ဘက်က သေနတ်တစ်ချက်မှ မဖောက်ဘူးလို့တော့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သူတို့ လှမ်းဆုပ်ထားတာတွေက အများကြီးဗျ၊ မွန်ဂိုလီးယား သမ္မတနိုင်ငံ ရှိတယ်ဗျာ။ ပြီးတော့ မန်ချူးရီးယား ပြီးတော့ ကူရိုင်းကျွန်း။ ဘယ်လို ပြောရမလဲ ဩဇာခံ နယ်ပယ်လို့ ပြောရမလား။

Copyright (c) www.nldlanorway.com 22/11/2008

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ကတော့ ဂျပန်နဲ့ ရင်းရင်းနှီးနှီး ဆက်ဆံသွားမှာပါ။ ဂျပန်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုလည်း ဆက်ဆံရေး ကောင်းစေချင်ပါတယ်။

မော်စီတုန်း ■ ကျွန်တော်တို့ သဘောကတော့ ဂျပန်ကို ဆိုဗီယက်ထက် ခင်ဗျားတို့နဲ့ ဆက်ဆံရေး ပိုကောင်းစေချင်တာပေါ့။ ဒါက ပိုကောင်းမယ်ထင်တယ်။ ဟုတ်ရဲ့လား။

ကစ်ဆင်းဂျား ■ တကယ်လို့သာ ဂျပန်နဲ့ ဆိုဗီယက်ကြားမှာ နိုင်ငံရေးအရ ထိန်းကပ်ဆက်ဆံမှုတွေ ရှိလာရင် အန္တရာယ် အတော်ကြီးလိမ့်မယ်ထင်တယ် ဥက္ကဋ္ဌကြီး။

မော်စီတုန်း ■ အဲဒီလို ဖြစ်ကော ဖြစ်နိုင်လို့လား။ ကျွန်တော်တော့ သိပ်မထင်လှပါဘူး။

ချူအင်လိုင်း ■ အလားအလာတော့ သိပ်မကောင်းပါဘူး။

ကစ်ဆင်းဂျား ■ ဆိုဗီယက်ဘက်က ကမ်းလှမ်းတာတွေတော့ ရှိတယ်။ ဒါပေမဲ့ ဂျပန်ဘက်ကတော့ ဘာမှ မတုံ့ပြန်ပါဘူး။ ဂျပန် နိုင်ငံခြားရေးဝန်ကြီး (မသာယိုရှိ အိုဟီရာ)ကို တောင် မော်စကို ကို ဖိတ်ခဲ့သေးတာပဲ။

ချူအင်လိုင်း ■ ဟုတ်တယ်။ ဒီနှစ် မြောက်ပိုင်းကျော့ကျော့လောက် ဖြစ်မယ်ထင်တယ်။

ကစ်ဆင်းဂျား ■ ဒီနှစ်ထဲမှာပဲ။

ချူအင်လိုင်း ■ ဆိုဗီယက်နဲ့ ပတ်သက်ရင် အိုဟီရာ ဟာ တခြား ဂျပန် ခေါင်းဆောင်တွေထက် အမြင်ရှင်းမယ် ထင်ပါတယ်။ ဒါပေမဲ့ သူ့လို ရှင်းရှင်းလင်းလင်း မမြင်ကြတဲ့သူတွေလဲ ရှိနိုင်တယ်။

ကစ်ဆင်းဂျား ■ ဟုတ်တယ်။ ဝန်ကြီးချုပ်ပြောတာ ကျွန်တော် ထောက်ခံတယ်။

ချူအင်လိုင်း ■ ပြီးတော့ ဒေါက်တာပြောသလို ချွန်ကာရေစီလဲ ရှိသေးတယ်။

ကစ်ဆင်းဂျား ■ ဒီကိစ္စနဲ့ ပတ်သက်လို့ ဝန်ကြီးချုပ်တို့နဲ့ သတင်းအချက်



အလက်ချင်း ဖလှယ်ကြဖို့ ကျွန်တော်တို့ မြင်ဆင်နေပါတယ်။

ချူအင်လိုင်း ■ (မော်စီတုန်းဘက်သို့လှည့်၍) ပီကင်းနဲ့ ဝါရှင်တန်မှာ ဆက်ဆံရေးရုံးတွေဖွင့်ဖို့အပြင် ဟောင်ဟွာနဲ့ အိမ်ဖြူတော်ကြားမှာ ဆက်ဆံရေးလမ်းကြောင်းတစ်ခု ဖွင့်ထားဖို့လဲ ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ်။

မော်စီတုန်း ■ (ချူအင်လိုင်းဘက်သို့လှည့်၍) ဘယ်လိုတာဝန်ခွဲထားလဲ။

ချူအင်လိုင်း ■ ဆက်ဆံရေးရုံးက နှစ်နိုင်ငံလူထုကြား ဆက်ဆံရေးကို အဓိက တာဝန်ယူပါမယ်။ အရေးကြီးတဲ့ ပေါ်လစီကိစ္စတွေကိုတော့ သံအမတ်ကြီး ဟောင်ဟွာ က တစ်ဆင့် သွားမယ်။

မော်စီတုန်း ■ အင်း ဟောင်ဟွာလဲ ကံမကောင်းရှာဘူး။ အမေရိကန်မှာတော့ သူ့အကောင်းဆုံး အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ရှန်ဟိုင်း ပြန်ရောက်တော့ သူ့ကျန်းမာရေးက ဖောက်လာတာ။ ခါးရက်သွားတယ် ဆိုလားပဲ။

ကစ်ဆင်းဂျား ■ သူပြန်ရောက်ရင် သူ့အတွက် ဆရာဝန်တစ်ယောက် ရှာပေးထားပါမယ်။

မော်စီတုန်း ■ အဲ ဒေါက်တာအခြေအနေလဲ သိပ်မဟန်ဘူးဆိုတဲ့ ကောလာဟလတွေ ကြားနေရတယ်ဗျ။ ဒီသတင်းကြောင့် ဒီကအမျိုးသမီးတွေ (ဘာသာပြန်အမျိုးသမီးများကို လက်ညှိုးညွှန်ပြီး) အတော်စိတ်မကောင်း ဖြစ်နေကြတာ။ ဒေါက်တာသာမရှိရင် သူတို့လဲ အလုပ်ပြုတ်တော့မယ်ပေါ့လေ။

(အားလုံးရယ်လိုက်ကြသည်။)

ကစ်ဆင်းဂျား ■ တနယ်ဝင်းသမားတွေရဲ့ ခန့်မှန်းချက်ပါ ဥက္ကဋ္ဌကြီးရယ်။

မော်စီတုန်း ■ ခန့်မှန်းချက်သက်သက်ပဲလား။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်။ ဘာမှအခြေအမြစ်မရှိပါဘူး။ တကယ်က သူတို့ခန့်မှန်းတာနဲ့ ပြောင်းပြန်ပါ။ အဓိက နေရာ

Copyright (c) www.nldlanorway.com 22/11/2008

တိုင်းမှာ ကျွန်တော်တို့လူတွေရှိနေပါတယ်။
(ထိုစဉ်က အမေရိကန်အစိုးရ အတွင်းပိုင်းတွင် ဖြစ်ပေါ်နေသော အာဏာကြိုင်မှုများကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပါသည်။)

**မော်စီတုန်း** ■ သမ္မတကြီးရဲ့ စကားအတိုင်းပြောရရင်၊ ဒေါက်တာကစဉ်ကြားခဲ့ရဲ့ တိုင်းပြည်ကြီးကို တရုတ်ပြည်ကနေ အမေရိကန်ပြည်ထောင်စုဆီရွှေ့ဖို့ အဆိုပြုတယ်ဆို။ ကုန်သွယ်ရေးအတားအဆီးတွေကို ပြောတာလား။

**တစ်ဆင်းရှား** ■ ကျွန်တော်တို့ တကယ်လိုချင်တာက အတားအဆီးတွေလျှော့ချဖို့ပါ။

**မော်စီတုန်း** ■ ဟုတ်ရဲ့လား။ ဥရောပနဲ့ ဂျပန်ကို လက်တွဲဖြစ်ဖို့ အနွန်အကောက်ရော အခွန်အကောက်မဟုတ်တဲ့ တံတိုင်းတွေကိုပါ ဖြိုဖို့လုပ်တာလားလို့။

**တစ်ဆင်းရှား** ■ ကျွန်တော်တို့ကြိုးပမ်းနေတာက ကွန်ဂရက်အတည်ပြုချက် မလိုဘဲ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်တဲ့ ကုန်သွယ်ရေး ပေါ်လစီတစ်ခု ချနိုင်ဖို့ပါ ဥက္ကဋ္ဌကြီး။
(ထိုစဉ်က နစ်ဆင်အစိုးရမှ ကွန်ဂရက်သို့ တင်ပြခဲ့သည့် ကုန်သွယ်ရေးပေါ်လစီကို ဆိုလိုပါသည်။ ကုန်သွယ်ရေးကိစ္စများတွင် အစိုးရက လုပ်ပိုင်ခွင့်အပြည့်ရစေရန် အဆိုပြုခြင်း ဖြစ်သည်။)

**မော်စီတုန်း** ■ လောလောဆယ် ကျွန်တော်တို့နှစ်နိုင်ငံကြား ကုန်သွယ်ရေးကတော့ သိပ်အားရစရာ မရှိလှသေးဘူးနော်။ တိုးတက်မှု နှေးလွန်းသလားလို့။ ဒေါက်တာသိတဲ့အတိုင်း ကျွန်တော်တို့ တရုတ်ပြည်ဆိုတာကလဲ ဆင်းရဲတဲ့ နိုင်ငံလေး။ ကျွန်တော်တို့ မှာ ပိုပိုလျှံလျှံဆိုလို့ အမျိုးသမီးတွေပဲ ရှိတာကလား။
(အားလုံးအားရပါးရ ရယ်လိုက်ကြသည်။)

**တစ်ဆင်းရှား** ■ ဒီကုန်စည်အတွက် အခွန်လဲ မကောက်ပါဘူး၊ 'ကိုတာ'



(quotas)လဲ သတ်မှတ်မထားပါဘူးဗျာ။ လုံးဝ တံခါးဖွင့်ထားပါတယ်။
(ရယ်သံများ)

**မော်စီတုန်း** ■ အမေရိကန်ပြည်ထောင်စုက အလိုရှိတယ်ဆိုရင်၊ ကျွန်တော်တို့အနည်းအကျဉ်း ခွဲပေးနိုင်ပါတယ်။ တစ်သောင်းလောက်ပေါ့။ (ဘယ်နှယ့်လဲ)။
(ရယ်သံများ)

**ချူအင်လိုင်း** ■ စေတနာ့ဝန်ထမ်း ပေးမှာပါ။ အားမနာပါနဲ့။
(ရယ်သံများ)

**မော်စီတုန်း** ■ သူတို့ကိုသာ လက်ခံလိုက်ရင်၊ စီးပွားရေးဗဟိုဌာနကို ဖြစ်ချင် ဖြစ်သွားနိုင်တယ်။ ကျွန်တော်တို့ဘက်ကတော့ ဝန်ထုပ်ဝန်ပိုးကို ကူထမ်းပေးတာမို့ ကျေးဇူးတောင်တင်ရဦးမယ်။
(ရယ်သံများ)

**တစ်ဆင်းရှား** ■ တရုတ်ပြည်နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ ကုန်သွယ်ရေးပေါ်လစီက အရောင်းအဝယ်သဘောတာက အဓိကမဟုတ်ပါဘူး။ နိုင်ငံရေးအရ ဆက်ဆံမှုကို ဖွံ့ကောင်းစေချင်တာက အဓိကပါ။

**မော်စီတုန်း** ■ ကျွန်တော် တစ်ခါတုန်းက နိုင်ငံခြားမိတ်ဆွေတစ်ယောက်နဲ့ ခုလိုဆွေးနွေးဖူးတယ်။ ကျွန်တော်တို့ ပြောင်ညီမျှဦးတစ်ကြောင်း ဆွဲသင့်သလားလို့။ အမေရိကန်ရယ်၊ ဂျပန်ရယ်၊ ပါကစ္စတန်ရယ် (ဤနေရာ အရောက်တွင် မော်စီတုန်းမှာ စကားမဆက်နိုင်လောက်အောင် ချောင်းအဆက်မပြတ် ဆိုးနေသည်။) အဲ. . . ပြီးတော့ တူရကီရယ်၊ ဥရောပရယ် ပေါ့. . .။

**တစ်ဆင်းရှား** ■ ဟာ၊ အဲဒီလိုစဉ်းစားချက်မျိုး ကျွန်တော်တို့မှာလဲ ရှိတယ်ဗျာ။ ဥက္ကဋ္ဌကြီးတို့လဲ သတင်းစာထဲမှာ ဖတ်မိမှာပါ။ မစ္စတာဟာမ်းကို ဆီရန့်ပို့လိုက်တဲ့ ကိစ္စလေး

Copyright (c) www.nldlanorway.com 22/11/2008

ဒါနဲ့ပတ်သက်ပြီး ကျွန်တော့် အနေအထားတောင် ဟန်ချပ်မလားဆိုပြီး ခန့်မှန်းကြတာတွေ ရှိခဲ့သေးတယ်။ (မစ္စတာဟယ်မ်မှာ စီအိုင်အေ ဒါရိုက်တာဟောင်း ဖြစ်ပါသည်။ ဝါးတားဂိတ်ကိစ္စတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်ငြင်းခဲ့သဖြင့် သမ္မတနစ်ဆင်က အလုပ်ဖြုတ်ပစ်ခဲ့ပြီး အီရန်သို့ သံအမတ်ကြီးအဖြစ် စေလွှတ်ခဲ့သူ ဖြစ်သည်။)

မော်စီတုန်း ■ ကျွန်တော်တို့ကြားပါတယ်။ ဒေါက်တာ့စကားကို ဆက်ပါဦး။

ကစ်ဆင်းဂျား ■ တကယ်တော့ သူ့ကို အီရန်လွှတ်ခဲ့တာ အကြောင်းရှိပါတယ်။ တူရကီ၊ အီရန်နဲ့ ပါရှန်ပင်လယ်ကွေ့ကို အာရုံစိုက်နိုင်ဖို့ပါ။ ကျွန်တော်တို့ သူ့အတွေ့အကြုံကို အားကိုးတယ်လေ။ ပြီးတော့ ဒီလိုရှုပ်ထွေးတဲ့ နေရာမျိုးမှာ သူလိုစိတ်ချရတဲ့လူကို ထားချင်တာလဲပါတယ်။ တရားဝင် ကြေညာမထားပေမယ့် အဲဒီနိုင်ငံတွေနဲ့ပတ်သက်ရင် သူ့ကို လုပ်ပိုင်ခွင့်အပြည့် ပေးထားပါတယ်။ ဥက္ကဋ္ဌကြီး ပြောသလို ချိန်ခွင်ညီမျှမှု ဆွဲကြည့်တာပါ။

မော်စီတုန်း ■ အမေရိကန်ပြည်ထောင်စုက ခင်ဗျားတို့ကိစ္စတွေကို ကျွန်တော် သိပ်နားမလည်ဘူးဗျာ။ ကျွန်တော်တို့ကောင်းကောင်း မသိတာတွေ အများကြီးရှိတယ်။ ဥပမာ- ခင်ဗျားတို့ ပြည်တွင်းရေးပေါ့။ ကျွန်တော်နားမလည်ဘူး။ နိုင်ငံခြားရေးပေါ်လစီနဲ့ ပတ်သက်ရင်လဲ နားမလည်တာတွေ အများကြီးပဲ။ ဒေါက်တာ့ဆီက သင်ရဦးမှာပဲ။

ကစ်ဆင်းဂျား ■ ကျွန်တော်ဝန်ကြီးချုပ်ကို ပြောခဲ့ပါရောလား။ တရုတ်ပြည်မှာ အမေရိကန်ထက်စာရင် ပိုတိုက်ရိုက်လုပ်ခွင့် ရှိတယ်။ ပိုလွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရတယ်။ ကျွန်တော်တို့ဆီမှာတော့ ပြည်တွင်းအခြေအနေအရ [illegible] ရှိတယ်။

Copyright (c) www.nldlanorway.com



ဒါပေမဲ့ အခြေခံရည်မှန်းချက်တွေနဲ့ ပတ်သက်ရင်တော့ သူများထင်မြင်ချက်တွေ သိပ်ထည့်တွက်မနေဘဲ ဖြတ်ဖြတ်သားသားပဲ လုပ်ပါတယ်။ သမ္မတကြီး ပြောခဲ့သလို အကျိုးစီးပွားနဲ့ယှဉ်တဲ့ ကိစ္စတွေမှာ သိပ်ကြင်နာပြနေလို့မှ မဖြစ်တာ။

မော်စီတုန်း ■ (ရယ်ရယ်မောမောဖြင့်) တကယ့်ကို အရိုးခံစကားတွေပဲ။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့အနေအထားက အဲဒီလိုပါ။

မော်စီတုန်း ■ ကိုင်း စောစောကစကား ဆက်ရဦးမယ်။ ကျွန်တော်ကို အမျိုးသမီးတွေကိစ္စ ဘယ်လိုလဲ။ တစ်သောင်းလောက် ကျွန်တော်တို့ပို့မယ်လေ. . .။

(ရယ်သံများ)

ကစ်ဆင်းဂျား ■ ဥက္ကဋ္ဌကြီးကတော့ တကယ့်ကို စေတနာတရှည်နဲ့ ပေးနေတော့တာပဲ။

(ရယ်သံများ)

မော်စီတုန်း ■ ကျွန်တော်တို့တိုင်းပြည်မှာ အမျိုးသမီးတွေများလွန်းနေတယ်ဗျာ။ သူတို့ အမိက လုပ်ပေးနိုင်တာကလဲ ကလေးမွေးတာပဲ ရှိတယ်။ ဒီလိုနဲ့ ကျွန်တော်တို့မှာ ကလေးတွေ များလာပြန်ရော. . .။

(ရယ်သံများ)

ကစ်ဆင်းဂျား ■ ဟုတ်တယ်။ ဒါလဲ အရေးကြီးတဲ့ကိစ္စပဲ၊ ကျွန်တော်တို့ လေ့လာကြရဦးမယ်။

မော်စီတုန်း ■ ဟုတ်တာပေါ့။ ဒီပြဿနာကို လေ့လာဖို့ ကော်မတီတစ်ခု ဖွဲ့သင့်တယ်။ ဒါဆိုရင် ဒေါက်တာရဲ့တရုတ်ပြည်ခရီးစဉ်ဟာ လူဦးရေ ပြဿနာဖြေရှင်းရေး ဖြစ်သွားရော. . .။

(ရယ်သံများ)

22/11/2008

**မော်စီတုန်း** ■ တစ်ခုတော့ ရှိတယ်ဗျား၊ တရုတ်တွေဟာ တသီးတသန့် နေချင်တဲ့ စရိုက်ရှိတယ်၊ နိုင်ငံခြားသားတွေနဲ့ဆိုရင် သိပ်မရောချင်ကြဘူး၊ ဥပမာ ခင်ဗျားတို့ တိုင်းပြည်မှာ ဆိုရင်၊ လူမျိုးပေါင်းစုံရှိတယ်မို့လား၊ ဒါပေမဲ့ တရုတ်ပြည်မှာ နိုင်ငံခြားသား ဘယ်လောက်မှ မရှိဘူး၊

**ကစ်ဆင်းဂျား** ■ ဟုတ်တယ်နော်၊ အတော်နည်းတယ်၊

**မော်စီတုန်း** ■ အမေရိကန်မှာ တရုတ်လူမျိုး ၆၀၀,၀၀၀ ရှိတယ်လို့ ကြားတယ်၊ တရုတ်ပြည်မှာတော့ အမေရိကန် ၆၀ တောင် မရှိဘူး၊ ဒီကိစ္စကိုလဲ ကျွန်တော်တို့ လေ့လာသင့်တယ်ဗျ၊ ဘာ့ကြောင့် ခုလိုဖြစ်တာလဲ၊ ကျွန်တော်လဲ မသိဘူး၊

**မစ္စတန်** (စကားပြန်အမျိုးသမီး) ■ မစ္စတာလော့(ဒ်)ရဲ့ ဇနီးဟာ တရုတ်အမျိုးသမီးပါ ဥက္ကဋ္ဌကြီး၊

**မော်စီတုန်း** ■ ဪ ဟုတ်လား၊

**ဝင်စတန်လော့(ဒ်)** ■ ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး၊

**မော်စီတုန်း** ■ ကျွန်တော်ဒီကိစ္စကို လေ့လာကြည့်တယ်ဗျ၊ တရုတ်တွေဟာ ဘာ့ကြောင့် နိုင်ငံခြားသားတွေကို သဘောမကျတာလဲ၊ ဒီမှာ အိန္ဒိယလူမျိုး မရှိဘူး၊ ဂျပန်ဆိုလဲ အနည်းအကျဉ်းပဲ၊ ဒီမှာ အခြေချနေထိုင်တဲ့ နိုင်ငံခြားသား ဆိုတာ အတော်ရှားတယ်၊ ဒါ ဘာ့ကြောင့်လဲ၊

**ကစ်ဆင်းဂျား** ■ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရတဲ့ အတွေ့အကြုံတွေကလဲ ကံမကောင်း အကြောင်းမလှခဲ့လို့ ဖြစ်ချင်ဖြစ်မှာပေါ့၊

**မော်စီတုန်း** ■ ဟုတ်ပါတယ်၊ ဒါကလဲ အကြောင်းတစ်ခု ဖြစ်နိုင်ပါတယ်၊ လွန်ခဲ့တဲ့နှစ်တစ်ရာလုံးလုံး နိုင်ငံခြားသားတွေနဲ့ နပန်းလုံးခဲ့ ရတာကိုး၊ တရုတ်နယ်မြေ တော်တော်များများကို သိမ်းထားရုံတင်မဟုတ်ဘူး၊ လျော်ကြေးအမျိုးမျိုး တောင်းကြတာတွေလဲ ရှိတယ်၊



**ကစ်ဆင်းဂျား** ■ ပြီးတော့ 'နယ်မြေခွဲ အခွင့်အရေး' ဆိုတာတွေလဲ တောင်းခဲ့ကြတယ်မို့လား၊

**မော်စီတုန်း** ■ အမေရိကန်နဲ့ ဆက်ဆံရေးမှာ ကျွန်တော်တို့ဘက်က ဘာ လျော်ကြေးမှ မတောင်းပါဘူး၊ ပြောကြစတမ်းဆိုရင် ရသင့်ရထိုက်တဲ့ လျော်ကြေးအားလုံးကို တွက်ဖို့တောင် မလွယ်လှပါဘူး၊ ကျွန်တော်တို့ ဖြစ်စေချင်တာက အာဃာတ တွေမေ့ပျောက်ပြီး နှစ်နိုင်ငံလူထုကြားမှာ ပုံမှန်ဆက်ဆံရေး ဖြစ်စေချင်တာပါ၊ ဒါပေမဲ့ တရုတ်နဲ့ ဂျပန်ကြားမှာ အာဃာတတွေ ချေဖျက်ဖို့ ဆိုတာ ထင်သလောက်တော့ မလွယ်လှဘူး၊ ကျွန်တော်တို့နဲ့ ခင်ဗျားတို့ကြားမှာတောင် ပိုခက်နိုင်တယ်၊

**ကစ်ဆင်းဂျား** ■ ဒါတော့ ဟုတ်တယ်၊ အမေရိကန်လူထုဘက်ကဆိုရင်၊ တရုတ်လူထုအပေါ် ဘာအငြိုးအတေးမှ မရှိပါဘူး၊ ခုချိန်မှာ ကျွန်တော်တို့ကြား ပြေရှင်းစရာဆိုလို့ တရား ဥပဒေကြောင်း သာရှိပါတယ်၊ (ဤနေရာတွင် မော်စီ တုန်းက ခေါင်းညိတ် ထောက်ခံလိုက်သည်၊) လာမယ့် နှစ်ဆိုရင် ဒီကိစ္စကိုလဲ ဖြေရှင်းနိုင်မှာပါ၊

(ကစ်ဆင်းဂျားပြောသော တရားဥပဒေကြောင်း ဆိုသည်မှာ ထိုင်ဝမ်ကိစ္စဖြစ်ပါသည်၊ တရုတ်ပြည်ဘက်မှ တရုတ် နှစ်နိုင်ငံ အယူအဆကို ဘယ်တုန်းကမှ လက်မခံခဲ့ပါ၊ အမေရိကန်ဘက်မှ ထိုင်ဝမ်ကို အသိအမှတ်ပြုထားသည်)

**မော်စီတုန်း** ■ (စကားပြန်အမျိုးသမီး မစ္စတန်ကို ကြည့်ရင်း) ကျွန်တော် တို့ တရုတ်အမျိုးသမီးတွေလဲ အင်္ဂလိပ်စကား အတော် ပြောနိုင်သားပဲ၊ ဒါနဲ့ သူနာပြုက ဘယ်သူလဲ. . .၊

**ချုအင်လိုင်း** ■ မစ္စရှန်ရုလန်ပါ၊

**မော်စီတုန်း** ■ တရုတ်အမျိုးသမီးတွေနဲ့ ပတ်သက်လို့ ကျွန်တော်ပြော တာ လွန်သွားလားမသိဘူး၊ ဒီအတွက် ကလေးမတို့ကို တောင်းပန်ရမှာပဲ၊

Copyright (c) www.nldlanorway.com 22/11/2008

(ကစ်ဆင်းဂျားရော့ စကားပြန်အမျိုးသမီးများပါ ရယ်လိုက် ကြသည်။)

မော်စီတုန်း ■ ဝါရှင်တန်မှာ ဆက်ဆံရေးရုံးဖွင့်ရင် ခေါက်တာ သူတို့နှစ်ယောက်ထဲက ဘယ်သူ့ကိုရွေးမလဲ၊ မစ္စတာနင်လား မစ္စရှန်လား. . . ။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ ဒီကိစ္စကို 'ယောင်မှားလမ်းကြောင်း' က အကြောင်း ပြန်ပါ့မယ်။

(ရယ်သံများ)

မော်စီတုန်း ■ အင်း ကျွန်တော်တို့မှာ စကားပြန်လဲ သိပ်မရှိဘူး။

ကစ်ဆင်းဂျား ■ ဒါပေမဲ့ ကျွန်တော် တွေ့ဖူးသမျှထဲမှာ အတော်ဆုံး စကားပြန်တွေပါ။

မော်စီတုန်း ■ သူတို့အပါအဝင် ခေါက်တာတွေ့ဖူးတဲ့ စကားပြန်တွေဟာ အခုဆို အသက်သုံးဆယ်ဝန်းကျင်ရှိနေပြီ။ သူတို့ ဒီ့ထက် အသက်ကြီးလာရင် ခုလောက် အလုပ် လုပ်နိုင်မယ် မထင်ဘူး။

ချူအင်လိုင်း ■ ဒီအတွက်၊ ကျွန်တော်တို့ နိုင်ငံခြားပညာတော်သင်တွေ လွှတ်သင့်တယ်။

မော်စီတုန်း ■ ဟုတ်တယ်၊ ငယ်ငယ်ကလေးကတည်းက နိုင်ငံခြားလွှတ်ရမယ်။ သိပ်အသက်ကြီးလို့မဖြစ်ဘူး။

ကစ်ဆင်းဂျား ■ ပညာရေးလုပ်မှုအစီအစဉ်တွေ ကျွန်တော်တို့ လုပ်ကြတာပေါ့။ ဒါဆိုရင် တရုတ်လူငယ်တွေ အမေရိကန်မှာ ပညာသင်နိုင်ဖို့ အဆင်ပြေမှာပါ။

မော်စီတုန်း ■ ဒီကိစ္စကို ကျွန်တော် စိတ်ဝင်စားတယ်။ တရုတ်လူငယ်တွေကို ကမ္ဘာကြီးနဲ့ အဆက်ဖြတ်ထားလို့ မဖြစ်ဘူး။ ပညာတော်သင်တွေထဲက တချို့လဲ တရုတ်ပြည်ပြန်ချင်မှ ပြန်လာမှာပေါ့။ ကိစ္စမရှိဘူး၊ ခင်ဗျားတို့ အမေရိကန် တွေက တရုတ်တွေလို မဟုတ်ဘူးမဟုတ်လား၊ နိုင်ငံခြား သွားပြီး ပြန်လာတာမျိုး မရှိဘူးမဟုတ်လား၊ ကျွန်တော်တို့

Copyright (c) www.nldlanorway.com



လူမျိုးက အစွဲကြီးတယ်ဗျ။ ဟိုတုန်းက နိုင်ငံခြားရောက် သွားတဲ့ တရုတ်တွေဆိုရင် အဲဒီက ဒေသခံဘာသာ စကားကို မသင်ကြဘူး။ (စကားပြန် မစ္စတန်ဘက် လှည့်ရင်း) ဒီမိန်းကလေးရဲ့ အဖိုးဆိုရင် အင်္ဂလိပ်စာ သင်ဖို့ငြင်းခဲ့တာပေါ့။ မျိုးဆက်ဟောင်း တရုတ်တွေက အတော်ခေါင်းမာတယ်ဗျ။ ကျွန်တော်တို့အရွယ်တွေ ပေါ့။ ကွန်ဆာဗေးတစ် ဖြစ်တာပေါ့ဗျာ။ ခုခေတ်လူငယ် မျိုးဆက်သစ်တွေကတော့ ဒါမျိုးမဟုတ်တော့ပါဘူး။

ကစ်ဆင်းဂျား ■ အမေရိကမှာတော့ အားလုံးလိုလို အင်္ဂလိပ်စကားပဲ ပြောကြပါတယ်။

ချူအင်လိုင်း ■ ကျွန်တော်တို့မျိုးဆက်ဟောင်းကတော့ ဘာသာစကားနဲ့ ပတ်သက်ရင်လဲ အစွဲကြီးတယ်ဗျ။ ကျွန်တော့်အသိ အမျိုးသမီးကြီးတစ်ယောက် ရှိတယ်။ နိုင်ငံခြားမှာ အကြာကြီးနေခဲ့တာပေါ့။ သူက တရုတ်စကားပဲ ပြောတယ်။ အင်္ဂလိပ်လို တစ်လုံးမှမပြောဘူး။ သူ့အသက် ၉၀ ပြည့်တော့ တရုတ်ပြည်ပြန်လာတယ်။ ကိုယ့်တိုင်း ပြည်မှာပဲ ခေါင်းချမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ပေါ့။ သူက ကန်တုန်သူလေ။ တကယ့်ကွန်ဆာဗေးတစ်ပေါ့ဗျာ။

ကစ်ဆင်းဂျား ■ တရုတ်ယဉ်ကျေးမှုရဲ့ ထူးခြားချက်ကြောင့်လဲ ဖြစ်မယ် ထင်တယ်။ တခြားယဉ်ကျေးမှုတွေနဲ့ သဟဇာတ ဖြစ်ရေးမှာ အခက်အခဲများ ရှိနေသလားလို့။

မော်စီတုန်း ■ တရုတ်ပြောစကားက ကောင်းပါတယ်ဗျာ။ တရုတ်စာ ကတော့ သိပ်မနိပ်ဘူးဗျ။

ချူအင်လိုင်း ■ ဟုတ်တယ်၊ လေ့လာဖို့လဲ ခက်တယ်။

မော်စီတုန်း ■ ပြောစကားနဲ့ ရေးစကား ကွဲလွဲနေတာတွေလဲ အများကြီး။ ရေးစကားက သင်္ကေတဘာသာစကားလေ၊ တရုတ်မှာ အက္ခရာမရှိဘူး။

ကစ်ဆင်းဂျား ■ အက္ခရာတီထွင်ဖို့ ကြိုးစားကြတာတွေရှိတယ်လို့ ကြား

22/11/2008

တယ်။ ဟုတ်ပါသလား။

**ချူအင်လိုင်း** ■ ပြောစကားမှာကိုက မှုကွဲတွေရှိနေသေးတယ်။ ပထမဆုံး စံတစ်ခုသတ်မှတ်ဖို့ လိုမယ်ထင်တယ်။

**မော်စီတုန်း** ■ ကျွန်တော်အပါအဝင် လူကြီးတွေအများစုကတော့ တရုတ်ဘာသာစကားကိုပဲ အသုံးပြုနေရတယ်။ ကျွန်တော်ဖတ်ရတဲ့ စာအုပ်အများစုကလဲ တရုတ်လိုပဲ၊ ကျွန်တော်ရေးတော့လဲ တရုတ်လိုပဲ။ စာအုပ်အများစုက တရုတ်လိုပဲရှိတာကိုး။ ပြီးတော့ အဘိဓာန်ကောင်းကောင်းလဲ ရှားတယ်။

**ကစ်ဆင်းဂျား** ■ ဥက္ကဋ္ဌကြီး အခု အင်္ဂလိပ်စာ လေ့လာနေတယ်ဆို။

**မော်စီတုန်း** ■ ကောလာဟလပါဗျား။ ကျွန်တော် အင်္ဂလိပ်စာလုံး တချို့တော့ သိပါရဲ့၊ ဒါပေမဲ့ အင်္ဂလိပ်သဒ္ဒါကို မသိဘူး။

**မစ္စတန်** ■ ဒါပေမဲ့ အင်္ဂလိပ်ဝေါဟာရတစ်ခုတော့ ဥက္ကဋ္ဌကြီး တီထွင် ခဲ့တယ်နော်. . .။

**မော်စီတုန်း** ■ ဘာလဲ 'Paper Tiger' လား။

**ကစ်ဆင်းဂျား** ■ 'စက္ကူကျား' ပေါ့။ ကျွန်တော်တို့အားလုံးကို ရည်ညွှန်းတဲ့ စကားလုံးလေ။

(ရယ်သံများ. . .။)

(မော်စီတုန်းက အမေရိကန် သတင်းစာဆရာမကြီး အင်နာ လူဝီစထရောင်း ကို "ဓားကိုင်မြန်ရှေးသမား အားလုံး စက္ကူကျား" ဟု ပြောခဲ့ဖူးသည်။)

**မော်စီတုန်း** ■ ခေါင်းတာကတော့ ဂျာမန်နော်။ အင်း စစ်ပွဲကြီးနှစ်ပွဲကို ဆက်တိုက်နွှဲခဲ့ရတဲ့ ဂျာမနီဟာ သိပ်တော့ ကံမကောင်းဘူး ဆိုရမှာပေါ့။

**ကစ်ဆင်းဂျား** ■ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူလဲ အစွမ်းကုန် ကြိုးစားနေပါတယ်။

**မော်စီတုန်း** ■ စစ်တုန်းကကိစ္စတွေ မြန်ဆုံးသပ်ရင် ဂျာမန်တပ်တွေဟာ အိပ်ရှိမြန်လွန်းတယ်လို့ မထင်ဘူးလား၊ ဥပမာ-

Copyright (c) www.nldlanorway.com



ဆိုဗီယက်ယူနီယံကို တိုက်တုန်းကပေါ့။ မြန်သင့်တာက တပ်တွေ အားလုံးရောက်ဖို့ တစ်နေရာကို ဦးတည်သင့်တာ။ ဒါပေမဲ့ သူတို့ဒီလိုမလုပ်ခဲ့ဘူး။ စစ်ကြောင်းသုံးကြောင်း ခွဲလိုက်တယ်၊ ဒီစစ်ဆင်ရေးက ဌာနလေး စခဲ့တာ၊ ဒါပေမဲ့ ဆောင်းရောက်တော့ ဂျာမန်တပ်တွေ ရုရှားဆောင်းရာသီကို မခံနိုင်တော့ဘူး။ ဘာ့ကြောင့် ဥရောပသားတွေက ဆောင်းကို ဒီလောက်ကြောက်ရတာလဲ။

**ကစ်ဆင်းဂျား** ■ ဂျာမန်တွေက ရေရှည်စစ်အတွက် ပြင်ဆင်ထားလန် မထားဘူး။ ဥက္ကဋ္ဌကြီးပြောသလိုပဲ သူတို့သာ စစ်မျက်နှာတစ်ခုတည်း ဖွင့်ခဲ့ရင် နိုင်ဖို့များမယ်ထင်တယ်၊ ခုလို မြန်ကြဲနေတဲ့ ကြားကတောင် မော်စကိုနဲ့ ၁၀ ကီလိုမီတာလောက်ထိ ကပ်နိုင်ခဲ့တာကလား။

**မော်စီတုန်း** ■ တကယ်တော့ မော်စကိုကိုရော ကီယက်ကိုရော သူတို့ မတိုက်သင့်ဘူးဗျ။ လီနင်ဂရက်ကို အရင်တိုက်သင့်တာ။ နောက်ထပ် ပေါ်လစီ အမှားတစ်ခုလဲ ရှိသေးတယ်၊ ဒန်ကတ်တိုက်ပွဲ အပြီးမှာ ပင်လယ်ကို မဖြတ်ခဲ့တဲ့အမှားပဲ။

**ကစ်ဆင်းဂျား** ■ ဟစ်တလာက စိတ်ကူးယဉ်သမားရယ်၊ အင်္ဂလန်နဲ့ ပတ်သက်ရင် သူ့အမြင်က အတော်လွဲဆန်းတယ်၊

**မော်စီတုန်း** ■ ဟုတ်လား။ အဲဒီတုန်းက သူဘာလို့ အင်္ဂလန်ကို မတိုက်တာလဲ။ ပြီတိသျှကျွန်းပေါ်မှာ ဘာတပ်မှမရှိဘူး။

**ကစ်ဆင်းဂျား** ■ ဟုတ်တယ်၊ အင်္ဂလန်တစ်နိုင်ငံလုံးမှ လွန်ရောကျွံရော တပ်မဟာတစ်ခုလောက်ပဲ ရှိလိမ့်မယ်။

**ချူအင်လိုင်း** ■ ဆာအန်တိုနီအီဒင် ကလဲ ကျွန်တော်တို့ကို ပြောဖူးတယ်၊ ဟစ်တလာသာ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်လာရင် သူတို့မှာ ခုခံရာတပ်ကို မရှိဘူးတဲ့။ ချာချီအနေနဲ့ ခုတပ်ဖွဲ့နဲ့ ဖြစ်သလိုခုခံရမယ့် အခြေအနေတဲ့။ ဒါပေမဲ့ ဟစ်တလာက အင်္ဂလန်ဘက် မလှည့်ခဲ့ဘူး၊ ရုရှားကို ရှေ့လှိုက်တယ်။

22/11/2008

မော်စီတုန်း ■ ဟစ်တလာက နိုင်းနယ်သားလား။

တစ်ဆင်းရှား ■ ဩစတြီးယားကပါ။

ချူအင်လိုင်း ■ ပထမကမ္ဘာစစ်တုန်းက စစ်သားဟောင်း။

တစ်ဆင်းရှား ■ ဒီလူက မဟာဗျူဟာနဲ့ စစ်ဆင်ရေးလုပ်တာ မဟုတ်ဘူး။ စိတ်ကူးရသလို ထလုပ်တတ်တာ၊ တစ်ခုလုံး အစီအစဉ်ဆိုလို့ သူ့မှာ ဘာမှမရှိဘူး။ အတွင်းစိတ် လှုပ်ရှားမှုနဲ့ ထလုပ်တတ်တဲ့လူမျိုး။

မော်စီတုန်း ■ ဂျာမန်တွေက ဒီလိုလူမျိုးကို ဘာကြောင့် သိပ်ယုံစား အားကိုး ကြတာလဲ။

တစ်ဆင်းရှား ■ ဂျာမန်တွေကိုယ်တိုင်က စိတ်ကူးယဉ်တတ်တဲ့ လူမျိုးဖြစ်ချင်ဖြစ်မယ်။ ဟစ်တလာရဲ့ စည်းရုံးရေး စွမ်းရည်ကြောင့်လဲ ဖြစ်နိုင်တယ်။

မော်စီတုန်း ■ ပထမကမ္ဘာစစ်အပြီး ဂျာမန်တွေ ခံစားခဲ့ရတဲ့ အမျိုးသားရေး နာကြည်းချက်တွေကြောင့် ပိုဖြစ်လိမ့်မယ် ထင်တယ်ဗျ။

တစ်ဆင်းရှား ■ ဟုတ်တယ်၊ ဒါက အဓိကအချက် ဖြစ်နိုင်တယ်။

မော်စီတုန်း ■ တကယ်လို့ ရုရှားတွေသာ တရုတ်ပြည်ကို လာတိုက်မယ် ဆိုရင် ကျွန်တော်တို့ကတော့ ရေရှည်ပြောက်ကျား စစ်ပွဲနဲ့ ပြန်ခုခံမှာပဲ။ သူတို့ ကျွန်တော်တို့နယ်မြေထဲကို ဝင်ချင်သလောက် ဝင်လေ. . ၊ ကိစ္စမရှိဘူး။ လွှတ်ထား လိုက်မယ်။ မြစ်ဝါမြစ်အထိ လာလေလား၊ ရတယ်။ ယန်စီ မြစ်အထိ လာလေလား၊ ဖြစ်တယ်။ ကိစ္စမရှိဘူး။

တစ်ဆင်းရှား ■ ဒါပေမဲ့ တပ်တွေမလွှတ်ဘဲ ဗုံးကြဲမယ်ဆိုရင်ကော. . ။

မော်စီတုန်း ■ အေး အဲသလိုဖြစ်ရင် ကျွန်တော်တို့ ဘယ်လိုလုပ်သင့်မလဲ။ သူတို့အပြောကတော့ သူတို့ကလဲ ဆိုရှယ်လစ်။ ကျွန်တော်တို့ကလဲ ဆိုရှယ်လစ်။ ဆိုရှယ်လစ်က ဆိုရှယ်လစ်ကို ပြန်တိုက်တာပေါ့နော်. . . ။

(ရယ်သံများ)



တစ်ဆင်းရှား ■ တကယ်လို့ သူတို့သာ တရုတ်ပြည်ကို တိုက်ရင် ကျွန်တော်တို့ကလဲ ကိုယ့်အကြောင်းနဲ့ကိုယ် သူတို့ကို ဆန့်ကျင်မှာပဲ။

မော်စီတုန်း ■ ဒါပေမဲ့ ဒေါက်တာရဲ့ ပေါ်လစီကို အမေရိကန်တွေနဲ့ ဥရောပသားတွေက လက်ခံနိုင်ပါ့မလား။ သူတို့ အမြင်မှာ 'နေသာသပ ဝေညာက' ဆိုသလို ဖြစ်ချင်ဖြစ်နေမှာ။

တစ်ဆင်းရှား ■ ဥရောပရဲ့ တုံ့ပြန်မှုကိုတော့ ကျွန်တော် အာမခံချက် မပေးလိုပါဘူး။ ကျွန်တော်တို့ စဉ်းစားတာ ကတော့! ရုရှားသာ တရုတ်ပြည်ကိုတိုက်ရင်၊ ဒါဟာ တခြားနိုင်ငံတွေရဲ့ လုံခြုံရေးကိုပါ ထိခိုက်စေမှာပါ။ ဒီကနေ ကျွန်တော်တို့ နိုင်ငံကိုလဲ အထီးကျန် ဖြစ်သွားစေနိုင်တယ်။ ဒီတော့ ဒါဟာ တရုတ်၊ ရုရှားကိစ္စ သက်သက် မဟုတ်တော့ဘူးလေ။ အမေရိကန်အကျိုးစီးပွားနဲ့ ထိခိုက်နိုင်လာပြီ။

မော်စီတုန်း ■ ဟုတ်ပါ့မလား ဒေါက်တာရဲ့။ အခုကိုပဲ ခင်ဗျားတို့ ဗီယက်နမ်မှာ နစ်နေပြီလေ။ ရုရှားတွေလဲ တရုတ်ပြည်မှာ နစ်နေရင်၊ ခင်ဗျားတို့အတွက် ပိုအဆင်မပြေဘူးလား။ ဒီတော့မှ ရုရှားကြီးပခုံးကိုပုတ်ပြီး ငြိမ်းချမ်းရေး စကား ပြောလို့ရမယ်လေ။ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ဆိုပြီး ဆိုရှယ်နယ်ချဲ့ကို တိုက်မလား။ ဒါမှမဟုတ် သူတို့ ဆီက ကြိုက်ချေခေါ်ပြီး တရုတ်ပြည် ဆန့်ကျင်ရေးမှာ ကူညီမလား. . ။ ဘယ်နှယ့်လဲ။

တစ်ဆင်းရှား ■ ဒီနေရာမှာ ကျွန်တော်တို့အချင်းချင်း နားလည်မှုရှိဖို့က သိပ်အရေးကြီးမယ် ထင်ပါတယ် ဥက္ကဋ္ဌကြီး။ တရုတ်ပြည် ဆန့်ကျင်ဖို့အတွက် ဘယ်သူနဲ့မှ ပူးပေါင်း ဆောင်ရွက်မှုတွေ မလုပ်ဘူးဆိုတာ၊ ကျွန်တော် အတိအလင်း ပြောနိုင်ပါတယ်။

မော်စီတုန်း ■ ဒါဟာ တရုတ်ပြည်ဆန့်ကျင်ရေး မဟုတ်ဘူးပေါ့ဗျား။

Copyright (c) www.nldlanorway.com 22/11/2008

ဆိုဗီယက်ယူနီယံကျဆုံးရေး ဖြစ်ချင်ဖြစ်မှာပေါ့။

ကစ်ဆင်းဂျား ■ (ရယ်ရယ်မောမောဖြင့်) ဒီနည်းကတော့ အန္တရာယ်ကြီးလှပါတယ် ဥက္ကဋ္ဌကြီးရယ်။

မော်စီတုန်း ■ ဆိုဗီယက်ယူနီယံရဲ့ ရည်မှန်းချက်ကတော့ ဥရောပရော၊ အာရှရော တိုက်ကြီးနှစ်တိုက်လုံးကို သိမ်းပိုက်ဖို့ထိ ဖြစ်နိုင်တယ်ဗျ။

ကစ်ဆင်းဂျား ■ ဒီလိုဖြစ်ခဲ့ရင်၊ ကျွန်တော်တို့ အစွမ်းကုန် ကာကွယ်ရမှာပေါ့။ ကျွန်တော်တို့ရည်ရွယ်ချက်က ဆိုဗီယက်ယူနီယံ ကျဆုံးဖို့ မဟုတ်ပါဘူး။ သူ့အန္တရာယ်ကို ကာကွယ်တားဆီးဖို့ပါ။

(ဤနေရာအရောက်တွင် ဝန်ကြီးချုပ်ချူအင်လိုင်းက နာရီကို မျှော်ကြည့်လိုက်သည်။)

မော်စီတုန်း ■ (ချူအင်လိုင်း ဘက်သို့လှည့်ပြီး)...ဘာလဲ...နားသင့်ပြီလား။

ချူအင်လိုင်း ■ ဟုတ်ကဲ့၊ ခေါက်တာလဲ နားချင်ရောပေါ့။

ကစ်ဆင်းဂျား ■ ဥက္ကဋ္ဌကြီးရဲ့ ကျန်းမာရေးက ပိုအရေးကြီးပါတယ်။

မော်စီတုန်း ■ မနှစ်ကထက်စာရင်တော့ ပိုကောင်းတယ် ပြောရမှာပေါ့။ ဒါပေမဲ့ ဘုရားသခင်ဆီကစေတော့ ဖိတ်စာရပြီးပါပြီများ။ သမ္မတကြီးနစ်ဆင်ကို ကျွန်တော်က နှုတ်ဆက်လိုက်တဲ့ အကြောင်းပြောပေးပါ။ မစ္စစ်နစ်ဆင်ကိုရောပေါ့။

ကစ်ဆင်းဂျား ■ စိတ်ချပါဥက္ကဋ္ဌကြီး။ ကျွန်တော်ဆက်ဆက် ပြောလိုက်ပါ့မယ်။

ချူအင်လိုင်း ■ (ကစ်ဆင်းဂျားဘက်သို့လှည့်ပြီး) နောက်တစ်နာရီလောက်ကြာရင် သတင်းထုတ်ပြန်ချက်မူကြမ်းကို ခေါက်တာ့ဆီ ပို့လိုက်ပါမယ်။

◆◆◆◆◆

အခန်း(၃)

# သံခင်းတမန်ခင်း စီးချင်းထိုးပွဲ

တရုတ်အမေရိကန် ဆက်ဆံရေး၏ ကနဦးကာလများ (၁၉၇၃-၁၉၇၅) တွင် ကမ္ဘောဒီးယားပြဿနာမှာ နှစ်နိုင်ငံလုံးအတွက် စိုးမနေနိုင်ဖြစ်စရာ ဆူးကြီးတစ်ချောင်းလို ရှိနေခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် အမေရိကန်လိုလားသော လုံနိုးအစိုးရ အာဏာသိမ်းတက်လာသည်။ (ဤကိစ္စမှာ စီအိုင်အေနှင့် မဆိုင်ဟု ကစ်ဆင်းဂျားက ငြင်းပါသည်။) ဤတွင် ကမ္ဘောဒီးယားနိုင်ငံ အကြီးအကဲ မင်းသားကြီး နိုရိုဒွန်သီဟာနုမှာ ပီကင်းတွင် ခိုလှုံလိုက်ရပါသည်။ တရုတ်ပြည်မှာ ယခင်သီဟာနုအစိုးရကို လက်နက်ကိုင်ပုန်ကန်နေခဲ့သော ခမာနီအဖွဲ့ကို အဓိက ထောက်ခံသူဖြစ်သည့်တိုင်၊ သီဟာနုကိုမူ နိုင်ငံခေါင်းဆောင်တစ်ဦးအနေနှင့် ဆက်လက် အသိအမှတ်ပြုခဲ့ပါသည်။ ဤသို့ဖြင့် ကမ္ဘောဒီးယားရှိ ဆန့်ကျင်ဘက် အင်အားစုနှစ်စု (သီဟာနုနှင့်လုံနိုး)တို့နောက်တွင်၊ တရုတ်နှင့် အမေရိကန်တို့မှာ အနိုင်အမာ ရပ်တည်ပေးထားသလို ဖြစ်နေတော့သည်။

စင်စစ် ဤပြဿနာနှင့်ပတ်သက်လျှင် နှစ်ဖက်လုံး၏ မဟာဗျူဟာ ရည်မှန်းချက်များမှာလည်း ပြောင့်ပြောင့်ကြီး ဆန့်ကျင်လျက်ရှိနေပါသည်။ တရုတ်ပြည်အနေနှင့် ဗိုင်စီအိုလိုဂျီ ညီအစ်ကိုဖြစ်သော ခမာနီထက်၊ သီဟာနုကို ပိုအလေးထားသည်။ သီဟာနု၏ ဘက်မလိုက်ပေါ်လစီကို နှစ်သက်သောကြောင့်ဖြစ်သလို ကမ္ဘောဒီးယား၏ အရပ်ရပ် အခြေအနေကြောင့်လည်း ဖြစ်ပါသည်။ ချူအင်လိုင်း၏အလိုအရ "ကမ္ဘောဒီးယားမှာ လုံးဝနီသွားဖို့ မဖြစ်နိုင်သေး"ဟု ကောက်ချက်ချထားသည်။ ဤအနေအထားတွင် အမေရိကန်

Copyright (c) www.nldlanorway.com 22/11/2008

ယောက်ခံသည့်လုံ့နိုး တက်လာခြင်းဖြစ်ရာ တရုတ်အတွက် အရေးတကြီး ရိုးမိုးစရာတစ်ခု ဖြစ်လာသည်။ လုံ့နိုး ဆန့်ကျင်ရေးအလံအောက်တွင် ခမာနီ နှင့်ဗီယက်နမ် နီးလာနိုင်သည့်အန္တရာယ် ဖြစ်ပါသည်။ ကမ္ဘောဒီးယားတွင် ဗီယက်နမ် ဩဇာကြီးလာနိုင်မည့်အဖြစ်ကို တရုတ်ဘက်မှ ဘယ်လိုမှ လက်ခံ နိုင်စရာ မရှိပါ။ သို့ဖြင့် တရုတ်၏မဟာဗျူဟာမှာ သီဟာနုဦးဆောင်မှုဖြင့် လုံ့နိုးဆန့်ကျင်ရေး ထိုမှတစ်ဆင့် ဗီယက်နမ်ဆန့်ကျင်ရေး ဖြစ်လာပါသည်။

ထိုအချိန်တွင် အမေရိကန်မှာလည်း သူ့တွက်ကိန်းနှင့်သူ့ မဟာဗျူဟာ ချထားသည်။ ၁၉၇၃ နှစ်ဦးပိုင်းကပင် ဗီယက်နမ်တွင် အပစ်အခတ်ရပ်စဲရန် သမ္မတနစ်ဆင်က တရားဝင်ကြေညာခဲ့ပြီး ဖြစ်သည်။ အင်ဒိုချိုင်းနားစစ်ပွဲ ရပ်စဲရေး ပါရီသဘောတူညီချက်အရ အမေရိကန်နှင့် ဗီယက်နမ်တပ်များ အားလုံး ကမ္ဘောဒီးယားမှ ထွက်ခွာသွားရန် သဘောတူကြပြီးလည်း ဖြစ်ပါသည်။ သို့နှင့်တိုင် ကမ္ဘောဒီးယားနယ်မြေတွင် ဗီယက်နမ်တပ်များ ဆက်လက်ရှိနေသေးရာ ကျွဲကူးရေပါဖြစ်လာမည့် ဆိုဗီယက်ဩဇာကိုလည်း အမေရိကန်တို့ဘက်မှ စိုးရိမ်လျက်ရှိသည်။ သို့ဖြင့် သီဟာနု၏ ဘက်မလိုက်ဝါဒစိုးရ နေရာတွင် မိမိလူလုံ့နိုးကို အစားထိုးလိုက်ခြင်းဖြစ်ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် ကမ္ဘောဒီးယားရှိ ခမာနီဒေသများကိုလည်း ဆက်လက်ဗုံးကြဲလျက်ရှိသည်။ နစ်ဆင်၏ မဟာဗျူဟာရည်မှန်းချက်မှာ ကမ္ဘောဒီးယားမှ နိုင်ငံခြားတပ်များ အားလုံးရုပ်သိမ်းရေးဟု တရားဝင် ဖွင့်ဆိုထားသည်။

ဤသို့ဖြင့် ရွေ့လျားရွေ့လျားမောက်ခါ မဟာမိတ်နှစ်ဦးမှာ မဟာဗျူဟာအရ တောင်နှင့်မြောက်လို ဖြစ်နေတော့သည်။ တရုတ်က ကမ္ဘောဒီးယားပြဿနာကို ဗီယက်နမ်ဆန့်ကျင်ရေးအသွင် ပြောင်းလိုပြီး အမေရိကန်က ကမ္ဘောဒီးယားပြည်တွင်းစစ်အဖြစ် ဖန်တီးလိုက်ချင်သည်။ စင်စစ် ချူအင်လိုင်းနှင့် ကစ်ဆင်းဂျားတို့၏ တွေ့ဆုံပွဲမှာ အဆိုပါဆန့်ကျင်ဘက် ရည်မှန်းချက်ကိုယ်စီနှင့် ရင်ဆိုင်ခဲ့ကြရခြင်း ဖြစ်ပါသည်။ သို့နှင့်တိုင် မတူညီမှုများကြားထဲမှ အလွန်မှန်ကန်သော နိဂုံးတူညီမှု (ဗီယက်နမ်၊ ဆိုဗီယက်အန္တရာယ်)သို့ ရောက်အောင် လမ်းကြောင်းတည့်ပေးနိုင်ခဲ့သည်မှာ ဝါရင့်သံတမန်ကြီးနှစ်ဦး၏ ရှာမှရှားသော စွမ်းဆောင်ရည်ဟု ဆိုနိုင်ကောင်းမည် ထင်ပါသည်။

ချူအင်လိုင်းနှင့် ကစ်ဆင်းဂျားတို့၏ သံခင်းတမန်ခင်း စီးချင်းထိုးပွဲကို ဆက်လက် ရှုစားကြပါကုန်. . . . ။



| | |
|---|---|
| နေ့ရက် | ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက် |
| အချိန် | မွန်းလွဲ ၂း၁၅ မှ ညနေ ၆း၀၀ |
| နေရာ | ပီကင်းမြို့တော်၊ ခန်းမဆောင် (၃) |
| ပါဝင်သူများ | ဝန်ကြီးချုပ် ချူအင်လိုင်း၊ နိုင်ငံခြားရေးဝန်ကြီး ယဲ့ပင်ဖေး၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချောင်ကွမ်ဟွာ၊ ဟင်နရီကစ်ဆင်းဂျား၊ အမျိုးသားလုံခြုံရေးကောင်စီဝင် ရစ်ချတ်ကင်နေဒီ၊ စကားပြန်နှစ်ဦး၊ မှတ်တမ်းတင်သူတစ်ဦး။ |

ချူအင်လိုင်း ■ ဟေ့ရှေး၊ ကျွန်တော်တို့လဲ အသေးစိတ် ဘာမှမသိရသေးဘူး။ ခုထိ သိရသလောက်တော့ ဆိုဗီယက်သံအမတ်ကြီး ဖနွမ်ပင် ပြန်သွားပြီတဲ့။

ကစ်ဆင်းဂျား ■ သံအမတ်ကြီးအနေနဲ့ ပြန်သွားတာတဲ့လား။

ချူအင်လိုင်း ■ ဟုတ်တယ်၊ ဆိုဗီယက်ယူနီယံရဲ့သံအမတ်ကြီးအနေနဲ့ ပြန်သွားတာ။

ကစ်ဆင်းဂျား ■ အဲဒီမှာ ယာယီသံရုံးတာဝန်ခံရှိပြီးသားမဟုတ်လား။ သံမှူး အဆင့်လေ။

ချူအင်လိုင်း ■ မကြာသေးခင်ကထိတော့ ဟုတ်တယ်။ အခု မဟုတ်တော့ဘူး။ သံအမတ်ကြီးအဆင့်ထိ ဖြစ်သွားပြီ။

ကစ်ဆင်းဂျား ■ ဟေးဗျာ၊ ဒီကိစ္စ ကျွန်တော်မသိလိုက်ဘူး။

ချူအင်လိုင်း ■ ကျွန်တော်တို့လဲ ခုမှ ပူပူနွေးနွေးရတဲ့ သတင်းပါ။ ဒါထက်နေပါဦး၊ ခင်ဗျားတို့က ဘာကြောင့် နိုရိုဒွမ် သီဟာနုကို ကမ္ဘောဒီးယား အကြီးအကဲတစ်ယောက်အနေနဲ့ မတွေ့နွေးနိုင်ရတာလဲ။

ကစ်ဆင်းဂျား ■ ဝန်ကြီးချုပ်တို့ချင်း ရင်းနှီးကြသလိုမျိုး သူနဲ့ကျွန်တော်ကြားမှာ မရှိဘူးလေ။ ကျွန်တော် စိတ်ဝင်စားပါတယ်။ အင်း ဦးနှောက်တော့ အတော်စားမယ် ထင်တယ်နော်။ (ချူအင်လိုင်းက အားရပါးရ ရယ်လိုက်ပါသည်။)

Copyright (c) www.nldlanorway.com 22/11/2008

ချူအင်လိုင်း ■ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆီနိတ်တာမန်းစ်ဖီးက ဒေါက်တာ့ကို ဘာမှမပြောဘူးလား။ မဆွေးနွေးကြဘူးလား။

ကစ်ဆင်းဂျား ■ ဟုတ်တာပေါ့။ သီဟာနုနဲ့ဆွေးနွေးဖို့ မန်းစ်ဖီး ပြင်ဆင်နေတယ်ဆိုတာ ကျွန်တော်သိတယ်။

(အမေရိကန် အထက်လွှတ်တော်အမတ် မန်းစ်ဖီးမှာ သီဟာနု၏ မိတ်ဆွေ ဟောင်းတစ်ဦးဖြစ်ပြီး ဗီယက်နမ်စစ်ပွဲကို ယခင်ကတည်းက ဆန့်ကျင်ခဲ့သူဖြစ်သည်။ ကမ္ဘောဒီးယားကိစ္စတွင်လည်း သီဟာနုမှတစ်ဆင့် ဖြေရှင်းလိုသူ ဖြစ်ပါသည်။)

ချူအင်လိုင်း ■ အင်း ကံမကောင်းချင်တော့ မင်းသားကြီးသီဟာနုက လောလောဆယ် ပီကင်းမှာမရှိဘူး ဖြစ်နေတယ်ဗျာ။ ဒီတော့လေ ခင်ဗျားတို့သမ္မတကြီး ဒုတိယအကြိမ် ပြန် အရွေးခံရပြီရင်တော့ မန်းစ်ဖီးလဲ ပီကင်းကို လာနိုင်ဦး မှာပါ။ ဘယ်နှယ့်လဲ။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ သူလာပါလိမ့်မယ်။ ဒါပေမဲ့ ဒီကိစ္စကို သူ တာဝန်ယူ ဖြေရှင်းနိုင်မယ်တော့ မထင်လှဘူး။ မိုက်က သိပ်စိတ်လှုပ်ရှားလွန်းတယ်လေ။ ဒီလိုကိစ္စမျိုး ဆိုတာ စိတ်လှုပ်ရှားမှုနဲ့ လုပ်လို့မှမရတာကလား။ ဒါနဲ့ သူ့ သဘောထားကိုတော့ ဝန်ကြီးချုပ် ဘယ်လိုမြင်ပါသလဲ။ ဖြစ်နိုင်ရင် ဝန်ကြီးချုပ်ရဲ့ ထင်မြင်ချက်ကို သိချင်ပါတယ်။

ချူအင်လိုင်း ■ ကျွန်တော့်ဘက်က ပြဿနာကိုတင်ပြတဲ့ အဆင့်ပဲရှိပါ သေးတယ်။ ဒါနဲ့ ပတ်သက်လို့ ဒေါက်တာရဲ့ ထင်မြင် ချက်ကို စောင့်နေတာ။

(ချောင်ကွမ်ဟွာက သဘောထားမူကြမ်းစာရွက်ကို ကစ် ဆင်းဂျားသို့ ပေးလိုက်သည်။)

ကစ်ဆင်းဂျား ■ အသေးစိတ်တော့ မဖတ်ရသေးဘူးဗျာ။ အနှစ်ချုပ် တော့ ဖတ်ပြီးပါပြီ။ အင်း အကြောင်းတိုက်ဆိုင်လာလို့ ပြောရဦးမယ်။ ဗီယက်နမ် ပြန်လည်ထူထောင်ရေး



အတွက် ကျွန်တော်တို့ဘက်က ငွေကြေးကူမယ်ဆိုတာ ပြောတော့ ဖန်ဝန်ဒေါင်းတစ်ယောက် အံ့ဩသွားတယ် ဗျ။ သိလား။ ရန်သူဟောင်းက ခုလိုကူမယ်ဆိုတာမျိုး သူတို့မကြုံဖူးဘူး ထင်ပါရဲ့။

(ကစ်ဆင်းဂျား၏စကားကို ချူအင်လိုင်းက ရယ်ပါ သည်။ ဖန်ဝန်ဒေါင်းမှာ ထိုစဉ်က မြောက်ဗီယက်နမ် ဝန်ကြီးချုပ် ဖြစ်သည်။)

ကစ်ဆင်းဂျား ■ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ တကယ်ကူညီမှာပါ။ အင်ဒိုချိုင်းနားဒေသက တိုင်းပြည်အားလုံးကို တကယ် တမ်း လွတ်လပ်စေချင်သလို ဖွံ့ဖြိုးလဲ ဖွံ့ဖြိုး စေချင်ပါ တယ်။ ဒီဒေသကနေပြီး ဘာမှအမြတ်ထုတ်ဖို့ သဘော ထား မရှိပါဘူး။ ဒီမှာ ကျွန်တော်တို့စစ်စခန်းတွေ ထားဖို့လဲ အစီအစဉ်မရှိဘူး။ ဒါပေမဲ့ အစစအဆင်ပြေဖို့ D.R.V (မြောက်ဗီယက်နမ်၏ တရားဝင်အမည် အတို ကောက်)ဘက်က ပူးပေါင်းဆောင်ရွက်ဖို့တော့ လိုတာ ပေါ့ဗျာ။ လာအိုမှာ အပစ်အခတ်ရပ်စဲရေး မလုပ်နိုင် ရင်၊ ကမ္ဘောဒီးယားကတပ်တွေ မရုပ်ရင် ကွန်ဂရက်ကို ကျွန်တော် ဘယ်လိုလုပ် ငွေတောင်းမလဲ။ ဖြစ်မှ မဖြစ် နိုင်တာ။

ဝန်ကြီးချုပ်လဲသိပါတယ်။ သဘောတူညီချက်အပိုဒ် ၂၀ မှာ အတိအလင်း ဆိုထားတာပဲ။ 'လာအိုနဲ့ ကမ္ဘော ဒီးယားက နိုင်ငံခြားတပ်တွေ ခြွင်းချက်မရှိ ရုပ်သိမ်းရန်' ဆိုတာလေ။ ကျွန်တော်တို့ဘက်ကတော့ တပ်တွေရုပ်ဖို့ ပြင်ဆင်ပြီးပြီ။ ထိုင်းတပ်တွေရုပ်ဖို့လဲ သူတို့ကို ပြောပြီး ပါပြီ။ ဒီတော့ D.R.V မှာလဲ တာဝန်ရှိတာပေါ့။ လာအို မှာဆိုရင်လဲ အခုထိ အပစ်အခတ်ရပ်စဲရေး မလုပ်နိုင် သေးဘူး။ ဘာဖြစ်နေလဲ မသိပါဘူး။

ချူအင်လိုင်း ■ အင်း ဒီနေရာမှာ သတင်းက အသေးစိတ်ကျ နေ့စဉ်နဲ့အမျှ

Copyright (c) www.nldlanorway.com 22/11/2008

အခြေအနေက ပြောင်းနေတာကလား။ ကျွန်တော်တို့ သတင်းအဆက်မပြတ်ဖို့တော့ လိုတယ်နော်။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့၊ ဝန်ကြီးချုပ်စကားကို ကျွန်တော် သဘောတူပါတယ်။ ကမ္ဘောဒီးယားအကြောင်း ဆက်ပါဦးမယ်၊ [illegible] နိုင်ငံပါဗျား။ တစ်ခုတော့ ကျွန်တော် ပြောနိုင်ပါတယ်။ အဲဒီနိုင်ငံက ဘယ်အင်အားစုနဲ့ဘက်တော့ တစ်ဖက်သတ်ရပ်တာမျိုး မရှိဘူးဆိုတာကိုတော့ ယုံချင်တယ်။

ချူအင်လိုင်း ■ (ပြုံးရင်း) သေချာရဲ့လား၊ ခင်ဗျားတို့ဘက်က တောက်လျှောက် ငြင်းခဲ့တာပဲလေ။ ကျွန်တော်ပြောတာ အာဏာသိမ်းတဲ့ ကိစ္စပါ။ အဲဒါ စီအိုင်အေ ပယောဂ ကင်းတယ်ပေါ့။

ကစ်ဆင်းဂျား ■ စီအိုင်အေနဲ့ မဆိုင်ပါဘူး။
(ဗိုလ်ချုပ်ကြီးလုံနိုးဦးဆောင်သည့် ၁၉၇၀ အာဏာသိမ်းပွဲကို ပြောကြခြင်း ဖြစ်ပါသည်။ စီအိုင်အေပယောဂကို တရုတ်ဘက်မှ စွပ်စွဲသော်လည်း အမေရိကန်တို့ဘက်မှ တောက်လျှောက်ငြင်းခဲ့သည်။ ကစ်ဆင်းဂျား၏ 'အိမ်ဖြူတော်နှစ်များ' စာအုပ်တွင်မူ ဤကိစ္စကို သွယ်ဝိုက် ဝန်ခံသလို ရေးခဲ့ပါသည်။)

ချူအင်လိုင်း ■ ဒေါက်တာအနေနဲ့ ဒီကိစ္စကို လာအိုနဲ့ အတူတူလို့ ဆိုလိုချင်တာလား။ (လာအိုနိုင်ငံရေးတွင် အမေရိကန် စွက်ဖက်မှုများကို ရည်ညွှန်းလိုက်ခြင်း ဖြစ်သည်။)

ကစ်ဆင်းဂျား ■ မတူပါဘူးဗျား။ တခြားစီပါ။

ချူအင်လိုင်း ■ ဒါဖြင့် ဘယ်သူ့လက်ချက်လဲ။

ကစ်ဆင်းဂျား ■ ဒီကိစ္စနဲ့ပတ်သက်ပြီး ဝန်ကြီးချုပ်ကို ကျွန်တော် ပြောခဲ့ဖူးပါတယ်နော်။ ကမ္ဘောဒီးယားမှာ အာဏာသိမ်းလိုက်ပြီလို့ ကြားကြားချင်း ဒါ သီဟာနုကိုယ်တိုင်များ တစ်ဖက်လှည့်နဲ့ လုပ်တာလားလို့တောင် ထင်လိုက်မိသေးတယ်။



ဒီနိုင်ငံမှာ ဗီယက်နမ်တပ်တွေ ရှိနေတာကို လူထုက မကျေနပ် ဖြစ်နေတယ်ဆိုတာ ဟနွိုင်ကို သိစေချင်လို့ အကွက်ဆင်လိုက်တာများလားပေါ့။ ကျွန်တော် တကယ့်ကို ရိုးရိုးသားသား စဉ်းစားမိတာပေါ့။

ချူအင်လိုင်း ■ မှတ်မိတယ်၊ ဒေါက်တာ ကျွန်တော့်ကို ပြောဖူးတယ်။

ကစ်ဆင်းဂျား ■ အဲဒါ ကျွန်တော် ရိုးရိုးသားသားထင်တာပါ။

ချူအင်လိုင်း ■ ကျွန်တော်ကတော့ သံသယရှိတယ်ဗျ၊ အထူးသဖြင့် စီအိုင်အေ ကိုပေါ့။ ဒီကိစ္စ ဒေါက်တာ သေချာလေ့လာ စေချင်တယ်။

ကစ်ဆင်းဂျား ■ ကျွန်တော် ရလာသမျှလောက်တော့ စီအိုင်အေနဲ့ မဆိုင်ပါဘူးဗျား။ ကျွန်တော် ဝန်ကြီးချုပ်ကို ဘာကြောင့် လိမ်ပြောရမှာလဲ။ ခုချိန်မှာတော့ လိမ်နေလို့တော့ ဘာ အကြောင်းထူးမှာလဲဗျာ။

ချူအင်လိုင်း ■ ပြင်သစ်လက်ချက်တော့ မဖြစ်နိုင်ဘူးလား။

ကစ်ဆင်းဂျား ■ စဉ်းစားစရာပေါ့လေ၊ ပြင်သစ်မဟုတ်ပါဘူး။ အကျိုးစီးပွားချင်း ဆက်စပ်နေတဲ့ ဘယ်အင်အားစုမဆို ဖြစ်နိုင်တာပဲလား။ ဥပမာ-ဆိုင်ဂုံ က သူ့ သဘောနဲ့သူ လုပ်တာတော့ မဖြစ်နိုင်ဘူးလား။ ကျွန်တော် သေသေချာချာ ပြောနိုင်တာကတော့ ဒီကိစ္စဟာ ကျွန်တော်တို့နဲ့ မဆိုင်ဘူးဆိုတာပဲ။ အဲဒီအချိန်က ကျွန်တော်တို့ ပေါ်လစီက သီဟာနုနဲ့ ပုံမှန်ဆက်ဆံရေး ထူထောင်ဖို့ ကြိုးစားနေတာပါ။ ကျွန်တော်တို့ချင်းတောင် စာပေးစာယူ လုပ်ခဲ့ကြသေးတာပဲ။ ဝန်ကြီးချုပ်မှတ်မိတယ်မို့လား၊ ကမ္ဘောဒီးယားမှာ ဗီယက်နမ်တပ်တွေ ရှိနေတာကို အရင်တလဲ လက်မခံဘူး၊ အခုလဲ လက်မခံ ဘူး၊ အခုဆိုရင် ဒီအချက်မှာ ကျွန်တော်တို့ချင်း သဘောညီနေကြပြီလား။ ဒီနေ့ ကမ္ဘောဒီးယားမှာ နိုင်ငံရေးအရ ညှိနှိုင်း အဖြေရှာတာမျိုး လုပ်သင့်တယ်ဆိုတာ ကျွန်တော်လက်ခံ

Copyright (c) www.nldlanorway.com 22/11/2008

ပါတယ်။ ဒါပေမဲ့ အဲဒီက နိုင်ငံရေးအင်အားစုအားလုံး ပါဝင်နိုင်တော့ လိုလိမ့်မယ်။ ဒီလိုပြောလို့ လက်ရှိအစိုးရက လွှမ်းမိုးထားတဲ့ ရွေးကောက်ပွဲမျိုးကို မျှော်လင့်နေတာ မဟုတ်ပါဘူး။ တစ်ခုတော့ရှိတာပေါ့ဗျာ။ ကျွန်တော်တို့ အနေနဲ့ အစိုးရတစ်ခုကို တရားဝင် အသိအမှတ် ပြုပြီးမှတော့ ဘယ်လိုလုပ် သီဟာနုနဲ့ တိုက်ရိုက်ဆက်ဆံလို့ ဖြစ်မှာလဲ။ တကယ်လို့ ကမ္ဘောဒီးယားမှာ အပစ်အခတ် ရပ်စဲပြီးပြီ ဗီယက်နမ်တပ်တွေလဲ မရှိတော့ဘူးဆိုရင်တော့ တစ်မျိုးပေါ့။ ဒီလိုအချိန်မျိုး ရောက်ရင်တော့ ကမ္ဘောဒီးယားပြဿနာ ဖြေရှင်းရေးမှာ သီဟာနုရဲ့ အခန်းက အရေးကြီးလာမှာပါ။ ကမ္ဘောဒီးယားနိုင်ငံရေး အင်အားစုတစ်ခုချင်းဖြစ်တဲ့ ပြဿနာမှာ ကျွန်တော်တို့ ဘယ်ဘက်မှမပါချင်ဘူး။ အဲဒီနိုင်ငံမှာ ဘယ်နိုင်ငံခြားတပ်မှလဲ မရှိစေချင်ဘူး။ ဒီတော့ သီဟာနုနဲ့ ကျွန်တော်တို့ ဆွေးနွေးလို့ မဖြစ်တာဟာ သီဟာနုအပေါ် သဘောထားနဲ့ မဆိုင်ပါဘူး။ အခြေအနေကိုက ဒီအတိုင်း ဖြစ်နေတာပဲလေ။ ဝန်ကြီးချုပ် ကျွန်တော်တို့ကို နားလည်ပေးစေချင်ပါတယ်။

ချူအင်လိုင်း ■ ပြင်သစ်ကတော့ နှစ်ဖက်လုံးနဲ့ ဟန်မပျက်ဆက်ဆံနေတာပဲဗျ။ ဆိုဗီယက်ကလဲ ဒီအတိုင်းပဲ။ ဒီတော့ ပြဿနာက ရှုပ်သထက်ရှုပ်လာတာပေါ့။

ကစ်ဆင်းဂျား ■ အင်း.. ပြင်သစ်ရဲ့သဘောကတော့ သူ့လက်ကျန် ပစ္စည်းလေးတွေ အရင်းမစိုက်ဘဲ ပြန်လိုချင်ဟန် တူပါရဲ့။

(ရယ်သံများ)

ချူအင်လိုင်း ■ လွန်ခဲ့တဲ့ သုံးနှစ် ကမ္ဘောဒီးယားမှာ ပြဿနာပေါ်နေတုန်းကပေါ့။ သီဟာနုကို ဆိုဗီယက်သွားဖို့ တိုက်တွန်းလိုက်တာ ပြင်သစ်နော်။ သီဟာနုမရှိတော့ လုံနိုး

Copyright (c) www.nldlanorway.com



အတွက် အခွင့်အရေးကောင်းကောင်း ရသွားတာပေါ့ဗျာ။ ကမ္ဘောဒီးယားမှာ လုံနိုးလဲတက်လာရော ကိုစီဂင် (ဆိုဗီယက်ဝန်ကြီးချုပ်)က မင်းသားကြီးကို ကျွန်တော်တို့ဆီ ပို့လိုက်တော့တာပဲ။ ကျွန်တော်တို့ကတော့ မင်းသားကြီးဘက်က မှန်တယ်ယုံကြည်လို့ သူ့ကို ထောက်ခံ တာပဲလေ။ ဒါ လုပ်သင့်လုပ်ထိုက်တာလို့ ယူဆတယ်။

အဲဒီအချိန်မှာပဲ လုံနိုးက ကျွန်တော်တို့ဆီ ကမ်းလှမ်းလာတယ်။ ကျွန်တော်တို့နဲ့ ပုံမှန်ဆက်ဆံရေး ပြန်ထူထောင်ချင်တယ်ပေါ့။ အရင် သီဟာနုက တစ်ဆင့် တောင်ဗီယက်နမ်ကို အကူအညီပို့ပေးတာမျိုးလဲ ဆက်လုပ်မယ်။ ဒီအတွက် သူဆက်ပြီး တာဝန်ယူချင် ပါတယ် ပေါ့ဗျာ။ ဒီအတွက် သူက ကော်မရှင်ရမှာကိုး။ ကျွန်တော်တို့ ငြင်းလိုက်ပါတယ်။ ဒီလိုလူမျိုးနဲ့ အပေးအယူ မလုပ်ချင်ဘူး။

(၁၉၆၀ အလွန်နှစ်များမှစ၍ တရုတ်ပြည်မှ တောင်ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေးတပ်ဦးသို့ ပေးပို့သော အကူအညီများမှာ ကမ္ဘောဒီးယားမှ တစ်ဆင့် သွားခြင်းဖြစ်ပါသည်။ ဤအတွက် ကမ္ဘောဒီးယား အစိုးရက ကော်မရှင် ၁၀% ရသည်။ လုံနိုးကကမ်းလှမ်းခဲ့သည်မှာ ဤကိစ္စဆက်လုပ်ရန် ဖြစ်ပါသည်။)

ကစ်ဆင်းဂျား ■ ကျွန်တော့်အထင်ပြောရရင် သီဟာနုသာ မော်စကို မသွားဘဲ ဖနွမ်ပင်ပြန်ရင် သူ့ထီးနန်းလဲ ဆုံးမှာမဟုတ်ဘူး။ ဝန်ကြီးချုပ်လဲ ဆက်ဖြစ်နေဦးမှာပဲ ထင်တယ်။

ချူအင်လိုင်း ■ အင်း ထောင်ထဲလဲ ရောက်ချင်ရောက်သွားမှာပေါ့။

ကစ်ဆင်းဂျား ■ ဟုတ်တယ်နော်။ ဒါလဲဖြစ်နိုင်တာပဲ။

ချူအင်လိုင်း ■ ဒေါက်တာကော လုံနိုးနဲ့ရင်းနှီးလား။

ကစ်ဆင်းဂျား ■ တစ်ခါပဲတွေ့ဖူးပါတယ်။ ကျွန်တော့်အထင် ဆိုင်

22/11/2008

ထက်ထက်မြက်မြက်ထဲကတော့ ဟုတ်ဟန် မတူပါဘူး။

ချူအင်လိုင်း ■ လွန်ခဲ့တဲ့နှစ်နှစ်လောက်က လေဖြတ်သေးတယ်လို့လဲ ကြားတယ်။

တစ်ဆင်းဂျား ■ ဒီလူဟာ တရုတ်ပြည်နဲ့ ပုံမှန်ဆက်ဆံရေးထူထောင်ဖို့ အိပ်ကို စိတ်အား ထက်သန်နေရှာတာပါဗျာ။

ချူအင်လိုင်း ■ (ခေါင်းယမ်းရင်း)မဖြစ်ပါဘူး။ ဒေါက်တာတို့အနေနဲ့တော့ ပါကစ္စတန်ကို လက်နက်ဖြတ်ချင်တာနဲ့ ဗီနိုယကို ထောက်ခံလို့ သင့်ပါ့မလား။ ကျွန်တော့် သဘော ပြောရရင်၊ ကျွန်တော်တို့အားလုံး လုံခြုံကို မထောက်ခံ သင့်ပါဘူး။ တရားမျှတရေးရှုထောင့်ကကြည့်ရင်လဲ ဒီအတိုင်းပဲ အဖြေထွက်ပါတယ်။

တစ်ဆင်းဂျား ■ ဒါပေမဲ့ ကြားဖြတ်ဖြေရှင်းနည်းတစ်ခု အနေနဲ့တော့ စဉ်းစားသင့်မလားလို့ ဥပမာပေါ့ဗျာ၊ လုံခြုံရဲ့ လူတွေ အနေနဲ့ ဒီဟာနူရဲ့ ဝန်ကြီးတစ်ယောက်နဲ့ ညှိကြနှိုင်း ကြရင်တော့။ ဒီဆွေးနွေးပွဲကနေ ကြားဖြတ်အစိုးရ တစ်ခုခု ဖြစ်မလာဘူးလား။

ချူအင်လိုင်း ■ ဒီကိစ္စ လုံခြုံမပါဘဲ မဖြစ်ဘူးလား။

တစ်ဆင်းဂျား ■ အပြီးသတ်အဖြေမှာတော့ သူမပါလဲဖြစ်ပါတယ်။

ချူအင်လိုင်း ■ ဒေါက်တာ့ရဲ့ အစီအစဉ်ကို မင်းသားကြီးကလဲ လက်ခံမယ် မထင်ဘူး။ ပြီးတော့ ကမ္ဘောဒီးယားနိုင်ငံထဲက ခုခံရေး အင်အားစုတွေလဲ ရှိသေးတယ်။

(ဝန်ကြီးချုပ် ချူအင်လိုင်းပြောသည်မှာ ခမာနီတပ်ဖွဲ့ကို ရည်ညွှန်းခြင်းဖြစ်သည်။)

တစ်ဆင်းဂျား ■ ဒါဖြင့်ရင် ဘယ်လိုမျိုးမှ လက်ခံနိုင်မှာလဲ။

ချူအင်လိုင်း ■ လုံခြုံကို ဖယ်ရှားဖို့ပေါ့. . .။

တစ်ဆင်းဂျား ■ လုံခြုံမဟုတ်ဘဲ တခြားတစ်ယောက်ယောက် ဆိုရင်



ချူအင်လိုင်း ■ နေပါဦး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆီဟာနုက်နဲ့ မြင်သစ်ကတော့ ဘယ်လို သဘောထားရှိလဲ၊ ဒေါက်တာနဲ့တော့ ဆွေးနွေးဖူးသလား။

တစ်ဆင်းဂျား ■ မြင်သစ်နဲ့တော့ လုံးဝမပြောဖူးပါဘူး။ ဆီဟာနုက်သဲ အမတ်ကြီးနဲ့တော့ အလွတ်သဘော ပြောဖူးတာရှိတယ်၊ ဒါလဲ မပီမသပါ။ ကျွန်တော့်အထင် ပြောရရင် ဆီဟာ နုက်ရဲ့သဘောက ခမာနီယက်စာရင် လုံခြုံဘက် ပို့ရွှတ် သလိုပဲ၊ သီဟာနုဘက် ပြောတ်တာတော့ သေချာ တယ်ဗျ။

ချူအင်လိုင်း ■ ဟုတ်တယ်၊ သူတို့က မင်းသားကြီးကို မကြိုက်ဘူး၊

တစ်ဆင်းဂျား ■ ကျွန်တော် ဝန်ကြီးချုပ်ကို ပြောစရာတစ်ခုလဲ ရှိသေးတယ်။ ဒီကိစ္စကို ကျွန်တော် လီဒက်သိုနဲ့ အနည်းအကျဉ်း ဆွေးနွေးဖူးတယ်လေ၊ သူ့သဘောကလဲ တွေ့ဆုံဆွေး နွေးရေးကို လိုလားတဲ့ပုံပါပဲ။ သူက ဘာပြောလဲဆို တော့ 'အပြီးသတ်ဆုံးဖြတ်ချက်ကို ဟန္နိုင်မှာချလို့ မဖြစ် ပါဘူး'တဲ့။ ဝန်ကြီးချုပ်နဲ့ တိုက်ရိုက် ဆွေးနွေးချင်တဲ့ သဘော ဖြစ်နိုင်မယ်ထင်တယ်။

(လီဒက်သိုမှာ ဗီယက်နမ်အလုပ်သမားပါတီ ပေါ်လစ် ဗျူရိုအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ပါရီဆွေးနွေးပွဲများအတွင်း ကစ်ဆင်းဂျားနှင့် ရင်နှီးခဲ့သူဖြစ်ပါသည်)

ချူအင်လိုင်း ■ သူက ကျွန်တော့်ကိုပြောတော့ ဒီကိစ္စ ဒေါက်တာအကြံ ပေးတာဘဲ၊ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် ဆွေးနွေး သင့်တယ်လို့ ဒေါက်တာကပြော ဆိုပဲ။

တစ်ဆင်းဂျား ■ ဟုတ်ပါတယ်။ သူက စပြောလို့ပါ။ အကောင်းဆုံးကတော့ ဝန်ကြီးချုပ်ချူအင်လိုင်းနဲ့ ပြောကြဆိုကြတာ ဖြစ်လိမ့်မယ်လို့ ကျွန်တော်ကပြောခဲ့တာ၊ ဒီလို ဆွေး နွေးပွဲဖြစ်ရင် ကျွန်တော်တော့ ဝမ်းသာမှာပဲလို့တောင် ပြောခဲ့သေးတယ်။ အင်း လီဒက်သိုမှာလဲ သူ့ပြဿနာ

Copyright (c) www.nldlanorway.com 22/11/2008

နဲ့ဘူ ရှိရှင်ရှိမှာပေါ့လေ။ အချိန်ပြည့်သာနေပေါ့။ အသက်က ကြီးပြီမို့လား။

**ချူအင်လိုင်း** ■ ဒါကတော့ သူတို့ဘီယက်နမ်ပါတီ) အတွေ့အတွေ့ အကျင်း ရေးမှုးချုပ်မှာလဲ ရှိတာပါပဲဗျား။

(ရယ်သံများ)

အင်း ခုစာစောက ဒေါက်တာရဲ့ အကြံပေးချက်နဲ့ ပတ်သက်ပြီး ပြောရရင် မင်းသားကြီးသီဟာနုက ကျွန်တော်တို့ဆီမှာ ရှိနေတော့ ကျွန်တော်တို့ အနေနဲ့ ပြောရမှာ ခက်နေတယ်။

(လုံနိုးနှင့် သီဟာနုတို့၏ ကိုယ်စားလှယ်ချင်း တွေ့ဆုံရန်ကိစ္စကို ဆိုလိုပါသည်။)

**ကစ်ဆင်းဂျား** ■ ဟုတ်တယ်နော်၊ ဒါကို သီဟာနုက သတင်းစာထဲမှာ ဖြစ်ဖြစ်၊ အင်တာဗျူးမှာဖြစ်ဖြစ် ပြောလိုက်ရင် ရှုပ်ကုန်နိုင်တာကိုး။

**ချူအင်လိုင်း** ■ သူက ကျွန်တော်ပြောသမျှကို ပြန်ပြောလေ့ရှိတယ်ဗျ၊ တစ်ခါတလေ ကျွန်တော်မပြောတာတွေလဲ ကျွန်တော့် အပြောဆိုပြီး ပြောချင်ပြောတတ်သေးတာ၊

(ရယ်သံများ)

ကျွန်တော်တို့ကလည်း သူ့ကို ပြည်သူ့နေ့စဉ်မှာ လွတ်လွတ်လပ်လပ် ပြောခွင့်ရေးခွင့် ပေးထားတာလေ၊ ဒုတိယကမ္ဘာစစ် အကြိုကာလ၊ အင်္ဂလန်မှာ ဂျင်နရယ်ဒီဂေါ(လ) ရခဲ့တဲ့ အခွင့်အရေးမျိုးကို ပေးထားတာပါ။ ထားပါတော့လေ၊ ကျွန်တော်တို့သဘောထားကို ဆက်ပြောပါမယ်၊ တရုတ်ပြည်ရဲ့ တရားဝင်ရပ်တည်ချက်ကတော့ ၁၉၇၀ မတ်လ ၂၃ ကြေညာချက်ကို ထောက်ခံတယ်၊ ကမ္ဘောဒီးယား ပြည်တွင်းအင်အားစုတွေကလဲ ဒါကို ထောက်ခံကြပါတယ်၊ ဒီကြေညာချက်ကိုတော ဒေါက်တာ သိပြီးပါပြီလား၊

Copyright (c) www.nldlanorway.com



**ကစ်ဆင်းဂျား** ■ ဟင့်အင်း၊ မသိသေးဘူးဗျ၊

**ချူအင်လိုင်း** ■ ဟုတ်တာပေါ့၊ အဲဒီတုန်းက ဒီကိစ္စတွေထဲမှာ ဒေါက်တာမှ မပါခဲ့သေးတာ၊

**ကစ်ဆင်းဂျား** ■ ဟုတ်တယ်ဗျား၊ ဒီကိစ္စကို ကျွန်တော် ဘာ့ကြောင့် မသိတာပါလိမ့်၊ ကျွန်တော်အတ်ချင်ပါတယ်၊ ဝန်ကြီးချုပ်ဆီမှာရှိတာ အင်္ဂလိပ်လိုလား၊ ပြင်သစ်လိုလား၊

**ချူအင်လိုင်း** ■ နှစ်မျိုးလုံးရှိပါတယ်၊

(၁၉၇၀ မတ်လ ၂၃ ကြေညာချက်မှာ လုံနိုး အာဏာသိမ်းပြီးခါစက ထုတ်ပြန်ခဲ့သော သီဟာနု၏ ကြေညာချက်ဖြစ်ပါသည်၊ အမျိုးသားလွတ်မြောက်ရေး တပ်မတော် ထူထောင်ရန်၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု ထူထောင်ရန်၊ အမျိုးသားညွန့်ပေါင်း အစိုးရ ထူထောင်ရန်စသော အချက်များ ပါဝင်သည်)

**ကစ်ဆင်းဂျား** ■ တရားဝင်ရပ်တည်ချက်ဆိုတာလဲ တစ်မိုင်းပေါ့လေ၊ ဒါပေမဲ့ အပြီးသတ် ဆုံးဖြတ်ချက်တော့ ဖြစ်ချင်မှ ဖြစ်နိုင်တာကလား၊ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ အနေနဲ့ကတော့ ဝန်ကြီးချုပ်တို့နဲ့ ပူးပေါင်းလုပ်ကိုင်သွားချင်ပါတယ်၊ မင်းသားကြီးသီဟာနုရဲ့ ဂုဏ်သိက္ခာနဲ့ လျော်ညီတဲ့ ဖြေရှင်းနည်းမျိုးကိုလဲ လိုချင်ပါတယ်၊

**ချူအင်လိုင်း** ■ အင်းလေ ဒေါက်တာ့အနေနဲ့လဲ ဖြစ်နိုင်ခြေတစ်ခုကို ပြောတာပဲဟာ၊ ကျွန်တော် သဘောပေါက်ပါတယ်၊ လောလောဆယ်မှာဖြစ်နိုင်ခြေ မရှိသေးပေမယ့် ထပ်စဉ်းစား ကြသေးတာပေါ့ဗျာ၊

**ကစ်ဆင်းဂျား** ■ ကောင်းပါတယ်၊ ကျေးဇူးလဲတင်ပါတယ်၊

* * * * *

22/11/2008

| | |
|---|---|
| နေ့ရက် | ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက် |
| အချိန် | မွန်းလွဲ ၂း၄၅ မှ ညနေ ၇း၁၅ |
| နေရာ | ဝီကင်းမြို့တော်၊ ပြည်သူ့ခန်းမဆောင်အတွင်း |
| ပါဝင်သူများ | ဝန်ကြီးချုပ် ချူအင်လိုင်း၊ နိုင်ငံခြားရေးဝန်ကြီး ယဲ့ပင်ဖေး၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချောင်ကွမ်ဟွ၊ ဟင်နရီကစ်ဆင်းဂျား၊ အမျိုးသားလုံခြုံရေးကောင်စီဝင် ရစ်ချတ်ဆော်ကင်နေဒီ၊ ကောကြမ်နင်ဦး၊ မှတ်တမ်းတင်သူလုံဦး |

ချူအင်လိုင်း ■ ဒီနေ့လဲ ကမ္ဘောဒီးယားပြဿနာနဲ့ပဲ နပန်းလုံးရလိမ့်ဦးမယ်ထင်တယ်။ ဒီတစ်ခေါက် ဒေါက်တာရဲ့ ခရီးစဉ်မှာ ဒီကိစ္စက ထိပ်တက်နေတာကိုး၊ ဒေါက်တာရဲ့ စဉ်းစားချက်ကို ကျွန်တော်နားလည်နိုင်ပါတယ်။ ကျွန်တော်တို့အနေအထားကိုလဲ ဒေါက်တာ သဘောပေါက်မှာပါ။ ၁၉၇၀ ကြေညာချက် မြင်သစ်မူဝေဒ အင်လိပ်မူကိုပါ ကျွန်တော် ပေးပြီးပြီနော်။ ကမ္ဘောဒီးယားပြည်တွင်းက ဘုရင့်အစိုးရ ဝန်ကြီးသုံးယောက်ရဲ့ ပူးတွဲကြေညာချက်ကိုလဲပေးဦးမယ်။ ဒီကိစ္စမှာ ကျွန်တော်တို့ ဩယုက်နမ်နဲ့လဲ သဘောတူပြီးပါပြီ။ ကမ္ဘောဒီးယားဘုရင့်အစိုးရနဲ့ အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုကို ထောက်ခံရေးပေါ့။ ဒီတော့ ကျွန်တော့်သဘောက ဒေါက်တာတို့ကို ဒီကိစ္စမှာ ဝင်မပါစေချင်ဘူးလေ။ ကျွန်တော် ခုလိုပြောတော့ "ခင်များတို့လဲ ဝင်မပါကြနဲ့" လို့ ဒေါက်တာကလဲ ပြောချင်မှာပဲ။

ကစ်ဆင်းဂျား ■ (ဟက်ဟက်ပက်ပက် ပြုံးရင်း) ဟုတ်တာပေါ့။

ချူအင်လိုင်း ■ ဒီကိစ္စဟာ ပြည်တွင်းစစ်သက်သက် ဆိုရင်တော့လဲ လုပ်ရကိုင်ရတာ ပိုရှင်းတာပေါ့ဗျာ။ ခုဟာက ပြည်တွင်းရေးသက်သက်လို့ မြန်မြန်ဆန်ဆန်ကြီး တောက်ချက်ချ



ဖို့လဲ မလွယ်သေးဘူးဗျ၊ အရင်က တရုတ်ပြည်အနေအထားနဲ့များ ခပ်ဆင်ဆင် ဖြစ်နေမလားဘဲ။ ဒီလိုပြောလို့ တစ်ထပ်တည်းလို့တော့ မဆိုလိုဘူးနော်။ (၁၉၄၆-၄၉ တရုတ်ပြည်တွင်းစစ်ကာလကို ရည်ညွှန်းပြောခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဗိုလ်ချုပ်ကြီးမျော့မာရှယ်က မော်စီတုန်းနှင့် ချန်ကေရှိတ်ကြားတွင် စေ့စပ်ဖို့ ကြိုးစားခဲ့ဖူးသည်။)

အဲ ကျွန်တော်တို့လုပ်နိုင်တာ တစ်ခုတော့ရှိရဲ့။ ကမ္ဘောဒီးယား အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုထဲက အင်အားစုအသီးသီးဆီကို ဒေါက်တာတို့ သဘောထားပို့သွားဖို့ နည်းမျိုးစုံနဲ့လုပ်ရမှာပဲ။ ဒီအစုအဝေးကြီးက တစ်ခွဲ တစ်ပါတီကိုသာ ကိုယ်စားပြုတာမဟုတ်ဘူးလေ။ လက်ဝဲရော လက်ယာရော ကြားအင်အားစုရောအကုန်ပါတယ်။ ဒီမှာ မင်းသားကြီးဆီဟနုက်(ခ) နိုရိုဒွန်သီဟာနုဟာ အလယ်ဗဟိုမကျိုင်ပေါ့။ လာတို့ ဘုရင်လိုလာကိုဝန်ကြီးချုပ် သုဝဏ္ဏဖုမာလိုပေါ့ဗျာ။ ကမ္ဘောဒီးယား ပြည်တွင်းမှာတော့ လက်ဝဲအင်အားစုက အားအကောင်းဆုံး ဖြစ်လိမ့်မယ်။ လုံနိုးအုပ်စုထဲမှာလဲ မတူတဲ့သဘောထား အယူအဆတွေ ရှိလိမ့်မယ် ထင်ပါတယ်။ ဘယ့်နှယ်လဲ . . . ။

ဒီကိစ္စမှာ မြင်သစ်နဲ့ ဆိုဗီယက်ကလဲ သိမ်မွေ့ချောက်နေတယ်ဗျ၊ ဆိုဗီယက်ဆိုရင် ခမာနီမှာ သူတို့ ကြံ့ခိုင်ရေးထောင်ဖို့ ကြိုးစားနေတာပဲ။ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ မလွယ်ပါဘူး။ နောင်တစ်ချိန်မှာတော့ ဒီအလားအလာဟာ ဖြစ်တောင်း ဖြစ်လာနိုင်ပါတယ်။ ဒီတော့ ရေ့လျှောက် ကျွန်တော်တို့အချင်းချင်းကြားမှာ အမြဲနိုင်ကောင်း သတင်းဖလှယ်ကြဖို့ လိုမယ်ထင်တယ်။ ကျွန်တော် ဆိုလိုချင်တာက သတင်းအချက်အလက်

Copyright (c) www.nldlanorway.com 22/11/2008

ဖလှယ်ရဲ့ သက်သက်ပါ။ သဘောထား အမြင်ချင်း ဖလှယ်တဲ့ အဆင့်ထိ မရောက်သေးပါဘူး။

**တစ်ဆင်းဗျား** ■ ဝန်ကြီးချုပ်ပြောတာ ကျွန်တော် သဘောပေါက်ပါတယ်။

**ချူအင်လိုင်း** ■ ဘာပဲဖြစ်ဖြစ် လွတ်လပ်ပြီး အမှီခိုကင်းတဲ့ ငြိမ်းချမ်းသာယာပြီး စည်းလုံး ညီညွတ်တဲ့ အချုပ်အခြာ အာဏာပိုင် ကမ္ဘောဒီးယားနိုင်ငံ ထူထောင်ရေးဆိုတဲ့ ရည်မှန်းချက်ကိုတော့ မျက်ခြေပြတ်လို့မရဘူးပေါ့ဗျာ။ ဒါပေမဲ့ ခြေလှမ်းတိုင်းကိုတော့ သတိကြီးကြီးထားပြီး လှမ်းဖို့ လိုလိမ့်မယ်။

**တစ်ဆင်းဗျား** ■ ဝန်ကြီးချုပ်ပြောတဲ့ ရည်မှန်းချက်အားလုံးကို ကျွန်တော်တို့ အပြည့်အဝ သဘောတူပါတယ်။

**ချူအင်လိုင်း** ■ ဒါပေမဲ့ ဒီရည်မှန်းချက်တွေပြည့်စုံဖို့ ဘယ်လမ်းက အကောင်းဆုံးဖြစ်မလဲ ဆိုတာတော့ စောင့်ကြည့်ရဦးမှာပဲလေ။ ဒီကိစ္စကို ခေါက်တာ သဘောပေါက်သလို နိုရိုဒွန်သီဟာနုလဲ နားလည်ပါတယ်။ ကျွန်တော်တို့ တလဲ 'မင်းသားကြီး'ကို တရုတ်ပြည်က ကြိုးကိုင်ထားတာ' ဆိုတာမျိုး မဖြစ်စေချင်ပါဘူး။ ပြည်သူ့နေ့စဉ်သတင်းစာမှာ သူပြောသမျှ ရေးသမျှဟာ သူ့အမြင် သူပြောတာပဲ။ ကျွန်တော်တို့နဲ့ ဘာမှမဆိုင်သလို ဘာမှလဲ ဝင်မစွက်ပါဘူး။

ခုဆိုရင် တရုတ်ပြည်နဲ့ပတ်သက်လို့ တင်းချင်းတွေ သုံးရေးနေတယ်။ ကဗျာတစ်ပုဒ်မှာဆိုရင် တရုတ်ပြည်ကို သူ့ရဲ့ 'ဒုတိယအမိနိုင်ငံ' လို့တောင် သုံးခဲ့သေးတယ်။ ပြောရရင် ကျွန်တော်ကတောင် သူ့ကို အကြံပေးခဲ့ဖူးပါတယ်။ 'အမိနိုင်ငံ'ဆိုတာ သိပ်များလွန်းနေမလားဗျာ။ 'ဇာတိနိုင်ငံ' လောက်ဆိုရင် တော်ရောပေါ့လို့။ ဒါပေမဲ့ သူကမပြင်ဘူး။ 'အမိနိုင်ငံ'လို့ ဆက်သုံးနေတာပဲ။ ကျွန်တော် ဘာမှပြောစရာမရှိတော့ဘူးလေ။



ခုတလော သူမကြာခဏ ပြောနေတာရှိတယ်။ ကျွန်တော်ဟာ သူ့ရဲ့ အကောင်းဆုံးမိတ်ဆွေတွေထဲက တစ်ယောက်ပါတဲ့။ မစွတာမန်းစစ်း လိုပေါ့ဗျာ။ ဒါလဲ ပုဂ္ဂိုလ်ရေးသဘောလို့ ကျွန်တော် ယူဆပါတယ်။ တကယ်လဲ ကျွန်တော်တို့အချင်းချင်းက သိပ်ခင်ကြတာကိုး။ တရားဝင် အနေနဲ့တော့ သူဟာ ကမ္ဘောဒီးယားဆိုတဲ့ ဗုဒ္ဓဘာသာနိုင်ငံတစ်ခုရဲ့ အကြီးအကဲသာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အရှေ့တောင်အာရှကို ငြိမ်းချမ်းတဲ့ ကြားနေဒေသကြီးတစ်ခု ဖြစ်လာစေချင်ရင် ကမ္ဘောဒီးယားဟာ ဒီ မျှော်လင့်ချက်အတွက် စံပြဖြစ်ပါလိမ့်မယ်။

**တစ်ဆင်းဗျား** ■ ဒီရည်မှန်းချက်ကိုလဲ အပြည့်အဝနဲ့ လိုက်လိုက်လှဲလှဲ ထောက်ခံပါတယ်ဗျာ။ ဒီအတွက် ဘယ်လမ်းကြောင်းကို ရွေးရမယ်ဆိုတာကိုတော့ ကျွန်တော်တို့ ကိုယ်တိုင်လဲ မဆုံးဖြတ်နိုင်သေးပါဘူး။ ဝန်ကြီးချုပ်ပြောသလို စောင့်ကြည့် ရဦးမှာပေါ့။

**ချူအင်လိုင်း** ■ ဟုတ်တယ်။ ဒီပြဿနာကို ကျွန်တော်တို့ ဂရုတစိုက် လေ့လာရမယ်။

**တစ်ဆင်းဗျား** ■ ကျွန်တော်တို့ရှင်း အပြန်အလှန် သတင်းဖလှယ်ကြဖို့လဲ ကျွန်တော်တို့ ဘက်က မြင်ဆင်ထားပါတယ်။

**ချူအင်လိုင်း** ■ ကျွန်တော်မေးတဲ့ မေးခွန်းတွေနဲ့ ပတ်သက်လို့ ခေါက်တာပေးတဲ့အဖြေကို ကျွန်တော် ယုံကြည်ပါတယ်။ အတိုင်းအတာတော့ ရှိတာပေါ့ဗျာ။ ကျွန်တော်တို့ဘက်က လုံးဝကို ငြင်းတာကလဲ သူ့ကိုယ်စားပြုတဲ့ တစ်ခုံလုံးကို ဆိုလိုတာမဟုတ်ပါဘူး။ ဒါကိုလဲ ခေါက်တာ နားလည်စေချင်ပါတယ်။

**တစ်ဆင်းဗျား** ■ ဟုတ်ကဲ့ နားလည်ပါတယ်။ ဘာပဲဖြစ်ဖြစ် တခြားလုပ်နိုင်စရာရှိမယ့် နည်းလမ်းတွေကိုလဲ ကျွန်တော်တို့ စဉ်းစားသင့်မယ်ထင်တယ်။ တကယ်လို့ ကမ္ဘောဒီးယား

Copyright (c) www.nldlanorway.com
22/11/2008

ပြဿနာဟာ နိုင်ငံခြားရွက်ဖက်မှုမပါဘဲ ပြည်တွင်းရေး ကိစ္စသက်သက် ဖြစ်သွားရင် ဝန်ကြီးချုပ်ပြောတဲ့ ရည်မှန်းချက်တွေနဲ့ ပိုနီးသွားမယ် ထင်တာပဲ။ ကျွန်တော် စဉ်းစားမိတာကို ပြောတာပါ။

**ချူအင်လိုင်း** ■ ဒေါက်တာနဲ့ကျွန်တော် သဘောတူနိုင်စရာ ရှိပါတယ်။ ဖြစ်နိုင်ခြေရှိတဲ့ ဦးတည်ချက်အားလုံးကို ထည့်စဉ်းစားရမှာပေါ့။ ဒီနေရာမှာ ကျွန်တော့်သဘောကို ပွင့်ပွင့်လင်းလင်း ပြောပါမယ်။ ကမ္ဘောဒီးယားတစ်နိုင်ငံလုံး လုံးဝနီသွားဖို့ဆိုတာ လောလောဆယ်အခြေအနေမှာ မဖြစ်နိုင်ပါဘူး။ ဒီလိုဖြစ်ဖို့ ဇွတ်ကြိုးစားရင် ပြဿနာတွေ ပိုရှုပ်ကုန်မှာပေါ့။ တကယ်တော့ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကနေပဲ အခြေရှာသင့်ပါတယ်။ လွတ်လပ်ရေး ငြိမ်းချမ်းရေး ကြားနေရေးဆိုတဲ့ အခြေခံ အယူအဆပေါ် ကပေါ့။

**ကစ်ဆင်ဂျား** ■ ဒီမှတ်ချက်တွေဟာ အကောင်းဆုံးပါ။ ဒါကို ကျွန်တော် လုံးဝ သဘောတူပါတယ်။ တစ်ခုပဲရှိတယ်။ ပါဝင်ပတ်သက်တဲ့ အင်အားစုအားလုံးကို ကိုယ်စားပြုဖို့ တော့ လိုလိမ့်မယ်။ ဟုတ်တယ်မို့လား။

**ချူအင်လိုင်း** ■ ဟုတ်ပါတယ်။ ဒေါက်တာ့်ပြောတာ ကျွန်တော်လက်ခံပါတယ်။

မှတ်ချက်။ ။ ဟင်နရီကစ်ဆင်ဂျား၏ မှတ်တမ်းများတွင် ဇူလိုင်လ ၁၁ ရက်နေ့ ဆွေးနွေးပွဲ အကြောင်းအရာများကို ဆက်မတွေ့ရှိရပါ။

အခန်း(၄)

# မဟာဗျူဟာ မဟာမိတ်

| | |
|---|---|
| နေ့ရက် | ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် တနင်္လာနေ့ |
| အချိန် | ညနေ ၅း၄၀ မှ ည ၈း၂၅ |
| နေရာ | ပီကင်းမြို့တော်၊ ဥက္ကဋ္ဌ မော်စီတုန်၏နေအိမ် |
| ပါဝင်သူများ | ဥက္ကဋ္ဌ မော်စီတုန်၊ ဝန်ကြီးချုပ် ချူအင်လိုင်၊ နိုင်ငံခြားရေးဝန်ကြီး ယုံပင်ဖေး၊ နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျား၊ ဝန်ထောက်လော့(ဒ)နှင့် စကားပြန်နန်စီး။ |

(ယခုအကြိမ် ဆွေးနွေးပွဲကို မဖော်ပြမီ ကြိုတင်သိထားရန် လိုမည်ဟု ယူဆရသော အကြောင်းအရာ အချို့ကို မိတ်ဆက်ထားဖို့ လိုမည်ထင်ပါသည်။ ပထမအကြောင်းမှာ ဟင်နရီကစ်ဆင်ဂျား၏ တာဝန်ပိုင်းနှင့်ဆိုင်သည်။ ယခင်အကြိမ်များကလို သမ္မတ၏ အမျိုးသား လုံခြုံရေးအကြံပေးအနေနှင့် ဆွေးနွေးသည်မဟုတ်။ အမေရိကန်ပြည်ထောင်စု၏ တရားဝင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တက်ရောက်လာခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ အမေရိကန်၏ ပြည်တွင်းနိုင်ငံရေး အခြေအနေနှင့် ပတ်သက်သည်။ 'ဝါးတားဂိတ် အရှုပ်တော်ပုံ' ကိစ္စ ကျယ်ကျယ်လောင်လောင် ဖြစ်နေရာ၊ သမ္မတနစ်ဆင်နှင့် ကစ်ဆင်ဂျား တို့၏ အနေအထားမှာ မရေမရာ ဖြစ်နေသည်။ တတိယကိစ္စမှာ တရုတ်၊ အမေရိကန် ဆက်ဆံရေးအတွက် ပို၍ပင် အရေးကြီးသည်ဟု ဆိုနိုင်ပါသည်။ အမေရိကန်၊ ဆိုဗီယက် ထိပ်သီးဆွေးနွေးပွဲများ စတင်၍ သိသိသာသာ ခြေလှမ်းလာသည့် အလားအလာများ ဖြစ်သည်။ သို့အတွက် ကမ္ဘာ့နိုင်ငံရေးမှာ

Copyright (c) www.nldlanorway.com 22/11/2008

အခါက ပါဝါသုံးခုကြား သုံးပွင့်ဆိုင်ကစားရတော့မည် ဖြစ်လာရာ တရုတ်တို့ဘက်မှ အထူးစိုးရိမ်စရာ ဖြစ်နေသည်။ သို့ဖြင့် ယခုအကြိမ် ပီကင်း ခရီးစဉ်တွင် ချူအင်လိုင်းနှင့် ကစ်ဆင်းဂျားတို့ ဆိုဗီယက် ကိစ္စကို ဦးတည်ပြီး အကြိမ်ကြိမ် ဆွေးနွေးခဲ့ ကြရသည်။ ၎င်းဆွေးနွေးပွဲများပြီးမှ မော်စီတုန်း ကိုယ်တိုင်ပါဝင်သော ယခုမော်ပြမည့် စကားဝိုင်းသို့ ရောက်လာခြင်း ဖြစ်ပါသည်)

မော်စီတုန်း ■ (ကစ်ဆင်းဂျားနှင့် ချူအင်လိုင်းကို ကြည့်ရင်း) ခင်ဗျားတို့ နှစ်ယောက် နပန်းလုံးနေကြတယ်ဆို။ ဘာကိစ္စနဲ့ ပတ်သက်လို့ လဲဗျ။

ချူအင်လိုင်း ■ 'ကြံဖန်နယ်ပယ်ချဲ့ထွင်ရေးဝါဒ'နဲ့ ပတ်သက်လို့ပါ။

ကစ်ဆင်းဂျား ■ ဟုတ်တယ်၊ 'expansionism' အဲဒီ ဘာသာပြန် ထိမိတယ်၊ ကျွန်တော်တို့ ပြောနေကြတာ အဲဒါပဲ။
(စကားပြန် ရွေးချယ်လိုက်သော အင်္ဂလိပ်ဝေါဟာရကို ကစ်ဆင်းဂျားက ထောက်ခံအားပေးလိုက်ခြင်း ဖြစ်သည်)

မော်စီတုန်း ■ နေပါဦး၊ ဘယ်သူက ကြံဖန်နယ်ပယ်ချဲ့ထွင်နေလို့လဲ..။ 'သူ' လား (ကစ်ဆင်းဂျားသို့ မေးဆက်ပြသည်။)

ချူအင်လိုင်း ■ ဟုတ်တယ်၊ တောတာသူ၊ ခုတော့ သူများတွေလဲ လိုက်လာပြီ။
(ကစ်ဆင်းဂျားက ရယ်ပြီး အားလုံးရယ်လိုက်ကြသည်)

မော်စီတုန်း ■ အင်း...၊ ခင်ဗျားတို့ပြောနေတဲ့ 'ကြံဖန်နယ်ပယ်ချဲ့ထွင်ရေးဝါဒ'ဆိုတာ ပြောလောက်အောင်တော့လဲ ကြောက်စရာကောင်းမယ် မထင်ပါဘူးဗျာ။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့လဲ မကြောက်ပါဘူးခင်ဗျာ။ အခု လောလောဆယ်မှာတော့ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ကြဖို့သာ ဆွေးနွေးကြတာပါ။

မော်စီတုန်း ■ ဟုတ်လား၊ ဒါတော့ ကောင်းပါတယ်၊ ကျွန်တော်တို့ ဘက်ကတော့ သိပ်မလုပ်နိုင်လှသေးဘူးဗျ။ အီဂျစ်

Copyright (c) www.nldlanorway.com



ဒုတိယသမ္မတရှီးကို၊ ကျွန်တော်တို့ မဆွဲဆောင်နိုင်ခဲ့ဘူး။ သူ ဒီကိုရောက်လာတယ်လေ၊ ခင်ဗျားတို့ကိုမယုံဘူး လို့လဲ ပြောသွားတယ်၊ ခင်ဗျားတို့က အစွမ်းရောဘက်ကို အတ်လိုက်တယ်ပေါ့။ ကျွန်တော်ကတော့ ပြောလိုက်ပါတယ်။ 'ကျွန်တော်ရေလောက်နဲ့ ဓားမသွေးလောက်ပါဘူး' လို့။ ခုလိုတောင် ဥပမာပေးလိုက်သေးတယ်။ ကား(လ)မာက့်နဲ့က လွဲလို့ ဘယ်ဂျူးနဲ့မှ အပေါင်းအသင်း မလုပ်ဘူးလို့...။
(ရယ်သံများ...)

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်၊ အရှေ့အလယ်ပိုင်းရဲ့ အခါက ပြဿနာက၊ အဲဒီဒေသကြီးမှာ ဆိုဗီယက်ကြီးစား ပြန့်မသွားဖို့ပါ၊ ဒီအတွက် ကာကွယ်ကြရမှာမို့လား...။

မော်စီတုန်း ■ သူတို့က၊ တကယ်ကော အရှေ့အလယ်ပိုင်းကို ကြိုးစား လွှမ်းနိုင်လို့လား...၊ ကျွန်တော်တော့ မထင်ပါဘူး။ တအေလေ...၊ ဒီလို အကြံမျိုး ရှိရင်လဲ ရှိမှာပေါ့။ ဒါပေမဲ့ သူတို့အင်အား မရှိမပြီနဲ့ မလွယ်လှပါဘူး၊ ဥပမာ-ကျူးဘားကိစ္စကို ကြည့်လေ..၊ ခင်ဗျားတို့က တစ်ချက်လောက် တင်းလိုက်တာနဲ့ ဒီလူတွေ နောက်ဆုတ်သွားတာပဲမို့လား၊

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့။ ဒီလိုအဖြစ်မျိုး နောက်တစ်ကြိမ် ထပ်ဖြစ်သေးတယ်၊ ကျွန်တော်တို့ဘက်က မကြေညာလို့ လူသိရှင်ကြား မဖြစ်လိုက်တာ...။

မော်စီတုန်း ■ ဟုတ်လား၊ ကြာပြီလား...၊

ကစ်ဆင်းဂျား ■ သိပ်မကြာသေးဘူး ဆိုပါတော့၊ သူတို့က ရေငုပ်သင်္ဘောတွေ ရွေ့လာတယ်၊ ဒါနဲ့ ကျွန်တော်တို့ကလဲ တိုက်သင်္ဘောတွေ ရွေ့ရတော့တာပေါ့။ နောက်တော့ ဥက္ကဋ္ဌကြီးပြောသလို သူတို့ ပြန်ဆုတ်သွားပါတယ်၊
(၁၉၇၂ ခုနှစ် မေလအတွင်းက ဖြစ်ပွားခဲ့သော လူသိ

22/11/2008

နည်းသည့် ထိပ်တိုက်တွေ့ဆုံမှုတစ်ခုကို ရည်ညွှန်းပြောခြင်း ဖြစ်သည်။ ဆန်တီယာဂိုရှိ ကျူးဘားရေတပ်စခန်းသို့ ဆိုဗီယက် ရေငုပ်သင်္ဘောများ အသုံးအရင်းနှင့် ချီတက်လာရာ၊ အမေရိကန်ရေတပ်မှ တိုက်သင်္ဘောများ၊ ထိုဒေသသို့ ချက်ချင်းပို့လိုက်ရသည့် အရေးအခင်း ဖြစ်ပါသည်။)

မော်စီတုန်း ■ သူတို့တတွေ (ဆိုဗီယက်ကို ဆိုလိုသည်) ကျွန်တော်တို့နဲ့ ပုံမှန်ဆက်ဆံရေး ပြန်ထူထောင်ချင်ပါတယ်ဆိုပြီး ကမ်းလှမ်းခဲ့တာတွေ ရှိတယ်ဗျ။ ကျွန်တော်ကတော့ အစကတည်းက မယုံဘူး။ ပထမဆုံးအကြိမ်က ကော်စီဂင်ဆီက လာတာ။ အဲဒီအဖွဲ့ကို ခေါင်းဆောင်လာတာက နီခိုရိုက်(စ) ပေါ့။ သူတို့အဆိုအရ တရုတ်-ဆိုဗီယက် ပြန်လည်သင့်မြတ်ရေးပေါ့ဗျာ။ ဒုတိယအကြိမ်မှာတော့ နီကိုလေး ချောင်ဆက်စကူး(လ)(ရိုမေးနီးယား ကွန်မြူနစ်ခေါင်းဆောင်) ကိုယ်တိုင် ရောက်လာတာဗျ။ ကျွန်တော်တို့နဲ့ ဆိုဗီယက်ကြားက အိုင်ဒီအိုလိုဂျီ အငြင်းပွားမှုတွေ ရပ်တန်းက ရပ်ဖို့ပေါ့...။

တစ်ဆင်းကျား ■ ချောင်ဆက်စကူး တရုတ်ပြည် လာတယ်ဆိုတာ ကျွန်တော် ကြားလိုက်တယ်။ အကြောင်းက ဒီလိုဗျ...။

ချူအင်လိုင်း ■ ကြားပါပြီ...။

မော်စီတုန်း ■ အဲ နောက်တစ်ကြိမ်မှာ ဘယ်သူရောက်လာတယ် ထင်လဲ။ ကိုစီဂင် (ဆိုဗီယက်ယူနီယံ၏ ဝါရင့်ဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင်) ကိုယ်တိုင်ဗျ။ ၁၉၆၀ အလွန်လောက်ကပေါ့။ ကျွန်တော် သူ့ကို ပြောင်ပြောင်ပဲ ပြောလိုက်တယ်၊ နောက်ထပ် အနှစ်တစ်သောင်းလောက်၊ ကျွန်တော်တို့ ငြင်းကြခုံကြဦးစို့လို့...။

(ရယ်သံများ...)

မော်စီတုန်း ■ ကျွန်တော် သူ့ကိုပြောလိုက်တာတစ်ခုလဲ ရှိသေးတယ်ဗျ။



ကျုပ်တို့နှစ်ယောက်လုံး မာတ္တဝါဒီ မဟုတ်ဘူးလို့...။

(ရယ်သံများ...)

ဟုတ်တယ်လေ။ သူတို့က ကျွန်တော်တို့ကို 'တရားသေသမား'တဲ့။ ကျွန်တော်တို့ကလဲ သူတို့ကို 'ပြန်လည်ပြင်ဆင်ရေးသမား'တဲ့..။ ဘယ်မှာ မာတ္တဝါဒီ ဟုတ်လို့တုန်း...။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား...။

(နောက်ထပ်ရယ်သံများ...)

ဒါပေမဲ့ ကျွန်တော့်ကို ကိုယ်တိုင် လာတွေ့တာနဲ့ပဲ၊ ကျွန်တော် လျှော့လျှော့ ပေါ့ပေါ့ စဉ်းစားပေးလိုက်ပါတယ်။ အနှစ်တစ်ထောင်လောက် လျှော့လိုက်မယ်လို့။

(နောက်ထပ်ရယ်သံများ...)

နောက်ထပ်လာသေးတယ်။ ရိုမေးနီးယားက ဘော်ဒီလော့စကီး။ ဒီတစ်ခါလဲ အနှစ်တစ်ထောင် ထပ်လျှော့လိုက်ပါတယ်။ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲနော်။ ကျွန်တော်လဲ တတ်နိုင်သလောက်တော့ လျှော့တာပဲ။ တစ်ခါလျှော့ရင် အနှစ်တစ်ထောင်... နည်းတာမှတ်လို့...။

(အဆက်မပြတ် ရယ်သံများ...)

အဲ... ချောင်ဆက်စကူးကိုယ်တိုင် နောက်တစ်ကြိမ် ထပ်လာသေးတယ်ဗျ။ ဒီတစ်ခါတော့ ပွင့်ပွင့်လင်းလင်း ပြောလိုက် တယ်ဗျာ။ "ခင်ဗျားဘာပြောပြော နောက်ထပ်တော့ မလျှော့နိုင်တော့ဘူး"လို့...။

(အတော်မသတ်သည့် ရယ်သံများ...)

တစ်ဆင်းကျား ■ (အားပါးတရ ရယ်ရင်းမှ) ကောင်းလိုက်တာ တရုတ်ပြည်ရဲ့ နည်းဗျူဟာ ကို အတုခိုးရမယ်ဗျို့။

မော်စီတုန်း ■ အေးဗျာ၊ စကားပြောရတာ သိပ်အားမရဘူး။ သွားနှစ်ချောင်းတောင် ကျိုးနေလို့...။ အင်း... ခင်ဗျားတို့နဲ့ ကျွန်တော်တို့ကြားမှာ မကျေတာတွေတော့ ရှိတယ်နော်။ ဥပမာ - ၁၉၆၃ ခုနှစ်က ပီကင်းလေဆိပ်မှာ ကိုစီဂင်နဲ့

Copyright (c) www.nldlanorway.com 22/11/2008

ပူးတွဲထုတ်ပြန်ခဲ့တဲ့ သဘောတူညီချက်ဆိုရင် ဘယ်တော့မှ လက်တွေ့ဖြစ်လာမှာ မဟုတ်ဘူးလို့ ကျွန်တော်တို့က ယူဆတယ်။ ခင်ဗျားတို့ရော.. ဘယ်လိုလဲ...။

**တစ်ဆင်းဖျား** ■ ဒီကိစ္စနဲ့ ပတ်သက်လို့ ဝန်ကြီးချုပ်နဲ့ အကြိမ်ကြိမ် ဆွေးနွေးပြီးပါပြီ ဦးဗညှဉ်ကြီး..။ ကျွန်တော်တို့ရဲ့ နည်းဗျူဟာဟာ ပိုရှုပ်ထွေးချင် ရှုပ်ထွေးမယ်။ သိပ်ရဲရဲရင့်ရင့်ကြီး ဖြစ်ချင်မှလဲ ဖြစ်မယ်။ ဒါပေမဲ့ မဟာဗျူဟာပိုင်းမှာတော့ ဦးဗညှဉ်ကြီးတို့နဲ့ အတူတူပါပဲ။ ဒီနေ့ကမ္ဘာမှာ အဓိက အန္တရာယ် ဘယ်သူလဲဆိုတာ ကျွန်တော်တို့ ကောင်းကောင်း သိပါတယ်။

**မော်စီတုန်း** ■ အင်း...၊ ခင်ဗျားတို့နည်းက တရုတ်ရိုးရာ 'အရိပ်သိုင်း' လိုများ ဖြစ်နေမလားလို့...။ တစ်ဖက်ကို ထိ-မထိတော့ မသိဘူး။ မောတော့ မောသာဗျ။

(ရယ်မောသံများ...)

(ဤနေရာတွင် စကားပြန်က Shadow boxing ဟု သုံးပါသည်။ စာရေးသူက 'အရိပ်သိုင်း'ဟု ဘာသာပြန်လိုက်သည်။)

**တစ်ဆင်းဖျား** ■ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အန္တရာယ်တစ်ခုခု ရှိလာပြီဆိုရင်တော့၊ ကျွန်တော်တို့လဲ ဦးဗညှဉ်ကြီး တို့လို တုံ့ပြန်မှာပါပဲ။

**မော်စီတုန်း** ■ ဟုံပါတယ်။ ခင်ဗျားရဲ့ အာရုံခံနိုင်စဉ်ဆိုရင် သာခေကပေါ့။

(ဤစကားကို မော်စီတုန်းက အင်္ဂလိပ်လို ပြောလိုက်ဟန်ရှိသည်။)

**တစ်ဆင်းဖျား** ■ ဟာ...၊ ဦးဗညှဉ်ကြီးက အင်္ဂလိပ်စာကို တကယ်လေ့လာ ထားတာကိုး...။

**မော်စီတုန်း** ■ (ခေါင်းယမ်းရင်း..) ကျွန်တော့်အထင် ပြောမယ်နော်၊ ခင်ဗျားတို့ အမေရိကန်တွေဟာ ဘာမှ အရေးမကြီးတဲ့



အသေးအဖွဲတွေကို တစ်ဆိတ်တော့ ဇာချဲ့လွန်းလှတယ် ထင်တာပဲဗျား။ အနုပဲ၊ ဝါးတားဂိတ်ကိစ္စ ဆူညံဆူညံ လုပ်နေကြတာ ကြည့်လေ၊ နေပါဦးဗျ၊ ဒီကိစ္စက ဒီလောက်ပဲ အရေးကြီးလို့လား၊ တစ်ဆိတ်ကို တစ်အိတ် လုပ်နေကြတာမို့လား...။ ဘာပဲဖြစ်ဖြစ် ကြားရတာ စိတ်မကောင်းဘူးဗျား။

**တစ်ဆင်းဖျား** ■ ဒီကိစ္စကြောင့် လက်ရှိနိုင်ငံခြားရေး ပေါ်လစီကို ဘယ်လိုမှ မထိခိုက်နိုင်ပါဘူး ဦးဗညှဉ်ကြီး။

**မော်စီတုန်း** ■ ခင်ဗျားတို့ ပြည်တွင်းရေးမှာလဲ ခင်ဗျားအတွက်ရော ခင်ဗျားတို့ သမ္မတကြီး အတွက်ရော၊ ပြဿနာ ကြီးကြီးမားမားရှိမယ် မထင်ပါဘူး။

**တစ်ဆင်းဖျား** ■ ကျွန်တော့်အတွက်ကတော့ ဘာပြဿနာမှ မရှိပါဘူး၊ ဒီကိစ္စ ကျွန်တော်နဲ့လဲ မဆိုင်ဘူး။ သမ္မတကြီးအနေနဲ့လဲ ကျော်လွှားနိုင်မှာပါ။

**မော်စီတုန်း** ■ ကျွန်တော်ပြောတဲ့ ပြည်တွင်းရေးဆိုတာက၊ ငွေကြေးဖောင်းပွမှုတို့ ကုန်ဈေးနှုန်းတက်တာတို့ အလုပ်လက်မဲ့ တိုးတာတို့ကို ပြောတာပါ။ ဒီပြဿနာတွေက၊ အမေရိကန်ဒေါ်လာကိုရော၊ အမေရိကန်စီးပွားရေးကိုရော မတည်မငြိမ် ဖြစ်စေတယ်မို့လား။ ဒီထက်အရေးကြီးတဲ့ ပြဿနာ ဘာများရှိဦးမှာလဲ...။ ဘာကြောင့်များ ဝါးတားဂိတ်က ဒီလောက် အုတ်အော်သောင်းတင်း ဖြစ်နေရတာလဲဗျား။

**တစ်ဆင်းဖျား** ■ ကျွန်တော်တို့ ပြဿနာတွေက ဒီလောက်တော့လဲ မရှင်း ဘူး ဦးဗညှဉ်ကြီး၊ သမ္မတကြီးကို သဘောမကျတဲ့ ပုံစံ ဟောင်း နိုင်ငံရေးသမားတွေလဲ ရှိနေတာကလား။ ကျွန် တော်တို့ ပေါ်လစီက သမားရိုးကျလမ်းအတိုင်း သွား တာမဟုတ်ဘူးလေ၊ ပြီးတော့ ကျွန်တော်တို့ဆီက ပညာ တတ်တွေ...။ သူတို့က အရာအားလုံးကို

Copyright (c) www.nldlanorway.com 22/11/2008

ဖျက်ဆီးပစ် ချင်ကြတာ၊ နတ္ထိဝါဒ ဆန်လာတယ်လို့ ပြောရမလားပဲ။

မော်စီတုန်း ■ ဥပမာ - ဂိုမ်းရက်စတန်တို့ ဂျိုးဇက်အယ်(လ)ဆုတ် တို့လိုပေါ့။ သူတို့ကလဲ သမ္မတနစ်ဆင်ကို ဦးတည်တိုက်နေကြတာနော်။ ကျွန်တော်တော့ နားမလည်နိုင်အောင်ပဲဗျား။

ကစ်ဆင်းဂျား ■ ဂိုမ်းရက်စတန်လို လူမျိုးကို၊ ကျွန်တော် သဘောပေါက်ပါတယ်။ ဒီလူက လေယူရာတိမ်းတတ်တဲ့ သူမျိုးပါ။ အခု လောလောဆယ်၊ ဘယ်လို အမြင်မျိုး ရေပန်းစားနေလဲ...။ သူက ဒီအမြင်ကို ထင်ဟပ်ပြမှာပဲ။ အင်း... ဂျိုးဇက်အယ်(လ)ဆုတ် ကတော့ ယာယီသွေဖီသွားတာမျိုးဖြစ်မယ် ထင်ပါရဲ့၊ မကြာခင် သူ့ပုံမှန်နေရာ ပြန်ရောက်သွားမှာပါ။

မော်စီတုန်း ■ ဒီလူတွေက ဘာလဲ ရေးကြတယ်နော်လား။ သူတို့ကရော လူထု ထင်မြင်ချက်ကို ဆွဲဆောင်နိုင်မယ်ထင်လား။ ခင်ဗျား ဘယ်လိုထင်လဲ...။

ကစ်ဆင်းဂျား ■ သူတို့ကပဲ၊ တိုင်းရေးပြည်ရာကို တကယ်တမ်း စီမံခန့်ခွဲနေတာ သမ္မတကြီးကို နောက်ကွယ်က ကြိုးကိုင်နေတာလို့ အထင်ရောက်စေချင်ကြဟန် တူပါရဲ့ဗျား။ သူတို့ကိုသာ ဝေ့ရှိုက်နေရရင်၊ ဥက္ကဋ္ဌကြီးရယ်...၊ ကျွန်တော် တောင် တရုတ်ပြည်ကို တစ်ခေါက်မှ ရောက်လိုက်မှာ မဟုတ်ဘူး။
(ရယ်သံများ...)
ပြောကြစတမ်းဆိုရင်၊ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တိုင်းဟာ သူတို့နဲ့ အတိုက်အခံလုပ်ပြီးမှ ဖြစ်လာတာဗျ။ တကယ်ပြောတာ...။
(နောက်ထပ်ရယ်သံများ...)

မော်စီတုန်း ■ အင်း...၊ လူတွေကတော့ပြောကြတယ်။ အမေရိကန်



တွေဟာ လျှို့ဝှက်ချက်ကို မထိန်းတတ်ဘူးတဲ့...။

ကစ်ဆင်းဂျား ■ ဟုတ်တယ်၊ သူတို့ပြောတဲ့ အတိုင်းပဲ။

မော်စီတုန်း ■ ကျွန်တော်ကတော့ အဲ့သလို မထင်ဘူးဗျ။ အမေရိကန်တွေဟာ၊ တကယ် လျှို့ဝှက်တတ်တယ်လို့ ထင်တယ်။

ကစ်ဆင်းဂျား ■ အခြေခံကျကျ ပြောမယ်ဆိုရင်တော့ ဥက္ကဋ္ဌကြီး ပြောတာလဲ မှန်ပါတယ်။ တစ်ခုခုကို လျှို့ဝှက်ထားမယ်လို့ အိမ်ဖြူတော်မှာ ဆုံးဖြတ်ပြီးပြီဆိုရင်၊ အခု ကျွန်တော်တို့ စကားဝိုင်းမှာ ဒီကိစ္စနဲ့ ပတ်သက်လို့ အငွေ့အသက် တောင် ပါမှာမဟုတ်တာ သေချာတယ်။

မော်စီတုန်း ■ ဥပမာ - စောစောက ခင်ဗျားပြောတဲ့ ကျူးဘား ကိစ္စလိုဟာမျိုးပေါ့။ တရုတ် ပြည်ခရီးစဉ်လို ဟာမျိုးကော...၊ ဟုတ်လား၊ နောက်ထပ် ဖြစ်နိုင်တာက ဆိုဗီယက်ယူနီယံနဲ့ မကြာသေးခင်က ဆွေးနွေးပွဲတွေ...၊ ဒါတော့ လျှို့ဝှက်ရမယ့် ခေါင်းစဉ်ထဲမှာ အပါအဝင်ပဲလား...။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်။ ကောင်းကောင်း လျှို့ဝှက်ထားရမှာပါပဲ။ ဒါပေမဲ့ ဆိုဗီယက်ယူနီယံနဲ့ ပတ်သက်ရင် ဥက္ကဋ္ဌကြီးတို့ကို ဘာမှလျှို့ဝှက်မထားပါဘူး။ ဥက္ကဋ္ဌကြီးတို့ မသိဘဲ ဘာတစ်ခုမှလဲ မလုပ်ဘူး။ ဒါကိုတော့ စိတ်ချလက်ချ ယုံကြည်နိုင်ပါတယ်။
ဆိုဗီယက်ယူနီယံရဲ့ သဘောကိုကြည့်ရတာ၊ သူတို့နဲ့ ကျွန်တော်တို့မှာ၊ ကမ္ဘာကြီးနဲ့ ပတ်သက်လို့ နှစ်ဦး သဘောတူ အပုံစား စီမံချက်ကြီးတစ်ခု ရှိနေတယ်လို့ သူများတွေက အထင်ရောက် စေချင်ဟန်တူပါရဲ့၊ တကယ်တော့ ဒါဟာ ထောင်ချောက်ပါ၊ ကျွန်တော်တို့လည်း ဒီ လောက် မမိုက်ပါဘူး ဥက္ကဋ္ဌကြီးရယ်...။

မော်စီတုန်း ■ ဆိုဗီယက်ယူနီယံက ကျွန်တော်တို့ကို တိုက်ခိုက်ဖို့ အလားအလာ ရှိနိုင်ပါသလား။

ကစ်ဆင်းဂျား ■ သီအိုရီအရဆိုရင် ဖြစ်နိုင်ပါတယ်။ အခု လောလော

Copyright (c) www.nldlanorway.com 22/11/2008

ဆယ် အခြေအနေအရ ဆိုရင်လဲ၊ ဖြစ်နိုင်ခြေ တချို့ရှိတယ်။ အနည်းဆုံး တရုတ်ပြည်ရဲ့ နျူကလီယား လက်နက်တွေကို ဖျက်ဆီးပစ်ချင်လိမ့်မယ်။ ဒီသဘောကို ကျွန်တော် ဝန်ကြီးချုပ်ကိုလဲ ပြောပြီးပါပြီ။ သံအမတ်ကြီးကိုလဲ ပြောပြီးသားပါ။

မော်စီတုန်း ■ ကျွန်တော်တို့ နျူကလီယားလက်နက်ဆိုတာ၊ သူတို့နဲ့ နှိုင်းယှဉ်လိုက်ရင် ယင်ကောင်လောက် ရှိတာပါဗျာ။
(ရယ်သံများ...)
(ဤနေရာတွင် မော်စီတုန်းက လက်တစ်ချောင်းနှင့် ပြ၍ ပြောသည်။)

ကစ်ဆင်းဂျား ■ ဒါပေမဲ့ နောင်ဆယ်နှစ်ကြာရင်၊ အဲဒီ ယင်ကောင်က ဂေါ်ဒီလာ ဖြစ်လာနိုင်တယ်လို့ သူတို့ဘက်က တွေးချင်တွေးမှာကိုး...။
(ရယ်သံများ...)

မော်စီတုန်း ■ ဆယ်နှစ်မဟုတ်ပါဘူးဗျာ။ အနှစ်သုံးဆယ်...၊ အနှစ်လေးဆယ်...။ သူတို့ထင်သလို မဖြစ်နိုင်ပါဘူး။

ကစ်ဆင်းဂျား ■ ကျွန်တော် ဥက္ကဋ္ဌကြီးနဲ့ နောက်ဆုံးတွေ့တုန်းကလဲ၊ ဒီကိစ္စကို ပြောခဲ့ဖူးပါတယ်၊ တကယ်လို့များ ဆိုဗီယက်ယူနီယံက တရုတ်ပြည်ကို တိုက်လာရင် ဒါဟာ အားလုံးအတွက် ဆိုးကျိုးတွေဖြစ်မှာပဲလို့...။ ဒီလိုသာ တကယ်ဖြစ်ခဲ့ရင် ကျွန်တော်တို့ကလဲ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ပြန်တုံ့ပြန်မှာပဲ၊ ဒါဟာ တရုတ်ပြည်နဲ့သာ ဆိုင်တာမဟုတ်ဘူးလေ။ ကျွန်တော်တို့နဲ့လဲ ဆိုင်တယ်။ ကျွန်တော်တို့ အကျိုးစီးပွားနဲ့လဲ ပတ်သက်တယ်။

မော်စီတုန်း ■ တစ်ခုတော့ရှိပါတယ်။ သူတို့အနေအထားအရ ပြောရရင်၊ 'ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမဲ့ကြံ၊ ခါက မသန်' ဆိုတာမျိုးလဲ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်။



မော်စီတုန်း ■ ပစိဖိတ်သမုဒ္ဒရာကပဲ စကြည့်ရအောင်ဗျာ။ အမေရိကန်ပြည်ထောင်စု ရှိတယ်ဗျာ၊ ဂျပန်ရှိတယ်ဗျာ၊ တရုတ်ပြည်ရှိတယ်ဗျာ၊ တောင်ဘက်ကို ရွှေ့ကြည့်လိုက်...၊ တောင်အာရှရှိတယ်၊ အဲဒီကနေ အနောက်ကိုရွှေ့၊ အရှေ့အလယ်ပိုင်းရှိတယ်..၊ ဥရောပရှိတယ်။ အခုလောလောဆယ် ဆိုက်ဘေးရီးယားနဲ့ ကူရိုင်းကျွန်းတွေအတွက် ချထားတဲ့ တပ်နဲ့တင်ကိုပဲ၊ သူတို့ အင်အား တစ်ခုလုံးရဲ့ လေးပုံတစ်ပုံရှိနေပြီ...။

ကစ်ဆင်းဂျား ■ မကလောက်ဘူး ဥက္ကဋ္ဌကြီး၊ တစ်ဝက်နီးပါးလောက် ရှိနိုင်တယ်၊ အနည်းဆုံး ငါးပုံနှစ်ပုံလောက် ရှိလိမ့်မယ်။

မော်စီတုန်း ■ ဟုတ်ပြီ။ ဒီအင်အားက အရှေ့အလယ်ပိုင်းအတွက် မပါသေးဘူး။

ကစ်ဆင်းဂျား ■ ဟုတ်တယ် မပါဘူး။

မော်စီတုန်း ■ ဒါပေမဲ့ ကျွန်တော်တို့တွက်တဲ့ထဲမှာ ကာဇက်စတန်တို့ ဥဇဘက်ကစ်စတန်တို့လို ဆိုဗီယက်သမ္မတနိုင်ငံတွေ မပါသေးဘူးနော်၊ အဲဒီမှာ သူတို့ လူမျိုးစုတပ်ဖွဲ့တွေ ရှိနိုင်သေးတယ်။

ကစ်ဆင်းဂျား ■ ဒီကိစ္စ ကျွန်တော်တို့ မကြာခဏ ဆွေးနွေးဖူးပါတယ်၊ ဥက္ကဋ္ဌကြီး စဉ်းစားသလိုလဲ တွေးမိပါတယ်။
(စကားပြန်က ကစ်ဆင်းဂျား၏ စကားကို အပြည့်အစုံ ဘာသာမပြန်ရသေးမီမှာပင် မော်စီတုန်းက စကားဆက် လိုက်သည်။)

မော်စီတုန်း ■ ဘာပဲဖြစ်ဖြစ်၊ သူတို့မှာ ရန်သူအများကြီးနဲ့ ရင်ဆိုင်ရမှာတော့ သေချာတယ်၊ ပစိဖိတ်နိုင်ငံတွေရှိမယ်။ ဂျပန်ရှိမယ်၊ တရုတ်ရှိမယ်၊ ပြီးတော့ တောင်အာရှနိုင်ငံတွေ ရှိဦးမယ်၊ အရှေ့ဘက် စစ်မျက်နှာမှာ သူတို့ သုံးနိုင်တဲ့ တပ်အင်အားက တစ်သန်းပဲထား၊ တိုးစစ်ဆင်ဖို့ မပြောနဲ့ ကိုယ့်ကိုယ်ကို ခုခံဖို့ [illegible] ခင်ဗျား

Copyright (c) www.nldlanorway.com 22/11/2008

တို့ကသာ သူတို့ကို လက်ညှိုးမှ မရှေးစေနဲ့ သူတို့ ဘယ်လိုမှ ထိုးစစ်ဆင်နိုင်မှာ မဟုတ်ဘူး သေချာတယ်။ တစ်ခုတော့ ရှိတယ်ဗျ။ အရှေ့ အလယ်ပိုင်းနဲ့ ဥရောပမှာ ခင်ဗျားတို့ ကသာ သူတို့တပ်တွေကို ချုပ်ကိုင်မထားနိုင်ရင်တော့ အရှေ့ဘက်မှာ သူတို့ ပိုအင်အားကြီးလာနိုင်တယ်။ ဒါဆိုရင် တစ်သန်းကျော် သွားနိုင်တယ်။

တစ်ဆင်းဂျား ■ စိတ်ချပါ ဥက္ကဋ္ဌကြီး။ ဒါမျိုး မဖြစ်စေရပါဘူး။ ဥရောပ ရယ်၊ ဂျပန်ရယ်၊ အမေရိကန်ရယ်သာ ညီညီညွတ်ညွတ် လက်တွဲမဖြုတ်ရင်၊ ဥက္ကဋ္ဌကြီး အကြံပြုသလို အရှေ့ အလယ်ပိုင်းမှာ သူတို့ ခြေစာလွှမ်းမလာအောင် ထိန်းနိုင် ရင်၊ တရုတ်ပြည် တိုက်ခိုက်ရေး အန္တရာယ်ဟာ အလား အလာ နည်းလာနိုင်တယ်။

မော်စီတုန်း ■ ဥရောပနဲ့ အရှေ့အလယ်ပိုင်းမှာ ခင်ဗျားတို့ဘက်က အခွင့်သာအောင်၊ ကျွန်တော်တို့ကလဲ သူတို့တပ် အချို့ ကို ထိန်းထားပါတယ်။ အပြင်မွန်ဂိုလီးယားမှာ သူတို့ တပ်တွေ ရှိတယ်လေ၊ ခရုရှော့ခေတ် နောက်ဆုံး အချိန် ထိ၊ ဒီတပ်တွေ မရှိသေးဘူးဗျ။ 'ချန်ပိုကျွန်းအရေး အခင်း'က ခရုရှော့ပြုတ်ပြီးမှ ဖြစ်တာ၊ ဘရက်ဇနက် လက်ထက်ပေါ့။

(ချန်ပိုကျွန်း ရုရှားအခေါ် ဒမန်စကီကျွန်း အရေးအခင်း မှာ ၁၉၆၉ နှစ်ဦးပိုင်းက ဖြစ်ပွားခဲ့ပါသည်။ တရုတ် ဆိုဗီယက်နယ်စပ် မြစ်တစ်စင်းပေါ်မှ ကျွန်းကြီး တစ် ကျွန်း ဖြစ်သည်။ ၎င်းကျွန်းပေါ်တွင် နယ်စပ်ပဋိပက္ခ ဖြစ်ပွားခဲ့သည်။)

တစ်ဆင်းဂျား ■ အဲဒါ ၁၉၆၉ ခုနှစ်ကမို့လား။ ကျွန်တော် မှတ်မိတယ် ဥက္ကဋ္ဌကြီး။ ဒီအရေးအခင်း ကြောင့်ပဲ၊ ဥရောပ၊ တရုတ်နဲ့ အမေရိကန်တို့ ညှိနှိုင်းဆောင်ရွက်ရေး လမ်းကြောင်း ပေါ် ရောက်လာတာပေါ့။



မော်စီတုန်း ■ ဟုတ်တယ်။ ဒါအမှန်ပဲ။ ဒါနဲ့ ဂျပန်ရဲ့ အနေအထား ကရော ကောင်းတယ်မို့လား။

တစ်ဆင်းဂျား ■ ကောင်းပါတယ်။ ဂျပန်ကလဲ အရေးကြီးတယ်နော်။

မော်စီတုန်း ■ ဥရောပနိုင်ငံတွေရဲ့ သဘောထားကတော့ သိပ်အဆိုး ကြီးတော့ မဟုတ်ဘူးထင်ပါရဲ့။

တစ်ဆင်းဂျား ■ အင်း၊ သူတို့သတ္တိထက်စာရင်တော့ သူတို့ သဘောထား က ပိုကောင်း တယ်ပြောရမှာပေါ့။

(ရယ်သံများ...)

မော်စီတုန်း ■ ပြဿနာက နိုင်ငံငယ်တွေ ဖြစ်မယ်ထင်တယ်။ ဘီနလပ် နိုင်ငံတို့ စကင်ဒီနေးဗီးယန်း နိုင်ငံ တို့ပေါ့။

(ဘီနလပ်နိုင်ငံများဆိုသည်မှာ ဘယ်လ်ဂျီယံ၊ နယ်သာ လန်နှင့် လူဇင်ဘတ်နိုင်ငံတို့ကို ဆိုလိုသည်။ စကင်ဒီ နေးဗီးယန်းနိုင်ငံများမှာ နော်ဝေ၊ ဆွီဒင်၊ ဖင်လန်တို့ကို ခေါ်ခြင်းဖြစ်ပါသည်။)

တစ်ဆင်းဂျား ■ သူတို့သဘောထားက နှစ်ခု ဖြစ်နိုင်တယ်ဗျ၊ ဂျာမနီရဲ့ အနေအထားပေါ် မူတည်လိမ့်မယ်ထင်တယ်။

မော်စီတုန်း ■ ကျွန်တော့်အမြင်ပြောရရင်၊ ဂျာမနီဟာ အနောက်ရဲ့ အစိတ်အပိုင်းဗျ။ သူတို့အနေနဲ့ ဆိုဗီယက်နောက် မလိုက်သင့်ဘူး။ နော်ဝေကတော့ ဆိုဗီယက်ကို လန့်နေ တာဖြစ်မှာပါ။ ဆွီဒင်ကလည်း ချီတုံချတုံ ဖြစ်နေဟန် တူပါရဲ့။ ဖင်လန်ကတော့ ဆိုဗီယက်ဘက် ပိုနီးလေ မလားပဲ။

တစ်ဆင်းဂျား ■ ဒါကလဲ ယုံကြည်ချက်ဆိုတာထက် ပထဝီကြောင့် ဖြစ်မှာပါ။

မော်စီတုန်း ■ ဟုတ်တယ်။ စစ်ကြီးတုန်းကဆိုရင်၊ ဒီနိုင်ငံတွေဟာ တကယ် သတ္တိပြောင် ခဲ့တာကလား...။ 'ခြေထောက် တစ်ထောင်ရှိတဲ့ နိုင်ငံတွေ'လို့ ပြောလောက်မယ် ထင် တယ်။

Copyright (c) www.nldlanorway.com 22/11/2008

(ဤနေရာတွင် မှတ်တမ်းတင်သူကိုယ်တိုင်က 'ခြေထောက်' legs လား၊ 'ရေကိုင်' lakes လား မကွဲပါ။ ခြေထောက်က ပိုဖြစ်နိုင်မည် ထင်ပါသည်။)

ကစ်ဆင်းဂျား ■ ဘောလတစ်သုံးနိုင်ငံကိုလဲ သူတို့ သိမ်းထားတာနော်။

မော်စီတုန်း ■ ဒါကတော့ ဒီလိုရှိတယ်ဗျ၊ ဟစ်တလာက ပိုလန်ကို တိုက်တော့ ဒါကို အခွင့်ကောင်းယူပြီး ဆိုဗီယက်က ဝင်သိမ်း လိုက်တာပါ။ ဒါနဲ့ အဲဒီသုံးနိုင်ငံကို ကိုယ်စားပြုတဲ့ သံရုံးတွေ အမေရိကန်မှာ ခုထိ ရှိနေသေးတယ်မို့လား။

ကစ်ဆင်းဂျား ■ ဟုတ်တယ် ဥက္ကဋ္ဌကြီး၊ ရှိနေသေးတယ်။

မော်စီတုန်း ■ ဆိုဗီယက်ယူနီယံနဲ့ ခင်ဗျားတို့ သံအဆက်အသွယ် မလုပ်ခင် အဲဒီ နိုင်ငံတွေနဲ့ အဆက်ဖြတ်ဖို့ ခင်ဗျားတို့ကို မတောင်းဆိုဘူးလား...။

ကစ်ဆင်းဂျား ■ ဟင်အင်း...၊ မတောင်းဆိုပါဘူး။

မော်စီတုန်း ■ ၁၉၃၃ ခုနှစ်ကတည်းကပေါ့။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်။ အဲဒီတုန်းက ဒီ သုံးနိုင်ငံလုံးဟာ တရားဝင် ရှိသေးတယ်လေ၊ ကျွန်တော်တို့နဲ့ တရားဝင်သံ အဆက်အသွယ် လုပ်ခဲ့တာ၊ ၁၉၃၃ ကတည်းကပါ။

မော်စီတုန်း ■ ဒီနိုင်ငံတွေအနေနဲ့ ကုလသမဂ္ဂဝင်ဖို့ အဆင်မပြေဘူးပေါ့။

ကစ်ဆင်းဂျား ■ ဒီသုံးနိုင်ငံလုံး ကုလသမဂ္ဂအဖွဲ့ဝင်တွေ မဟုတ်ကြပါဘူး။

ချူအင်လိုင်း ■ ဒါဖြင့် ခင်ဗျားတို့နိုင်ငံမှာ သူတို့လူမျိုးစုတချို့ ရှိနေတယ်လို့ ပြောနိုင်တာပေါ့။

ကစ်ဆင်းဂျား ■ ရှိပါတယ်၊ များသောအားဖြင့် သံတမန်တွေပါ။ သူတို့ ဘာလုပ်ကြတယ်ဆိုတာတော့ မသိဘူး၊ ကျွန်တော် တွေ့သလောက်တော့ ဧည့်ခံပွဲတက်တာပဲ။

(ရယ်ကြသည်...)



ဒီကိစ္စကြောင့်တော့ ဆိုဗီယက်ယူနီယံနဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေး မထိခိုက်ပါဘူး။

မော်စီတုန်း ■ ဟုတ်ပြီ၊ ဒါနဲ့ မနီးယိုးစွဲတူမယ့် သတ်တာလော သံခင်းတမန်ခင်းတစ်ခုကို ပြောကြရအောင်၊ ဘယ့်နှယ်လဲ...။

ကစ်ဆင်းဂျား ■ ဘာလဲ၊ ထိုင်ဝမ်ကိစ္စလား...။

(အားလုံး သဲ့ပြုံးရယ်လိုက်ကြသည်။)

မော်စီတုန်း ■ ဟုတ်တယ်။ ထိုင်ဝမ်ကိစ္စဆက်ကြရအောင်၊ ကျွန်တော့် အယူအဆ ပြောရရင်၊ တရုတ်အမေရိကန် ဆက်ဆံရေးဟာ ပြည်မကြီးနဲ့ ထိုင်ဝမ် ဆက်ဆံရေးနဲ့ ခွဲခြားထားသင့်တယ်လို့ သဘောရပါတယ်။ ဘယ့်နှယ်လဲ။

ကစ်ဆင်းဂျား ■ မူအရဆိုရင်တော့...

(မော်စီတုန်းက စကားမဆုံးခင် ဖြတ်ပြောလိုက်သည်။)

မော်စီတုန်း ■ ခင်ဗျားတို့ ထိုင်ဝမ်နဲ့ သံအဆက်အသွယ် ဖြတ်လိုက်ပြီဆိုတာနဲ့ ကျွန်တော်တို့ နှစ်နိုင်ငံကြားက ပြဿနာတွေကို သံတမန်နည်းအရ ဖြေရှင်းလို့ရပြီပေါ့။ ဂျပန်နဲ့တုန်းကလဲ ဒီအတိုင်းလုပ်ခဲ့တာပဲလေ၊ အဲ.. ထိုင်ဝမ်နဲ့ ကျွန်တော်တို့ ဆက်ဆံရေးကတော့ တစ်မျိုးဗျ၊ ဒီကိစ္စက ရှုပ်ထွေးတယ်။ အေးအေးချောင်းချောင်း ပြောင်းနိုင်လိမ့်မယ်လို့ ကျွန်တော်တော့တယ် မထင်လှဘူး။ (နိုင်ငံခြားရေးဝန်ကြီးဘက်သို့ လှည့်လိုက်ပြီး) ဘယ်လိုလဲ၊ အေးအေးဆေးဆေး ဖြစ်လိမ့်မယ်လို့ ခင်ဗျား ယုံလား။

ကစ်ဆင်းဂျား ■ ကျွန်တော့်ကို ပြောတာလား...။

မော်စီတုန်း ■ မဟုတ်ဘူးဗျ၊ သူ့ကိုပြောတာ။

(တရုတ်နိုင်ငံခြားရေးဝန်ကြီး ယဲ့ပင်ဖေးသို့ မေးဆတ်ပြရင်း ပြောလိုက်သည်။ ထိုစဉ် ဝန်ကြီးချုပ် ချူအင်လိုင်းက တစ်စုံတစ်ခု ဝင်ပြောပါသည်။ စကားပြန်က ဘာသာပြန် မပြပါ။)

Copyright (c) www.nldlanorway.com 22/11/2008

မော်စီတုန်း ■ တကယ်တော့ ဒီအုပ်စုက တန်ပြန်တော်လှန်ရေး သမားတွေပဲ။ သူတို့နဲ့ ဘယ်လိုလုပ် ပူးပေါင်းလို့ရမှာလဲ၊ ကျွန်တော်ပြောချင်တာက တိုင်ဝမ်မပါဘဲ အလုပ်ဖြစ်ပါတယ်လို့ ဆိုချင်တာပါ။ ဒီတော့ ဘာကြောင့် လောနေမှာလဲဗျာ၊ ဒီကိစ္စကို နှစ်တစ်ရာလောက် ဆိုင်းထားလဲ ဖြစ်ပါတယ်။ ပြီးတော့ တိုင်ဝမ်ဆိုတာက ကျွန်းလေး တစ်ကျွန်းပါ။ လူဦးရေဆိုလဲ ဆယ့်နှစ်သန်း ကျော်ကျော် လောက် ရှိမှာပေါ့...။

ချူအင်လိုင် ■ အခုဆိုရင်၊ ဆယ့်ခြောက်သန်း ရှိနေပြီ။

မော်စီတုန်း ■ (ကစ်ဆင်းဂျားဘက်သို့လှည့်၍) အေး... ခင်ဗျားတို့နဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးကျတော့ နှစ်တစ်ရာ ဆိုင်းထားလို့ မဖြစ်ဘူးလေ၊ ဟုတ်ဘူးလား...။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်။ မြန်လေ... ကောင်းလေပါ။

မော်စီတုန်း ■ ဒါပေမဲ့ ဒီကိစ္စ ခင်ဗျားတို့ဘက်က ဆုံးဖြတ်ရမှာနော်..။ ကျွန်တော်တို့ကတော့ တွန်းတွန်းတိုက်တိုက် မလုပ်ပါဘူး။ ခင်ဗျားတို့ဘက်က လိုအပ်တယ်လို့ ယူဆရင်၊ ကျွန်တော်တို့ဘက်က လုပ်လိုက်နိုင်ပါပြီ။ ဒါ... ခင်ဗျားတို့ဘက်က လောလောဆယ် မဖြစ်သေးဘူးလို့ ယူဆရင်လဲ၊ စောင့်ကြတာပေါ့ဗျာ။ အေးအေးဆေးဆေးပေါ့ ဟုတ်လား...။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ဘက်က အမြင်ကို ပြောရရင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ တရားဝင် သံအဆက်အသွယ်ချင်တာပေါ့ ဥက္ကဋ္ဌကြီးရယ်။ အခက်အခဲ ရှိနေတာက လောလောဆယ် တိုင်ဝမ်နဲ့ သံအဆက်အသွယ်ဖြတ်လို့ မဖြစ်သေးတာပါ။ ဒါကလည်း အကြောင်းအမျိုးမျိုးပေါ့လေ။ ကျွန်တော်တို့ ပြည်တွင်း အခြေအနေနဲ့လည်း ဆိုင်ပါတယ်။ အဲ... ၁၉၇၆ ခုနှစ် နောက်ဆုံး..၊ အဲဒီလောက် ဆိုရင်တော့၊ ဒီကိစ္စ၊ အပြီးအပြတ် ဖြေရှင်းနိုင်ပါလိမ့်

Copyright (c) www.nldlanorway.com



မယ်။ ကျွန်တော် ဝန်ကြီးချုပ်ကိုလည်း ဒီအတိုင်း ပြောခဲ့ပါတယ်။ တရားဝင် သံအဆက်အသွယ် ဆိုတာကတော့ နှစ်နိုင်ငံဆက်ဆံရေးရဲ့ သင်္ကေတ သဘောပေါ့နော်။ ရှိလည်း ရှိသင့်ပါတယ်။ လက်တွေ့ကျကျ ပြောရရင်တော့ အခုရှိနေတဲ့ 'ဆက်ဆံရေးနဲ့'ကလည်း အသုံးဝင်မယ် ထင်ပါတယ်။

မော်စီတုန်း ■ အင်း... အလုပ်ဖြစ်နိုင်ပါတယ်။

ကစ်ဆင်းဂျား ■ ဘာကို အလုပ်ဖြစ်တာပါလဲ ဥက္ကဋ္ဌကြီး။
(စကားပြန်ကို မစောင့်ဘဲ၊ မော်စီတုန်း က ဆက်ပြောသည်။)

မော်စီတုန်း ■ လောလောဆယ်၊ ခင်ဗျားတို့ဘက်က တိုင်ဝမ်ကို လိုအပ်နေသေးဆိုတော့၊ ဒီအတိုင်းပဲ ဆက်သွားကြတာပေါ့...။

ကစ်ဆင်းဂျား ■ လိုအပ် မလိုအပ်ဆိုတာ ပြဿနာတော့လဲ မဟုတ်ပါဘူး ဥက္ကဋ္ဌကြီး...။ လက်တွေ့ ဖြစ်နိုင်ခြေကို ပြောတာပါ။

မော်စီတုန်း ■ အတူတူပါပဲဗျာ။
(ရယ်သံများ...)

မော်စီတုန်း ■ ကျွန်တော်တို့ ဟောင်ကောင်ကိစ္စမှာတောင် အလျင်မလိုပါဘူး။
(နောက်ထပ် ရယ်သံများ)

မော်စီတုန်း ■ မကာအို ဆိုရင်လဲကြည့်၊ လက်ဖျားနဲ့တောင် မတို့ပါဘူး။ ကျွန်တော်တို့သာ ဆန္ဒရှိလို့ကတော့၊ လက်သန်းလေးနဲ့ တောက်လိုက်ရုံပါ။ ဒါက 'မင်' မင်းဆက် လက်ထက်က ပေါ်တူဂီ ခံတပ်လေဗျာ...။
(နောက်ထပ်ရယ်သံများ)

မော်စီတုန်း ■ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခရုရှော့(ဗ)ကြီးကတောင် ကျွန်တော်တို့ကို ကြိမ်ဆဲဖူးပါရောလား။ မင်းတို့ကောင်တွေက ဘာကြောင့် ဟောင်ကောင်နဲ့ မကာအိုကို မယူချင်ရတာလဲ တဲ့လေ။ ကျွန်တော်ကလည်း

22/11/2008

ပြောလိုက်တာကိုး...။ 'မြောက်ပိုင်း ကျွန်းလေးကျွန်း တောင်းတဲ့ကိစ္စ၊ ကျွန်တော် ထောက်ခံတယ်လို့၊ ဆိုဗီယက်တွေ ယူထားတဲ့ တရုတ်ပိုင်နယ်မြေ တော့ရှန်းကီလိုမီတာတစ်သန်းခွဲကိုလည်း ပြန်ယူချင်တယ်'လို့..။ (ရယ်သံများ...)

**တစ်ဆင်းကျား** ■ နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ဖြစ်နေပြီဆိုတာမြင့် သဲအဆက်အသွယ် လိုတယ်လို့ ကျွန်တော်တို့ တစ်ဖက်ဖက်က ယူဆရင်၊ နည်းလမ်းရှာကြရမှာပေါ့လေ...။ လောလောဆယ်တော့ အခု 'ဆက်ဆံရေးနွေး'နဲ့တင်လဲ အလုပ်ဖြစ်နေတယ် ထင်တာပဲ။

**မော်စီတုန်း** ■ ဟုတ်ပါတယ်၊ ဆိုဗီယက်တို့ အိန္ဒိယတို့နဲ့ဆိုရင် ကျွန်တော်တို့တရားဝင် သံတမန်ဆက်အသွယ်ရှိတာပဲ၊ ဒါပေမဲ့ သိတဲ့အတိုင်း ဆက်ဆံရေးက တစေတင်းစေနဲ့ မျက်စေ့လေ..။ ခင်ဗျားတို့နဲ့ကျတော့ အခုလို ရယ်ရယ်မောမော စကားပြောလို့ရတယ်၊ သဘော်တာသဘောထား လက်တွေ့ကျဖို့က ပိုအရေးကြီးပါတယ်ဗျာ။ အခုချိန်မှာ နှစ်နိုင်ငံလုံးအတွက် အရေးကြီးနေတာက၊ တစ်ခုလုံး နိုင်ငံတကာ ဆက်ဆံရေး မဟုတ်လား။

**တစ်ဆင်းကျား** ■ ကျွန်တော် အပြည့်အဝ သဘောတူပါတယ် ဥက္ကဋ္ဌကြီး။

**မော်စီတုန်း** ■ နေဦးဗျ၊ ကျွန်တော်တို့မှာ ကိုးလိုးကန့်လန့် နိုင်နေတာ တစ်ခုလည်း ရှိသေးတယ်၊ တစ်ဖက်မှာက အရှေ့ရေရဲ့ ဒီယွန်ဝါဒကို ဆန့်ကျင်တဲ့ အာရပ်နိုင်ငံတွေကို ထောက်ခံထားတယ်၊ ဒါပေမဲ့ တခြားတစ်ဖက်မှာလည်း အရှေ့အလယ်ပိုင်းမှာ အမေရိကန် တည်ရှိမှုကို လိုလားပြန်တယ်၊ ဒါမှလဲ ဆိုဗီယက် အန္တရာယ်ကို တားလို့ရမှာကိုး။

**တစ်ဆင်းကျား** ■ ဒီကိစ္စမှာလည်း ကျွန်တော်တို့ချင်း တစ်သဘောတည်းပါပဲ၊ တကယ်လို့ ဒီဒေသမှာ ဆိုဗီယက်အန္တရာယ် မရှိတော့ရင်လဲ၊ ကျွန်တော်တို့ အမြင်ချင်း ဝေးသွားမှာတော့



မဟုတ်ပါဘူး။ အာရပ်တွေရဲ့ ခံစားမှုကို ကျွန်တော်တို့ နားလည်ပေးနိုင်ပါတယ်၊ ဆိုဗီယက်ဩဇာ ထောက်ခံချင်တဲ့ သူတို့ရဲ့ တိမ်းညွတ်မှုကိုသာ ဆန့်ကျင်တာပါ။

**မော်စီတုန်း** ■ ဟုတ်တယ်၊ အတိအကျပဲ။

**တစ်ဆင်းကျား** ■ အခုလောလောဆယ် ကျွန်တော်တို့ရဲ့ အရှေ့အလယ်ပိုင်း မဟာဗျူဟာဟာ ဒါပါပဲ ဥက္ကဋ္ဌကြီး။

**မော်စီတုန်း** ■ နောက်ထပ် အရေးကြီးတဲ့ပြဿနာတစ်ခု ရှိသေးတယ်ဗျ၊ ထိုင်ဝမ်ကိစ္စပေါ့...။ ဘဂ္ဂဒက်လေး၊ ဖဲဒီမှာ ခင်ဗျား တို့ ဘာလုပ်နိုင်မလဲဆိုတာ၊ ကျွန်တော်မသိဘူး၊ ကျွန် တော်တို့အမြင် ပြောရရင် အလားအလာ သိပ်ကောင်းမယ် မထင်လှဘူး။ ဘယ့်နှယ်လဲ...။

**တစ်ဆင်းကျား** ■ ပြောရရင် ထိုင်ဝမ်ဟာ အတော်ခက်တဲ့ ဒေသတစ်ခုပါ၊ သူတို့နဲ့ ဆက်သွယ်ဖို့ ဖြစ်နိုင်စရာ ရှိပါတယ်၊ ဒါပေမဲ့ သူတို့ ဦးတည်ချက်ကို ပြောင်းဖို့ဆိုရင်တော့ အချိန် အတော် ပေးရလိမ့်မယ်၊ ထိုင်ဝမ်နဲ့ပတ်သက်တဲ့ ကျွန်တော်တို့ မဟာဗျူဟာကတော့၊ ပထမဆုံး ဆီးရိုးယား ဩဇာကို ဖယ်ရှားမယ်၊ ပင်လယ်ကွေ့ တစ်လျှောက်က၊ အာရပ်ပဒေသရာဇ် နိုင်ငံတွေပေါ် မှာ ရှိနေတဲ့၊ ဆီးရီးယားနဲ့ ဆိုဗီယက်ဩဇာကို လျှော့ချဖို့ လိုလိမ့်မယ်၊ ဆိုဗီယက်ကို အားကိုးလို့တတော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ၊ သူတို့အားလုံး သဘောပေါက်ဖို့ လိုတယ်၊ ဒီလို သဘောပေါက်ပါမှ၊ ကျွန်တော်တို့ ဘက်က ချဉ်းကပ်လို့ လွယ်မှာကိုး...။

**မော်စီတုန်း** ■ နေပါဦး ...။ တလောက ပင်လယ်ကွေ့မှာ ခင်ဗျားတို့ ရေတပ် ရောက်နေတယ်ဆို ...။ အဲဒါသာမန် ရင်ကောင်းတယ်ဗျ။

**တစ်ဆင်းကျား** ■ ဟုတ်ပါတယ်၊ နှစ်ချိန်ထိလဲ ရှိနေတုန်းပါ၊ တော်တော်ကြာကြာ ဆက်ထားဖို့လဲ ရည်ရွယ်ချက် ရှိပါတယ်၊

Copyright (c) www.nldlanorway.com 22/11/2008

မော်စီတုန်း ■ ဘာလဲ လေယာဉ်တင်သင်္ဘောလား . . . ။

ကစ်ဆင်းဂျား ■ လေယာဉ်တင်သင်္ဘော တစ်စင်းနဲ့ အစောင့်သင်္ဘောတွေ ပါတယ်။

မော်စီတုန်း ■ နေဦးဗျ။ ဂျပန်ရေလက်ကြားမှာလဲ ဆိုဗီယက်တွေ ခြေချနေတယ်ဗျ။ ပစိဖိတ်သမုဒ္ဒရာမှာ ဆိုရင်လဲ ဒုံးပျံ စမ်းသပ်တာတွေ လုပ်တတ်ကြတယ်။ အဲဒါ ခင်ဗျားတို့ သိလား . . . ။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ သိပါတယ်။

မော်စီတုန်း ■ ကျွန်တော့်အထင် ပြောရရင်၊ အနောက်မှာ ခင်ဗျားတို့ တပ်တွေ စုမနေ စေချင်လို့ ပစိဖိတ်ကနေ စမ်းပြတာ ဖြစ်နိုင်တယ်။

ကစ်ဆင်းဂျား ■ ပစိဖိတ်မှာ ဒုံးပျံစမ်းတာက ပြဿနာမဟုတ်ပါဘူး။ သူတို့ ဘာရည်ရွယ်တယ်ဆိုတာ အလွယ်နဲ့ မှန်းဆလို့ ရတယ်လေ။ တကယ့်ပြဿနာက၊ အိန္ဒိယသမုဒ္ဒရာနဲ့ အာရပ်ပင်လယ်မှာ ကျွန်တော်တို့ ရေတပ်စခန်း မရှိတာပဲ။ အခုဒီကိစ္စအတွက်၊ ကျွန်တော်တို့ ပါကစ္စတန်နဲ့ ဆွေးနွေး နေပါတယ်။ အီရန်ကရှားဘုရင်နဲ့လည်း နီးနီး ကပ်ကပ် ဆက်ဆံသွားဖို့ ရည်ရွယ်ထားတယ်။ ကျွန်တော် ထင်ပါတယ်။ လာမယ့် နှစ်တွေလောက်ဆိုရင် အိန္ဒိယ သမုဒ္ဒရာထဲမှာ ကျွန်တော်တို့ သင်္ဘောတွေ ချထားနိုင် လောက်ပါပြီ။

မော်စီတုန်း ■ နေပါဦးဗျ။ ဘာ့ကြောင့် အီရန်က ဆိုဗီယက်ယူနီယံရဲ့ 'အာရှစုပေါင်းလုံခြုံရေးစနစ်' ဆိုတာကို ထောက်ခံနေရ တာလဲ။

ကစ်ဆင်းဂျား ■ ကျွန်တော့်အမြင် ပြောရရင် ဒီဒေသထဲမှာ ဆိုဗီယက် အန္တရာယ်ကို နားအလည်နိုင်ဆုံးက ရှားဘုရင်ပဲ ဖြစ်လိမ့် မယ် ထင်တယ်။ အခုဆိုရင် သူက ကျွန်တော်တို့ လက် နက်တွေ အများကြီးဝယ်ထားပြီးပြီ။ ဆိုဗီယက်အန္တရာယ်



ခုခံဖို့နဲ့ ပါကစ္စတန်ကို ကာကွယ်ဖို့ပါ။ တကယ်လို့ သူသာ ဒီစကားဝိုင်းထဲမှာပါနိုင်ရင် ဥက္ကဋ္ဌကြီးရဲ့ အမြင် ကို အပြည့်အဝ ထောက်ခံလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ ဒါပေမဲ့ သူ့မှာလဲ နည်းနည်းတော့ ပြဿနာ တော့ ရှိမှာပေါ့လေ။ သူက ငြိမ်းချမ်းရေးဝါဒီ တစ် ယောက်ရဲ့ အထိုင်ကို ယူထားတာကိုး။ ဥက္ကဋ္ဌကြီး ပြောတဲ့ကိစ္စမှာ သူမှားချင် မှားလိမ့်မယ်။ ဒါပေမဲ့ သေ ချာတာက၊ သူဟာ ဆိုဗီယက်လူ ဘယ်နည်းနဲ့မှ မဖြစ် နိုင်ပါဘူး။

ချူအင်လိုင်း ■ လာမယ့်နှစ် ပထမသုံးလအတွင်းမှာ၊ သူ တရုတ်ပြည် လာဖို့ ရှိပါတယ်။ (နိုင်ငံခြားရေးဝန်ကြီး ယဲ့ပင်ဖေးနှင့် ညှိနှိုင်းကြပြီးနောက်) . . . အဲဒီ ခရီးစဉ်ကို လာဖို့ရွှေ့ဆိုင်း ချင်လဲ ရွှေ့ဆိုင်းထားလိမ့်မယ်။ သိပ်အစောကြီးတော့ လာမယ် မထင်လှဘူး။

ကစ်ဆင်းဂျား ■ တရုတ်ပြည်နဲ့ ရင်းရင်းနှီးနှီး ဆက်ဆံသွားဖို့ သူ့ဘက်က တကယ်ဆန္ဒရှိ တာပါ။ ဒီကိစ္စအတွက် ကျွန်တော်တို့ ကလဲ သူ့ကို တိုက်တွန်းတယ်။ ပါကစ္စတန်ရယ်၊ အာဖ ဂန်နစ္စတန်ရယ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ နှစ်နိုင်ငံ လုံးရဲ့ သဘောထားကို သူ ကောင်းကောင်း သဘော ပေါက်တယ်။

မော်စီတုန်း ■ အင်း . . . အခုလောလောဆယ်၊ နိုင်ငံတကာ အခြေ အနေမှာ အားအနည်းဆုံးကတော့ အီရတ်ပဲဖြစ်လိမ့် မယ်ထင်တယ်။ ဟုတ်လား။

ကစ်ဆင်းဂျား ■ ဟုတ်တယ်။ ကိုင်ရတွယ်ရ အခက်ဆုံးပဲ။

ချူအင်လိုင်း ■ (ရယ်ရယ်မောမောဖြင့်) ကဒါဖီ လဲ အီရတ်ကို သွား တယ်နော်။ ဘာတွေ ရှုပ်ဦးမယ် မသိဘူး။

မော်စီတုန်း ■ အခု သူတို့ ဘာတွေ လုပ်နေကြလဲ။

ချူအင်လိုင်း ■ ခုတော့ ငြိမ်နေရှာပါပြီ။ [illegible]

Copyright (c) www.nldlanorway.com 22/11/2008

လက်မခံဖို့ သွားတိုက်တွန်းတာ နေမှာပေါ့။

**တစ်ဆင်းဖြား** ■ ပြောရရင် ဒီလူက ခပ်ကြောင်ကြောင်ပါဗျား။

**မော်စီတုန်း** ■ အေးဗျာ၊ ကျွန်တော် သူ့ကိုနားမလည်ဘူး၊ နောက်တစ်ယောက် ရှိသေးတယ်၊ တောင်ယီမင် သမ္မတပေါ့။ ဒီလူ ကျွန်တော်တို့ဆီ ချဉ်းကပ်လာဖူးတယ်ဗျ။ သူက ဆိုဗီယက်ယူနီယံနဲ့ အဆက်အသွယ် ဖြတ်ချင်လို့တဲ့ . . . ။ ကျွန်တော်ကတော့ ဘာမှ နှုတ်လှန်အာလှန် မပြောလိုက်ပါဘူး၊ စဉ်းစဉ်းစားစားလုပ်လို့ပဲ အကြံပေးလိုက်ပါတယ်၊ အင်း . . . အခုတော့ ဆိုဗီယက်ရဲ့ အနီးကပ်ဆုံး မဟာမိတ်ဖြစ်ဖို့ ကြိုးစားနေတယ် ကြားတာပဲ။

**တစ်ဆင်းဖြား** ■ တကယ့်ကို အနီးဆုံး မဟာမိတ်ပေါ့၊ ပင်လယ်ကွေ့မှာ မြေရှုပ်ဖို့ ကြိုးစားနေကြတာ သူတို့ပေါ့။

**မော်စီတုန်း** ■ အဲဒီနိုင်ငံတွေနဲ့ကော၊ ခင်ဗျားတို့ သံအဆက်အသွယ် ရှိလား . . . ။

**တစ်ဆင်းဖြား** ■ ရှိတော့ ရှိပါတယ်၊ ဒါပေမဲ့ ဘာမှ အသုံးမဝင်လှပါဘူး၊ သူတို့အပေါ် မှာလဲ ပြဿနာမညောင်းပါဘူး။ မတ်(၈) ကတ်တို့ အိုမင်တို့ မြောက်ယီမင်တို့ကိုတော့၊ သူတို့ လိုတဲ့ အကူအညီ တတ်နိုင်သလောက်ပေးပါတယ်၊

(ဝန်ကြီးချုပ် ချူအင်လိုင်းက ဤနေရာများ၏ တည်နေရာကို ဥက္ကဋ္ဌ မော်စီတုန်းသို့ ရှင်းပြသည်။)

**မော်စီတုန်း** ■ ကိုင်း . . . ဂျပန်အကြောင်း ဆွေးနွေးကြဦးစို့ဗျား၊ ဒီတစ်ခေါက်တော့ ခင်ဗျား ဂျပန်မှာ အချိန်ပိုယူမှာမို့လား။

**တစ်ဆင်းဖြား** ■ (ချူအင်လိုင်းဘက်သို့ လှည့်ပြောသည်) ဥက္ကဋ္ဌကြီးက ဂျပန်ကိစ္စနဲ့ ပတ်သက်ရင် ကျွန်တော့်ကို အမြဲကြိမ်းနေတာဗျ။

(မော်စီတုန်းဘက်သို့ပြန် လှည့်ပြီး) ဟုတ်ကဲ့ နှစ်ရက်ခွဲ လောက်နေမှာပါ ဥက္ကဋ္ဌကြီး၊ ဥက္ကဋ္ဌကြီး သတိပေးတာကို ကျွန်တော့်စိတ်ထဲမှာ စွဲနေပြီသားပဲ။ 'ဂျပန်ကို

Copyright (c) www.nldlanorway.com



အထီးကျန် မဖြစ်စေနဲ့' ဆိုတာလေ။

**မော်စီတုန်း** ■ ဟုတ်တယ်၊ ဆိုဗီယက်ဘက် တွန်းပို့သလို မဖြစ်ဖို့ လိုတယ်၊

**တစ်ဆင်းဖြား** ■ ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ ဇဝေဇဝါ မဖြစ်စေဖို့လဲ လိုမယ်ထင်တယ်။

**မော်စီတုန်း** ■ ဒါမျိုး ဖြစ်နိုင်လို့လား . . . ။

**တစ်ဆင်းဖြား** ■ ကျွန်တော်တို့ဘက်ကတော့ မဖြစ်နိုင်ပါဘူး၊

**မော်စီတုန်း** ■ ပထမဦးစားပေးက ခင်ဗျားတို့အမေရိကန်နဲ့ ဆက်ဆံရေး ကောင်းဖို့ပါ၊ ကျွန်တော်တို့ရဲ့က ဒုတိယဦးစားပေးပေါ့။

**တစ်ဆင်းဖြား** ■ တရုတ်-ဂျပန် ဆက်ဆံရေးကောင်းဖို့မှာ ကျွန်တို့ဘက်ကလဲ ဘာမှကန့်ကွက်စရာ မရှိပါဘူး၊ ဆိုဗီယက်ယူနီယံနဲ့ နီးမသွားဖို့ကသာ အရေးကြီးတာပါ။

**ချူအင်လိုင်း** ■ သူတို့ဘက်ကကြည့်ရင် ဆိုဗီယက်နဲ့ မနီးသင့်ပါဘူး။

**တစ်ဆင်းဖြား** ■ ဟုတ်ပါတယ်၊ ဆိုဗီယက်နဲ့ ရင်ဆိုင်နေရတာ သူတို့တစ်နိုင်ငံတည်း မဟုတ်ဘူးဆိုတာ သူတို့သဘောပေါက်မှာပါ။

**မော်စီတုန်း** ■ ဆိုဗီယက်အန္တရာယ်ကို ကာကွယ်ဖို့ အမေရိကန် ပြည်ထောင်စုနဲ့ လက်တွဲသင့်တယ်လို့ ကျွန်တော်တို့က လည်း အကြံပေးထားပါတယ်။

**ချူအင်လိုင်း** ■ မကြာသေးခင်က၊ တာနာကာနဲ့ အဖွဲ့၊ အမေရိကန်ပြည်ထောင်စုကို လာသေးတယ်မို့လား၊ အနောက်ဘက်တမ်းကိုလား ဟာဝိုင်ယီကိုလား . . . ။

**တစ်ဆင်းဖြား** ■ မဟုတ်ဘူးဗျ ဝါရှင်တန်ကို ရောက်လာတာ၊ ဆိုဗီယက်ယူနီယံကို မသွားခင်၊ ကြိုရောက်လာကြတာပါ။ ကျွန်တော်တို့ရဲ့ ဂျပန်ရဲ့ ဆက်ဆံရေးဟာ ဟိုတစ်ခေါက် ဥက္ကဋ္ဌကြီးတို့ဆီ ကျွန်တော်လာတုန်းကနဲ့ စာရင်၊ ပိုကောင်းလာပါပြီ။ ဒီလူတွေ ဒီပ်လဲ အထိတ်တလန့်

22/11/2008

ဖြစ်မနေလှတော့ပါဘူး၊

(ရယ်သံများ)

မော်စီတုန်း ■ အင်း… ခင်ဗျားတို့ကို လန့်နေတာလဲ ဖြစ်နိုင်တာပေ့ါ။ အာပဲဖြစ်ဖြစ်လေ၊ သူတို့ စိုးရိမ်တာတွေ လျော့ပါး သွားအောင်တော့ ခင်ဗျားတို့ လုပ်သင့်ပါတယ်၊ ဆိုဗီယက်တွေကတော့ သူတို့ကို ဆွဲဆောင်နိုင်ဖို့ အစွမ်းကုန် ကြိုးစားမှာပဲ၊ ဒါပေမဲ့ ဂျပန်က သူတို့ကို ယုံမှာ မဟုတ်ပါဘူး။

တစ်ဆင်းကျား ■ သမိုင်းအတွေ့အကြုံအရ ဆိုရင်လဲ ယုံချင်စရာမှ မရှိတာကလား၊ ဒီတော့ ရုရှားရဲ့ ဆွဲဆောင်မှုဟာ ဂျပန်ရဲ့ ဟာသယနဲ့ တွေ့ဖို့ မလွယ်လှပါဘူး၊

ချူအင်လိုင်း ■ တာနာကာရဲ့ ခနိုစဉ်တုန်းက၊ ဒီလူတွေ အတော့်ကို ဆိုးဆိုးဝါးဝါး ဆက်ဆံ လွှတ်လိုက်တယ်လို့ကြားတာပဲ၊

မော်စီတုန်း ■ ဟုတ်တယ်ဗျ၊ ပထမနှစ်ရက်လုံးလုံး၊ ဘာဆွေးနွေးပွဲမှ မလုပ်ဘူးဆိုပဲ၊ ဆိုဗီယက်ယူနီယံရဲ့ အရင်းအမြစ်တွေ အကြောင်းကိုသာ အဆိုပြုနေကြ တာတဲ့ …။

ချူအင်လိုင်း ■ ပြီးတော့ လက်ချာပေးမှာပေါ့၊

တစ်ဆင်းကျား ■ ဟုတ်တယ်၊ ကျွန်တော်တို့နဲ့ ဆက်ဆံတဲ့အခါလဲ ဒီအတိုင်းပဲ၊ ကျွန်တော်တို့ကို ဝယ်ဖို့ကြိုးစားနေတယ်ဆိုတာ ထင်ရှားပါတယ်၊ သူတို့ အဆိုပြုပုံကို ကြည့်ဦးလေ၊ သူတို့ဆီမှာ ဆယ်နှစ်လောက်သာ ရင်းနှီးမြှုပ်နှံလိုက်ပါတဲ့၊ အစစအရာရာ တည်ဆောက်ပြီးပြီဆိုတာနဲ့ ချေးပြန်ပေးမှာပါတဲ့၊ ကျွန်တော်တို့ဘက်ကတော့ ဘာ သဘော တူညီချက်မှ မပေးရသေးပါဘူး။ ကျွန်တော် အထင် ပြောရရင် သူတို့ စီမံကိန်းတွေ အလားလာ ကောင်းမှာ မဟုတ်ပါဘူး။

[illegible] ■ ဘာလဲ၊ 'အသွားအခွင့်အရေးပေးတဲ့နိုင်ငံ' MFN ဆိုတာ လား၊ ဒီကိစ္စကို ခင်ဗျားတို့ ချောင်ထိုးထားတာ မဟုတ်

Copyright (c) www.nldlanorway.com



လား၊ ကျွန်တော်တို့ အတွက်တော့ ဒါ မဂ်လာသတင်း ပဲဗျ။ ခပ်ကြာကြာ ချောင်ထိုးထားလေ ကောင်းလေပဲ၊

(ရယ်သံများ)

တစ်ဆင်းကျား ■ ကျွန်တော်တို့က တရုတ်ပြည်ကို MFN. အဆင့် ပေးချင်တာ၊

(နောက်ထပ်ရယ်သံများ)

မော်စီတုန်း ■ မလိုသေးပါဘူးဗျား၊ ဆိုဗီယက်တွေ မရဘူးဆိုရင်ဘဲ လုံလောက်ပါပြီ။

(နောက်ထပ် ပို၍ကျယ်သည့် ရယ်သံများ)

တစ်ဆင်းကျား ■ ပြောကြစတမ်းဆိုရင် တကယ့်ပြဿနာက MFN မဟုတ်ဘူးဗျ၊ ဆိုဗီယက်တွေမှာ ရောင်းစရာဆိုလို့ ဘာတစ်ခုမှ မရှိတာကမှ ပြဿနာ …။ ဆိုဗီယက်နဲ့ ကုန်သွယ်ရေးမှာ အခက်အခဲက၊ ကျွန်တော်တို့ဘက်က အခွန်အကောက် မဟုတ်ဘူး၊ သူတို့ ကုန်စည်တွေကို က အရည်အသွေးညံ့တာ၊

မော်စီတုန်း ■ ဒါပေမဲ့ ခင်ဗျားတို့လိုတဲ့ စွမ်းအင်တော့ သူတို့ထောက်ပံ့ နိုင်တယ်မို့လား၊

တစ်ဆင်းကျား ■ မထင်ပါနဲ့ ဥက္ကဋ္ဌကြီးရယ်၊ ပြောလောက်အောင် ဘာမှ မရှိပါဘူး၊ သူတို့ ထုတ်လုပ်နိုင်တဲ့ သဘာဝဓာတ်ငွေ့ ဆိုတာ၊ ကျွန်တော်တို့ လိုတာရဲ့ ၅% လောက်ပဲ ရှိတာပါ။ ဒါတောင် ဆယ်နှစ်လောက် စောင့်ပြီး ထုတ်ရမယ့် သဘောရှိတယ်၊ ဒီဆယ်နှစ်အတွင်း ကျွန်တော်တို့ကိုယ်တိုင်လဲ သဘာဝဓာတ်ငွေ့ထုတ်လုပ်ချင် ထုတ်လုပ်နိုင်မှာပေါ့၊ မဟုတ်ဘူးလား၊

မော်စီတုန်း ■ ဒါဆိုလဲ ကောင်းပါလေရော့ဗျား၊

တစ်ဆင်းကျား ■ သူတို့ လိုချင်တာကလည်း MFN ထက်၊ ချေးငွေပါ၊ ကျွန်တော်တို့ကလည်း ချေးငွေကိစ္စကို တင်းတင်း ကျပ်ကျပ် ချုပ်ကိုင်ထားတယ်လေ။ ဒီတော့ ငွေမချေး

22/11/2008

သာဘူး ဖြစ်နေတာပေါ့။

**မော်စီတုန်း** ■ ကျွန်တော်တော့ ဒီကိစ္စတွေ သိပ်ညာက်မမီဘူးဗျာ၊ ခင်ဗျားပြောပုံအရဆိုရင် ဆိုဗီယက်ယူနီယံဟာ ဓေါ်လာ ၈ ဘီလီယံလောက်ကို လိုနေတာပေါ့နော်။

**ကာစ်ဆင်ဂျား** ■ ဟုတ်တယ်၊ သဘာဝဓာတ်ငွေ့အတွက် ဒေါ်လာ ၈ ဘီလီယံလောက် ရချင်တာ။

**မော်စီတုန်း** ■ ဒါထက် ခင်ဗျားတို့သမ္မတကြီးကတဲ 'နှစ်ဆင့် ကြေညာချက်' ဆိုတာ ထုတ်ပြန်ထားတယ်နော်။ အရှေ့တောင်အာရှက စစ်မီးလျှံတွေ ငြိမ်းသတ်ရမယ် ဆိုတဲ့ သမ္မတကြီးရဲ့ ပေါ်လစီကို အမေရိကန်တွေ တဖြည်းဖြည်း သဘောပေါက်လာကြပြီထင်ပါရဲ့၊ ဘယ့်နှယ့်လဲ . . . ။ ဒီအတိုင်းသာဆိုရင်၊ ခင်ဗျားတို့ ဒီထက် ပိုအောင်မြင်ဦးမှာပဲ၊ နေပါဦး 'အတွေ့လန့်တိတ်ချောဘာသယ်' ဆိုတာ ကရော ဘာလဲ၊ အတူတူပဲလား။

**ကာစ်ဆင်ဂျား** ■ ဟုတ်ကဲ့ ချောတာမှုကြမ်းကိုတော့ ပြီးသလောက် ဖြစ်နေပါပြီ၊ စစ်ရေးရော နိုင်ငံရေးမှာပါ ပြီးပြီလို့ ပြောလို့ရပါတယ်၊ စီးပွားရေးမှာတော့ မပြီးတတ်သေးဘူးဗျ။

**မော်စီတုန်း** ■ စီးပွားရေးမှာ ပြဿနာ ရှိနေလို့လား . . . ။

**ကာစ်ဆင်ဂျား** ■ ဆိုပါတော့ ဥက္ကဋ္ဌကြီး၊ ဒါပေမဲ့ ကျွန်တော်ကို ကျော်သွားနိုင်မှာပါ၊ ခက်တာက ကျွန်တော်တို့ ဗီဇီယာတွေပေါ့၊ သူတို့က အဆင်မပြေတာ၊ သဘောကွဲတာမျိုးကိုသာ အာရုံစိုက်ကြတာ များတယ်၊ လူသိရှင်ကြား ထုတ်ဖော်ပြောတတ်ကြတဲ့ဆယ်တမန်ဆိုတာတွေကလဲ များသောအားဖြင့် ယုံကြည်ချင်စရာ မကောင်းဆုံးလူတွေ ဖြစ်တတ်တာကလား၊ သူတို့ အပြောကို ပုံကြီး ချဲ့လိုက်တော့ အများအမြင်မှာ ပြဿနာကြီးပေါ့ . . . ။ တကယ်တော့ ဒီလောက် အခြေအနေဆိုးလှတာ မဟုတ်ပါဘူး၊ တိုးတက်မှု ရှိသင့်သလောက် ရှိပါတယ်။



**မော်စီတုန်း** ■ ဟုတ်တယ်ဗျ၊ ဆိုဗီယက်ကိစ္စမှာလဲ ဗီဇီယာ အားဒေါ်တွေကို သိပ်ယုံစားရတာ မဟုတ်ဘူး၊ တကယ်တော့ ဆိုဗီယက်တွေ အနေနဲ့ ဥရောပကို သိမ်းဖို့ဆိုတာ လွယ်တဲ့ကိစ္စမှတ်လို့၊ သူတို့မှာ ရည်မှန်းချက် ရှိတယ်ပဲ ထားဦး၊ ရင်ဆိုင်ရမယ့် အခက်အခဲကလည်း နည်းမှမနည်းတာ။

**ကာစ်ဆင်ဂျား** ■ အထူးသဖြင့် စစ်ရေးအရ သိမ်းဖို့ဆိုတာ လုံးဝ မလွယ်ပါဘူး၊ ဒီလို ကြိုးစားလာခဲ့ရင်လဲ၊ ကျွန်တော်တို့နဲ့ အရင်ဆုံး ထိပ်တိုက်တွေ့မှာပဲလေ။
(မော်စီတုန်းက ချွအင်လိုင်းကို တစ်စုံတစ်ခု လှမ်းပြောလိုက်သည်။)

**ကာစ်ဆင်ဂျား** ■ တကယ်ထည့်တွက်သင့်တဲ့ ဆိုဗီယက်အန္တရာယ်က နေရာနဲ့ ပိုဆိုင်မယ်ထင်တယ်၊ ဥပမာ ချက်ကိုစလိုဗားကီးယားလို တပ်တွေ မြန်မြန် ပို့လို့ရမယ့် နေရာမျိုး၊ ဒါမှမဟုတ် လေကြောင်းက ရုတ်တရက် ဝင်တိုက်လို့ရမယ့် နေရာမျိုး . . . ။

**မော်စီတုန်း** ■ ဆိုဗီယက်တွေမှာ ပြေပြန်ခုတ်တတ်တဲ့ အကျင့်လည်း ရှိတယ်နော်၊ ဥပမာ-ချက်ကိုစလိုဗားကီးယားမှာဆိုရင် အရပ်ဘက် ခရီးသည်တင်လေယာဉ်တွေနဲ့ စစ်တပ်တွေ ပို့တယ်လေ၊ ဒီလိုနဲ့ ပရာ့ဂ်လေဆိပ်ကို ချုပ်ကိုင်ခဲ့တာ မို့လား၊

**ကာစ်ဆင်ဂျား** ■ ဟုတ်တယ်၊ ဥက္ကဋ္ဌကြီး ပြောတဲ့အတိုင်း အတိအကျပဲ။
(သူတို့ ပြောကြသည်မှာ ၁၉၆၈ ချက်ကိုစလိုဗက် အရေး အခင်းအကြောင်း ဖြစ်ပါသည်၊ ထိုစဉ်က ချက်ကိုစလိုဗားကီးယားနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို ဆိုဗီယက် တပ်နီတော်မှ ဖြိုခွဲခဲ့ဖူးသည်။)

**မော်စီတုန်း** ■ ဆိုဗီယက်ယူနီယံနဲ့ ပတ်သက်လို့ ကျွန်တော့်အမြင်ပြောရရင် သူ့မှာက ရည်မှန်းချက် ကြီးလွန်းနေတာက

Copyright (c) www.nldlanorway.com 22/11/2008

ပြဿနာဘူး၊ ဥပဒေရေးရာ၊ အာမခံရေးရာ၊ တိုက်ကြီးနှစ်တိုက်လုံး သူ့လက်ဖဝါးအောက်မှာ ထားချင်တယ်၊ တစ်ခါ အာဏရိကာမြောက်ပိုင်းကျတော့လဲ လက်မလွှတ်ချင်ပြန်ဘူး၊ မတော်လေသာဘက သူ့ကို ခုက္ခပေးမှာပဲ။

တစ်ဆင်းဖျား ■ အပြိုင်မြောက်ခံနေရတဲ့ တိုင်းပြည်အားလုံး ညီညွတ်ကြမယ်ဆိုရင်ပေါ့။

မော်စီတုန်း ■ အရှေ့တောင်အာရှမှာ ခင်ဗျားတို့နှစ်နေတာကို အခွင့်ကောင်းယူချင်တာလဲပါတယ်ဗျ၊ အင်း . . . ဒီကိစ္စမှာတော့ ခင်ဗျားတို့ သမ္မတကြီးတစ်ယောက်တည်းကို အပြစ်ပုံချလို့ မသင့်ဘူးပေါ့လေ၊ ဖွန်ဆင်အစိုးရမှာလဲ တာဝန်ရှိတာပဲ။

တစ်ဆင်းဖျား ■ ကျွန်တော် သိပ်မရှင်းဘူး ဥက္ကဋ္ဌကြီး၊ ဘယ်လို အခွင့်ကောင်းယူတာလဲ။

မော်စီတုန်း ■ ချက်ကိုစလိုဗားကီးယားကို ဝင်တိုက်တာမျိုးပေါ့ဗျာ။

ချူအင်လိုင်း ■ ပြီးတော့ အိန္ဒိယ ကိစ္စ . . . ။

မော်စီတုန်း ■ သူတို့က အိရုန်တို့ အီရတ်တို့ အိန္ဒိယတို့နဲ့ မဟာမိတ်ရေး စာချုပ်တွေ ချုပ်ထားတယ်လေ၊ အိန္ဒိယနဲ့ဆိုရင် ချစ်ကြည်ရေးစာချုပ်လည်း ချုပ်ထားသေးတယ်၊ ဒီစာချုပ် မျိုးတွေနဲ့ အရာအားလုံး အဆင်ပြေလိမ့်မယ်တော့ ကျွန်တော် မထင်ပါဘူး။

တစ်ဆင်းဖျား ■ ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီလိုပဲ သဘောရပါတယ်။

မော်စီတုန်း ■ ခင်ဗျားတို့နဲ့ ပတ်သက်လို့ ကျွန်တော်ကြားရတဲ့ ထင်မြင်ချက်တွေလည်း ပြောရဦးမယ်၊ အီဂျစ်က ဆိုဗီယက်စစ်အကြံပေးတွေ နှင်ထုတ်လိုက်တာ ခင်ဗျားတို့အတွက် အကွက်ကောင်းပဲတဲ့၊ ဒါပေမဲ့ ဒီအခွင့်အရေးကို ခင်ဗျားတို့မယူနိုင်ခဲ့ကြဘူး၊ ဒီလိုအချိန်မျိုးမှာ ခင်ဗျားတို့အနေနဲ့ နည်းနည်းမြန်မြန် အီဂျစ်ကို အကူအညီ ပေးသင့်တယ် စသည်ဖြင့်ပေါ့ဗျာ . . . ။ ဒီဝေဖန်ချက်တွေကြားတော့



ကျွန်တော် စဉ်းစားမိတာရှိတယ်၊ အခုလို အခွင့်ကောင်းကို အသုံးမချနိုင်တာဟာ၊ အရှေ့တောင်အာရှမှာ နစ်နေလို့ပဲ ဖြစ်မယ်လို့၊ ဒီနှံ့ထဲကထက်ဖို့ကို မနည်းလုပ်နေရတာမို့လား။

တစ်ဆင်းဖျား ■ ဟုတ်ပါတယ်၊ ဥက္ကဋ္ဌကြီး ပြောတဲ့အတိုင်းပါပဲ၊ ကျွန်တော်တို့မှာ ပြဿနာနှစ်ခု ရှိနေတယ်၊ တစ်ခုက ရှေ့ကောက်ပွဲ နောက်တစ်ခုက ဗီယက်နမ်စစ်ပေါ့၊ ဒီနှစ်ခုလုံး တစ်ပြိုင်နက် ဖြေရှင်းဖို့ မဖြစ်နိုင်ဘူး။

မော်စီတုန်း ■ ဒါပေမဲ့ အရင်နဲ့စာရင်တော့ ပိုလွတ်လပ်လာပြီ ထင်ပါတယ်။

တစ်ဆင်းဖျား ■ ဟုတ်ပါတယ်၊ အများကြီး လွတ်လပ်လာပါပြီ။

မော်စီတုန်း ■ အေးဗျာ စကားစပ်မိတော့ ဟီးဂဲ(လ) ပြောတာ သတိရမိတယ်၊ ခင်ဗျားရဲ့ အတော်ပြည် ဂျာမနီက ဒဿနဆရာလေ . . . ။ သူပြောတာဘာတဲ့ . . . ။ 'လွတ်လပ်မှုဆိုတာ လိုအပ်ချက်ကို နားလည်ခြင်းတဲ့ . . ' ဟုတ်လား။

တစ်ဆင်းဖျား ■ ဟုတ်ကဲ့။

မော်စီတုန်း ■ ခင်ဗျား ဟီးဂဲ(လ)ရဲ့ ဒဿနကို ဘယ်လိုမြင်လဲ၊ 'ဆန့်ကျင်ဘက်တို့ရဲ့ ပေါင်းစည်းမှု' ဆိုတာလေ။

တစ်ဆင်းဖျား ■ သိပ်စိတ်ဝင်စားတာပေါ့ ဥက္ကဋ္ဌကြီး၊ ကျွန်တော့်ရဲ့ ဒဿန စဉ်းစားနည်းတွေမှာ ဟီးဂဲ(လ) ဩဇာနဲ့ မကင်းပါဘူး။

မော်စီတုန်း ■ ဖျူဝါးဘက် ကတော့ ဟီးဂဲ(လ)ထက် နည်းနည်းနောက်ကျမယ်နော်၊ သူတို့နှစ်ယောက်လုံးဟာ ကမ္ဘာကို ကြီးကျယ်တဲ့ အတွေးသမားကြီးတွေပါဗျာ၊ မာ့က်ဝါဒဆိုတာကိုက သူတို့ကို တစ်စိတ်တစ်ပိုင်း အခြေခံခဲ့ရတာတလား၊ မာ့က်ရဲ့ ရှေ့က ပုဂ္ဂိုလ်ကြီးတွေပေါ့၊ ဟီးဂဲ(လ)နဲ့ ဖျူဝါးဘက်သာမရှိရင်၊ ကား(လ)မာ့က်ဆိုတာလဲ ရှိမှာ မဟုတ်ဘူး။

Copyright (c) www.nldlanorway.com 22/11/2008

ကစ်ဆင်းဂျား ■ ဟုတ်တယ်။ မာကွိုဟာ ဟီးဂဲ(လ)ဝါဒကို ပြောင်းပြန်လှန်ပစ်ခဲ့ပေမယ့် စဉ်းစားနည်းမှာတော့ ဟီးဂဲ(လ) ကို အခြေခံခဲ့ရတာပဲ။

မော်စီတုန်း ■ နေဦးဗျ။ ခင်ဗျားကို ကျွန်တော် မမေးမိသေးဘူးနော်။ ခင်ဗျားက ဘာ ဒေါက်တာလဲ (သူ့ဘာသာရယ်ရင်း) ဘာနဲ့ ဒေါက်တာဘွဲ့ရတာလဲလို့ မေးတာပါ။ 'ဖလော်ဆိုဖီ' လား...။

ကစ်ဆင်းဂျား ■ (ရယ်ရယ်မောမောဖြင့်) ဟုတ်ပါတယ်။

မော်စီတုန်း ■ ကောင်းတယ်ဗျား၊ လုပ်ပါဦးဗျ ကျွန်တော့်ကို လက်ချာပေးပါဦး...။

ကစ်ဆင်းဂျား ■ မဟုတ်တာ။ ဒဿနဗေဒရာမှာ ဥက္ကဋ္ဌကြီးက ကျွန်တော်ထက် ပိုကျွမ်းတာပဲဟာ။ ကျွန်တော် သိတာပေါ့၊ ဥက္ကဋ္ဌကြီးရဲ့စာတွေဟာ တကယ့်ဒဿနတွေဆိုတာ၊ ကျွန်တော်တားဗတ်မှာတုန်းက ဥက္ကဋ္ဌကြီးရဲ့ ညွှန့်ပေါင်းကျမ်းတွေကို 'အဆိုင်းမင့်' ပေးတော့၊ လုပ်ဖော်ကိုင်ဖက်တွေက ကဲ့ရဲ့ကြတယ်ဗျ။

မော်စီတုန်း ■ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို အားမရပါဘူးဗျာ။ အဆိုးဆုံးက၊ နိုင်ငံခြားဘာသာစကား မတတ်တာပဲ။ ဒီတော့ ဂျာမန်လို၊ အင်္ဂလိပ်လို၊ အမေရိကန်လို ကျွန်တော် မဖတ်နိုင်တော့ဘူး။

ကစ်ဆင်းဂျား ■ ကျွန်တော်ကိုယ်တိုင်လဲ။ မူလဂျာမန်စာ စစ်စစ်ဆိုရင် မဖတ်နိုင်ဘူးဗျ။ အင်္ဂလိပ်ဘာသာပြန်ပဲ အားကိုးရတာ၊ ဟီးဂဲ(လ)ရဲ့ လေးနက်တဲ့ကျမ်းတွေဆိုရင် မူလဂျာမန်လိုထက် အင်္ဂလိပ်လိုဖတ်ရတာကမှ ပိုနားလည်သလိုပဲ။ ဒါနဲ့တောင် ဂျာမန်က ကျွန်တော့် မိခင်ဘာသာစကားနော်...။

ချူအင်လိုင်း ■ ဂျာမန်သဒ္ဒါနဲ့ ဖွဲ့စည်းပုံက ရှုပ်တယ်ဗျ ဒီတော့ ဘာသာပြန်ရာမှာ မှားနိုင်တာပေါ့၊ ဒဿနကျမ်းလိုဟာမျိုး ကျ

Copyright (c) www.nldlanorway.com



တော့ ပိုခက်တော့တာပေါ့...။

မော်စီတုန်း ■ (ဝန်ကြီးချုပ် ချူအင်လိုင်းသို့) ဟေ့လူ၊ ခင်ဗျားကော ဂျာမန် ဘတ်လား။

ချူအင်လိုင်း ■ (ရယ်ရင်း) ပေါ်ပေါ်တုန်းက သင်ဖူးတယ်ဗျ၊ ခုတော့ မေ့ကုန်ပြီ။

ကစ်ဆင်းဂျား ■ ဂျာမန်ဝါကျတွေက ရှည်တယ်၊ သဒ္ဒါကလည်း ခက်တယ်၊ ကျွန်တော်တော့ ဂျာမန်ထက် အင်္ဂလိပ်က ပိုရှင်းပြီး ပိုလွယ်တယ် ထင်တာပဲ၊

ချူအင်လိုင်း ■ ဒီကိစ္စနဲ့ ပတ်သက်ပြီး၊ ဟာသပြောကြတာတောင် ရှိပါရောလား။ ဂျာမန်ဝါကျများ ဘယ်လောက်ရှည်လဲဆိုရင်၊ စာမျက်နှာ လေးမျက်နှာလောက်ကနေမှ စာတစ်ကြောင်းဆုံးသတဲ့လေ။ ဒါကို နားလည်အောင်ဖတ်ဖို့.. အဓိကကြိယာ လိုက်ရှာလိုက်တာ၊ စတုတ္ထစာမျက်နှာ ဆုံးခါနီးမှ သွားတွေ့ရောတဲ့ ...။ ဒါတော့ အတိုးသဘောလို့ထင်ပါရဲ့နော်...။

(ရယ်သံများ)

မော်စီတုန်း ■ နေဦး၊ ကျုပ်တို့ ကွန်ဖြူးရှပ်ကြီးကလဲ ဂျာမန် ဘတ်တယ်ဗျ၊ ခင်ဗျား သူ့ကို သိလား...။

ကစ်ဆင်းဂျား ■ ဟင့်အင်း၊ မတွေ့ဖူးဘူးဗျ။

မော်စီတုန်း ■ သူက ကွန်ဖျူးရှပ်ကို ကိုးကွယ်တာလေ၊ ခုတော့ ကျွန်တော်တို့ ပတိုကော်မတီ အဖွဲ့ဝင်ပါ။

(ဘာရာဆရာကြီး ကွန်ဖြူး ကို ဆိုလိုရင်း ဖြစ်ပါသည်)

မော်စီတုန်း ■ အင်း ဟီးဂဲ(လ)ကနေ ကွန်ဖျူးရှပ် ရောက်သွားပြန်ပြီကိုး ... ရောက် တဲ့လက်စထူးပါဘူးဗျာ ဆက်ပြောကြရအောင်။ ဟီးဂဲ(လ)ရဲ့ ဒဿန သမိုင်းစာအုပ်ထဲမှာ ကွန်ဖျူးရှပ်အကြောင်း ပါတယ်ဗျ၊ ဒါပေမဲ့ ဟီးဂဲ(လ)က ကွန်ဖျူးရှပ်ကို 'ဘယ်ကြိုက်ဟန်မတူဘူး' အဲ လောင်ဇူကိုတော့ တလေးတစား ဖော်ပြထားရဲ့၊ ဟီးဂဲ(လ)

22/11/2008

အလေးအစားဆုံး ဒေသနတာတော့ ဗုဒ္ဓ . . . ။

ကစ်ဆင်းဂျား ■ ကျွန်တော်တော့ ဒီနေရာမှာ ဟီးဂဲ(လ)နဲ့ သဘောထား မတိုက်ဆိုင်လှဘူးဗျ။ ကျွန်တော့်အမြင် အိန္ဒိယ ဒေသနဟာ ငြိမ်လွန်း၊ လေးလွန်းနေသလားလို့ . . . ။ ဒါပေမဲ့ အနောက်က ဒေသနဆရာ တော်တော်များများ ကတော့ အိန္ဒိယဒေသနကို အလေးတန်ထိုးထားကြတယ်၊ ကျွန်တော်ကတော့ လက်တွေ့ကျတယ် သိပ်မထင်ဘူး။

မော်စီတုန်း ■ အိန္ဒိယ ဂန္ဒီကြီးလိုပေါ့၊ ဟုတ်လား။

ကစ်ဆင်းဂျား ■ ဟုတ်တယ်။ ဂန္ဒီရဲ့ 'အကြမ်းမဖက်ရေး' ဆိုတာ ဒေသန အခြေခံမှုတော့လဲ မဟုတ်ပါဘူးဗျာ။ ကျင့်ဝတ် အခြေခံမှုလို့တော့ ကျွန်တော်တော့ မယူဆချင်ဘူး။ တကယ် တော့ နိုင်ငံရေးနည်းဗျူဟာ တစ်ခုပါ။

မော်စီတုန်း ■ ဂန္ဒီကြီးက ကိုယ့်အဝတ် ကိုယ်တိုင်ရက် ဆိုတဲ့ . . . ။

ကစ်ဆင်းဂျား ■ ဒါလဲ နည်းဗျူဟာတစ်ခု ဖြစ်မှာပါ။

မော်စီတုန်း ■ ခုအဲဗျာ ဒေါက်တာနဲ့ ခုလိုစကား ပြောရတာ အရသာ ရှိလိုက်တာ။ နောက်တစ်ခေါက် လာခဲ့ဦးဗျာ၊ နိုင်ငံရေး အကြောင်း မပြောနဲ့၊ ကျွန်တော်တို့ ဒေသနအကြောင်း ဆွေးနွေးရအောင်၊ ဘယ်နှယ့်လဲ . . . ။

ကစ်ဆင်းဂျား ■ ကျွန်တော်လဲ သိပ်သဘောကျပါတယ်၊ ဥက္ကဋ္ဌကြီး။ 'ဖလော်ဆော်ဖီ' ဟာ ကျွန်တော့် အချစ်ဦးလေ . . . ။

မော်စီတုန်း ■ (ရယ်ရယ်မောမောဖြင့်) အခု နိုင်ငံခြားဝန်ကြီး ဖြစ်လာ တော့၊ အချစ်ဦးနဲ့ 'မတတ်သာလို့ ခပ်ခွာခွာလေး နေကြရတယ်' ဖြစ်နေပြီပေါ့ . . . ။ ဟုတ်လား ဒေါက်တာ၊

ကစ်ဆင်းဂျား ■ ဟုတ်တယ်ဗျာ၊ သိပ်ဆိုးတာပဲ။

(ယခု စကားဝိုင်းတွင် မော်စီတုန်းက ကစ်ဆင်းဂျားကို ဒါတိုင်းလို ဒေါက်တာဟု မခေါ်ခဲ့ပါ၊ ယခု ဒေသန အကြောင်းရောက်မှ ပြန်ခေါ်ခြင်း ဖြစ်သည်)



မော်စီတုန်း ■ ကျွန်တော် ကြားရတာတော့၊ ခင်ဗျားက ခွာသဲ ပြောင်း ပြောင်းနဲ့ မရပ်မနား ကဆုန်ပိုင်းနေတဲ့ မြင်းသည်တော် ဆိုပါလား . . . ။

(ရယ်သံများ)

ကစ်ဆင်းဂျား ■ ဝန်ကြီးချုပ်ကတော့ ကျွန်တော့်ကို 'ဆိုင်ကလုန်' တဲ့ဗျ၊ (နောက်ထပ်ရယ်သံများ)

မော်စီတုန်း ■ ဟုတ်တာပေါ့၊ ကမ္ဘာပတ်နေတဲ့ 'ဆိုင်ကလုန်'၊ (နောက်ထပ်ရယ်သံများ)

ကစ်ဆင်းဂျား ■ ဥက္ကဋ္ဌကြီးရဲ့ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးက တစ်ရက်ကဘက်က အမြင်ကို၊ ကျွန်တော့် ပြောပြပါတယ်၊ အာရှပ်တျှာနဲ့ ပတ်သက်လို့ပေါ့၊ ဒီကိစ္စ ကျွန်တော် ခေါင်းထဲထည့်ထားပါတယ်။

မော်စီတုန်း ■ အော် . . . အဲဒီ ဒုတိယသမ္မတနဲ့ ဆွေးနွေးတဲ့ အကြောင်း ထင်တယ်၊ ရှေ့အပေါ့၊ ခင်ဗျား သူ့ကို တွေ့ဖူးလား။

ကစ်ဆင်းဂျား ■ ကျွန်တော် အန်ဂါဆာဒတ်နဲ့ အခြား နှစ်ယောက် သုံးယောက်တော့ တွေ့ဖူးတယ်။

မော်စီတုန်း ■ ခင်ဗျားတို့နဲ့ နီးနီးကပ်ကပ် ဆက်ဆံသွားဖို့ ကျွန်တော် သူ့ကို အကြံပေးခဲ့ပါတယ်။ ခင်ဗျား နိုင်ငံခြားရေးဝန်ကြီး ဖြစ်ပြီးလို့ ရက်ပိုင်းအတွင်းမှာပဲ၊ အာရှနိုင်ငံခြားရေး ဝန်ကြီးတွေကို နေ့လယ်စာ ဖိတ်ကျွေးတယ်ဆိုတာ ကျွန်တော် သိတယ်၊ အဲရက် ဆီးရီးယား လစ်ဗျားနဲ့ တောင်ယီမင်တို့ကလဲ ငြင်းတယ်မို့လား၊ အဲချိန်ကပဲ လက်ခံတယ်လေ။ ဟုတ်တယ် မို့လား။

ကစ်ဆင်းဂျား ■ ဟုတ်ပါတယ်။

မော်စီတုန်း ■ အဲဒါ ကျွန်တော် ကျေနပ်တာ၊ ကျွန်တော် ခင်ဗျားဘက်က ရပ်ပေးလို့ . . . ။

Copyright (c) www.nldlanorway.com 22/11/2008

(ရယ်သံများ)
ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တော့ ဒီသတင်းကြောင့် အတော်ပျော်သွားတယ်။

ကစ်ဆင်းဂျား ■ အဲဒါ၊ ကျွန်တော်နဲ့ နိုင်ငံခြားရေးဝန်ကြီးဘဝမှာ ပထမဆုံး တရားဝင် အခမ်းအနားပေါ့။

မော်စီတုန်း ■ ခင်ဗျားအရင် နိုင်ငံခြားရေးဝန်ကြီးတုန်းကတော့ ဒါမျိုး မလုပ်ခဲ့ဖူးဘူး ထင်တယ်နော် . . . ။

ကစ်ဆင်းဂျား ■ သူ စိတ်တော့ဝင်စားပါတယ်၊ ဒါပေမဲ့ မလုပ်ဖြစ်ခဲ့ဘူး။

မော်စီတုန်း ■ အာရပ်နိုင်ငံတွေ အားလုံးပေါင်းရင် လူဦးရေ သန်းတစ်ရာလောက် ရှိမယ်ထင်တယ်၊ ဟုတ်လား။

ချူအင်လိုင် ■ အခုဆိုရင် သန်းတစ်ရာငါးဆယ်ရှိနေပြီ၊

မော်စီတုန်း ■ နိုင်ငံအရေနဲ့ဆိုရင် ၁၉ နိုင်ငံ ရှိမယ်ထင်တယ်။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့၊ သူတို့နဲ့ ဆက်ဆံရေးတိုးမြှင့်နိုင်ဖို့ ကျွန်တော် အကြီးအကျယ် ကြိုးစားနေပါတယ်။

မော်စီတုန်း ■ အင်း . . . အခက်အခဲတော့ ကြီးလိမ့်မယ်ဗျ၊ ဒီနိုင်ငံတွေဟာ တစ်ဖက်က စည်းလုံးပေမယ့် သူတို့အချင်းချင်း အတွင်းပြဿနာတွေလည်း ရှိတယ်မဟုတ်လား။

ကစ်ဆင်းဂျား ■ လစ်ဗျားကတော့ အိမ်နီးချင်း အားလုံးနဲ့ ရန်ဖြစ်နေတယ်။

မော်စီတုန်း ■ အင်း . . . ဒီလူဟာ အတော်ရွှင်ရွှင်တဲ့ကြက်ဖကြီး ထင်ပါရဲ့၊ အေး . . . ခရုရှော့(ဖ)ကြီးကလည်း ကျွန်တော်တို့ကို အဲဒီလို ဆဲဖူးသဗျ။

ကစ်ဆင်းဂျား ■ ၁၉၅၈ က၊ သူတရုတ်ကို လာစဉ်သေးတယ်နော်၊ အောင်မြင်တဲ့ ခရီးစဉ်တော့ ဟုတ်ဟန်မတူပါဘူး။

မော်စီတုန်း ■ ၁၉၅၉ မှာ ကျွန်တော်တို့ အတိအလင်း တွေ့ကြတာပေါ့၊ ပြောရရင် ၁၉၅၈ ကတည်းက စနေပါပြီ၊ အဲဒီတုန်းက ဆိုဗီယက်သံအမတ်ကြီး ရောက်လာတယ်လေ၊ ရည်



ရွယ်ချက်က တရုတ်ပင်လယ်ကမ်းရိုးတန်းနဲ့ တရုတ်ဆိပ်ကမ်းမြို့တွေကို ထိန်းချုပ်ချင်တာပေါ့ဗျာ၊ ကျွန်တော်ဗျာ၊ ဒေါသဖြစ်လိုက်တာ . . ။ စားပွဲကို တီးနိုင်းဖိုင်း ပုတ်မိမတတ်ဘဲ၊ အင်း . . . ဆဲတောင် ဆဲမိသေးလား မသိပါဘူး။
(ရယ်သံများ)
မော်စကိုရောက်တော့ သူက အကျိုးအကြောင်း ပြန်ပြောတယ်ထင်ပါရဲ့၊ ခရုရှော့(ဖ)ကြီးကိုယ်တိုင် ရောက်လာတယ်။ ဒီတစ်ခါ တစ်ထစ်လျှော့သွားတယ်၊ တရုတ်ဆိုဗီယက် ပူးတွဲရေတပ်မတော် ဖွဲ့မယ်ပေါ့လေ . . . ။ သူက အဆိုပြုတာပဲ၊ ကျွန်တော် လက်မခံပါဘူး။
အင်း . . . ခရုရှော့(ဖ)ဆိုတဲ့ ပုဂ္ဂိုလ် . . . ။ တကတည်း မောက်မာလိုက်တာ မပြောပါနဲ့တော့၊ အဲဒီတုန်းက အမေရိကန်သမ္မတဖြစ်နေတဲ့ ဗိုလ်ချုပ်ကြီး အိုင်ဆင်ဟောင်းဝါးနဲ့ တွေ့လာတာလေဗျာ၊ အေးဗစ်ခေန်း စိတ်ဓာတ်၊ ဘာ၊ ညာနဲ့ လေထဲတော့တာပေါ့ဗျာ၊ မှတ်မိသေးတယ်၊ အင်္ဂလိပ်စကားလုံး နှစ်လုံးကို ပါးစပ်ဖျားက မချ ရေလဲသုံးနေတာ၊ ဘာတဲ့ . . . My friend ဆိုလား 'ကျွပ်မိတ်ဆွေကြီး' ပေါ့လေ . . . ။ ဒါပေမဲ့ သူဖြစ်ချင်တာ ဘာမှ ဖြစ်မသွားခဲ့ရပါဘူး၊ သူလဲ ဗလာဒီဗော့စတော့ ကို တပ်ခေါက်သွားခဲ့တယ်။

ချူအင်လိုင် ■ အဲဒီမှာ တရုတ်ဆန့်ကျင်ရေးမိန့်ခွန်း ပြောတော့တာပေါ့။

မော်စီတုန်း ■ အဲဒီကတည်းက ဘယ်ဆိုဗီယက်ခေါင်းဆောင်မှ ဗလာဒီဗော့စတော့ရဲ့ အရှေ့ကိုကျော်ပြီး ရောက်မလာတော့ပါဘူး၊ ကိုးစီဂင်ဆိုရင် ဆိုက်ဘေးရီးယား အကြောင်းတောင် ကောင်းကောင်း မသိဘူးလို့ သူကိုယ်တိုင် ပြောတယ်။

(ထိုစဉ် ချူအင်လိုင်က နာရီမြှောက်ကြည့်ရင်း ပြော

Copyright (c) www.nldlanorway.com 22/11/2008

လိုက်သည်။)

ချွအင်လိုင်း ■ အချိန်နှစ်နာရီခွဲ ကြာသွားပြီ။

မော်စီတုန်း ■ ဟာ၊ အချိန်ကလဲ အကုန်မြန်လိုက်တာ။ စကားပြောလို့ ကလည်း မဝသေးဘူးဗျ။ ဆွေးနွေးချင်တာ တစ်ခု လည်း ရှိသေးတယ်။ တကယ်လို့များ ဒီမိုကရက်တွေ အာဏာရလာရင် ဘာဖြစ်နိုင်မလဲ။ အဆီးကျွန်ဝါဒ ပေါ် ထပ်ဘက် ပြန်ရောက်သွားနိုင်သလား . . . ။

ကစ်ဆင်းဂျား ■ ဆိုင်ကို လေးနက်တဲ့ မေးခွန်းပါ ဥက္ကဋ္ဌကြီး။ ကျွန်တော် ကြိုးစားဖြေကြည့်ပါမယ်။ ဒီနေ့ ဒီမိုကရက်တွေကြားမှာ အဆီးကျွန်ဝါဒဘက် ယိမ်းတဲ့ ထိမ်းညွှတ်မှုတချို့ ရှိနိုင် ပါတယ်။ ဒါပေမဲ့ တကယ့်အခြေအနေကို သူတို့ သဘောပေါက်လာကြရင်တော့ ကျွန်တော်တို့ပေါ် လစီ ဘက် ပြန်ညွှတ်လာကြမှာပါ။ အဲဒီလို သဘော မပေါက် ပီမှာ ဘယ်လို ထိခိုက်မှုတွေ ရှိနိုင်မလဲ ဆိုတာတော့ ကျွန်တော် မမှန်းဆတတ်ပါဘူး။

မော်စီတုန်း ■ ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိတယ်။ ခင်ဗျားရော၊ ကျွန်တော်ရောမှာ အနည်းနဲ့ အများဆိုသလို သံသယ ကြီးတတ်သလားလို့ . . . ။

ကစ်ဆင်းဂျား ■ ဖြစ်နိုင်ပါတယ် ဥက္ကဋ္ဌကြီး။ တချို့ ခေါင်းဆောင်တွေနဲ့ ယှဉ်ကြည့်ရင် ကျွန်တော့်မှာ ဓလေ့ကတတ်စရာ မေးခွန်း တွေ အများကြီးရှိတယ်။

မော်စီတုန်း ■ ခင်ဗျားတို့ ဆီးနိုတ်မှာ ဒီမိုကရက်အမတ်တွေ အဆိုပြု နေကြတဲ့ 'ဥရောပက အမေရိကန်တပ်တွေ ရုပ်သိမ်း ရေး' ဆိုတာတော့ . . . ။ တကယ် ဖြစ်လာနိုင်လား . . . ။

ကစ်ဆင်းဂျား ■ ယေဘုယျပြောရရင်တော့ နိုင်ငံခြားရေးဝါဒမှာ ပါတီစွဲ မရှိလှပါဘူး။ တစ်ခုတော့ ရှိတယ်၊ တခြားနိုင်ငံတစ်ခုခု က ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်ရတဲ့ အခါမျိုးမှာ ဘယ်လို ကိုင်တွယ်မလဲဆိုတဲ့ ကိစ္စမှာတော့ ခိုင်ခံ ကောင်းအရင်း ကွဲရင်မှ



တူမယ်။ အမြန်ဆုံး အကြမ်းဖြန့်ကိုင်သင့် မကိုင်သင့် ဆိုတာမျိုးပေါ့။

မော်စီတုန်း ■ ခင်ဗျား ပြောချင်တာ စစ်တိုက်ရေး မတိုက်ရေးကို ပြောတာလား . . . ။

ကစ်ဆင်းဂျား ■ တကယ်လို့ လိုအပ်မယ်ဆိုရင်တော့ . . . ။

(ကစ်ဆင်းဂျား စကားမဆုံးမီ မော်စီတုန်းက ဖြတ်ပြောသည်)

မော်စီတုန်း ■ ခင်ဗျား ကျွန်တော့်ကို သံတမန်စကားမျိုးတွေ ပြော တာတော့ စိတ်မကောင်းဘူးဗျာ။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ဘက်ကတော့ စစ်ပွဲကို မမှားမယုတ်ပါဘူး။ အတွေ့အကြုံအရ ပြောရရင်တော့ ကျွန်တော်တို့က တက်မယ်ဆိုရင်၊ သူတို့က ဆုတ်တတ်တယ်။ ရှိန်းတတ် ကြတယ်။

မော်စီတုန်း ■ ဒါတော့ သဘောတူတယ်ဗျ။ ဆိုဗီယက်တွေရဲ့အာဏာ အားနည်းရင် ခြိမ်းခြောက်ချင်ကြတယ်။ အဲ . . အားကြီး ရင်တော့ . . .

(မော်စီတုန်းက ရယ်ရယ်မောမောနှင့် စကားပြန် အမျိုး သမီးနှစ်ယောက် ကိုလက်ညှိုးညွှန်ပြီး ဆက်ပြောသည်)

မော်စီတုန်း ■ ဒီကလေးမနှစ်ယောက်ကတော့ နုနုညှိုညှိုလေးတွေ ပါဗျာ။ ခင်ဗျားတို့ သူ တို့ကို မခြောက်ကြနဲ့နော် . . . ။

(ရယ်သံများ)

ကစ်ဆင်းဂျား ■ ကျွန်တော့် အတွေ့အကြုံအရ ပြောရရင်၊ ထင်သ လောက်တော့ မနုညံ့ဘူးနော် ဥက္ကဋ္ဌကြီး။ ပြီးတော့ ဥက္ကဋ္ဌကြီး အကြံပြုတာကိုလည်း သူတို့က ဂရုမစိုက် ကြဘူး။

(နောက်ထပ်ရယ်သံများ)

မော်စီတုန်း ■ ဟုတ်လား။ ဒါဖြင့် ဒီနှစ်ယောက်က စပိုင်တွေ ဖြစ်မယ် ထင်တယ်။ မင်းက အမေရိကန် စပိုင် . . . ။ မင်းက

Copyright (c) www.nldlanorway.com 22/11/2008

ဆိုဗီယက် စပိုင်၊ ဟုတ်လား. . . ။
(နောက်ထပ်ရယ်သံများ)

မော်စီတုန်း ■ ကိုင်း. . . ကိုင်း. . . နားကြစို့. . . ၊ သမ္မတကြီး ရစ်ချတ်နစ်ဆင် ကို ကျွန်တော်က နှုတ်ဆက်လိုက်တဲ့အကြောင်း ပြောပေးပါဗျာ. . . ။

ကစ်ဆင်ဂျာ ■ စိတ်ချပါ ဥက္ကဋ္ဌကြီး ဆက်ဆက်ပြောလိုက်ပါ့မယ်။

*****

အခန်း(၅)

# ရင်းရင်းနှီးနှီး ရန်ဖြစ်ခြင်း

## ကြားဖြတ်အမှာစကား

၁၉၇၃ ခုနှစ် နိုဝင်ဘာလမှ ၁၉၇၄ ခုနှစ် နိုဝင်ဘာကြား တစ်နှစ်ကာလမှာ တရုတ် အမေရိကန် ဆက်ဆံရေးအတွက် လှိုင်းလေငြိမ်လှသော ခရီးဟု ဆိုရမည်ထင်ပါသည်။ အမေရိကန်ဘက်တွင် ဝါးတားဂိတ်ကိစ္စကြောင့် မုန်တိုင်းထန်ခဲ့ရာမှ နောက်ဆုံး သမ္မတနစ်ဆင် နှုတ်ထွက်လိုက်ရပြီး သမ္မတသစ် ဖို့(ဒ်) ရောက်လာသည်။ တရုတ်ဘက်တွင်လည်း စီးပွားရေး နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး ပါတီတွင်းတိုက်ပွဲ ပြင်းထန်နေခဲ့သည်။ အလယ်ပေါ်လစ်ဗျူရိုအဖြစ် အများကယူဆထားကြသော ဝန်ကြီးချုပ် ချူအင်လိုင်းမှာ နိုင်ငံရေးနှင့်ဝေးရာ ဆေးရုံပေါ်တွင်သာ အချိန်ကုန်ခဲ့ရသည်။ သူ့နေရာတွင် ပြုပြင်ပြောင်းလဲရေးဝါဒီ ဒုတိယဝန်ကြီးချုပ်တိန့်ရှောက်ပင်က နေရာယူလာသည်။ ဥက္ကဋ္ဌမော်စီတုန်း ကိုယ်တိုင်သည်ပင်၊ သူ၏နောက်ဆုံးနေ့ရက်များကို မသက်မသာ ဖြတ်သန်းနေရချိန် ဖြစ်ပါသည်။

ဤအတွင်း၊ ဆိုဗီယက်-အမေရိကန် ဆွေးနွေးပွဲများမှာလည်း အရှိန်ရမှုက ပို၍ပို၍ စိပ်လာသည်။ အမေရိကန်တို့ဘက်မှ နည်းဗျူဟာခြေလှမ်းများအဖြစ် သရုပ်ဖော်ကြသည့်အတိုင်း၊ တရုတ်တို့ဘက်မှ ယုံကြည်ဟန်မပြကြပါ။ သို့နှင့်အမျှ မဟာဗျူဟာမဟာမိတ် နှစ်ဦးတို့ကြားတွင် အပြန်အလှန် သံသယများဖြင့် မှုန်ရီမှိုင်းပြနေခဲ့ရသည်။ ဤကာလအတွင်း အကြိမ်ကြိမ် တွေ့ဆုံခဲ့ကြသော တိန့်ရှောက်ပင်နှင့် ကစ်ဆင်ဂျာတို့၏ စကားဝိုင်းများက၊ ဤအချက်ကို သက်သေခံလျက်ရှိပါသည်။ (ဤစကားဝိုင်းများကို အပြည့်အစုံ မရှာတွေ့၍ မဖော်ပြနိုင်တော့ပါ) ကစ်ဆင်ဂျာ၏ စကားလုံးအတိုင်း ပြောရလျှင်၊ အပြန်အလှန် အမြှောက်နှင့် ထုနေကြသော ဆွေးနွေးပွဲများ ဖြစ်ပါသည်။

Copyright (c) www.nldlanorway.com 22/11/2008

၁၉၇၅ ခုနှစ်ရောက်တော့မှ အခြေအနေမှာ တစ်စုံတစ်ရာ ပြန်လည် တည်ငြိမ်လာတော့သည်။ ဤအချိန်တွင် ဥက္ကဋ္ဌမော်စီတုန်း၏ ကျန်းမာရေးမှာ အတော်ပင် ဆိုးဝါးနေပါပြီ။ စကားပြောရာမှာပင် ပီပီသသမရှိတော့ဘဲ တစ်ခါတစ်ရံ ပြောချင်သည်ကို စာနှင့်ရေးသား ဖော်ပြနေရသည်။ သို့နှင့်တိုင် စိတ်ဓာတ်အားကြီးမားလှသော မော်စီတုန်းက ဧည့်ခံတွေ့ဆုံပွဲကို ပါဝင်ဦးဆောင်ခဲ့ပါသည်။ ဤသည်ပင် ယခုဖော်ပြမည့်စကားဝိုင်း၏ နောက်ခံကားချပ်ဖြစ်ပါ၏။

| | |
|---|---|
| နေ့ရက် | ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက် အင်္ဂါနေ့ |
| အချိန် | ညနေ ၆း ၂၅ မှ ည ၇း၀၇ |
| နေရာ | ပီကင်းမြို့တော်ရှိ ဥက္ကဋ္ဌ မော်စီတုန်း၏နေအိမ် |
| ပါဝင်သူများ | ဥက္ကဋ္ဌ မော်စီတုန်း၊ ဒုတိယဝန်ကြီးချုပ် တိန့်ရှောင်ဖိန်၊ နိုင်ငံခြားရေးဝန်ကြီး ချောင်ကွမ်ဟွာ၊ ဖိုင်ကျန်နို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးရုံးတာဝန်ခံ ဝမ်ဟိုင်ကျုံ ဘာသာပြန် နန်စီး မှတ်တမ်းတင်သူ နန်စီး၊ နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျား၊ ပီကင်းရှိ အမေရိကန်ပြည်ထောင်စု ဆက်ဆံရေးရုံးတာဝန်ခံ ဂျော့ဘုရှ်(ရှ်)၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပေါ်လစီရေးရာဆိုင်ရာ ဝင်စတန်လော့(ဒ်)။ |

မော်စီတုန်း ■ ကျွန်တော်တော့ ရောဂါဘယပေါင်းစုံနဲ့ အကြိတ်အနယ် တွယ်နေရပြီဗျ။ အင်း . . သိပ်မကြာခင် ကောင်းကင်ဘုံကို သွားရတော့မယ်။

ကစ်ဆင်းဂျား ■ အဲသလောက်တော့ မမြန်နိုင်ပါဘူး၊ ဥက္ကဋ္ဌကြီးရယ်။

မော်စီတုန်း ■ မြန်လိမ့်မယ်ဗျ၊ ဘုရားသခင်ဆီက ဖိတ်စာရပြီပြီလေ။

ကစ်ဆင်းဂျား ■ အဲဒီဖိတ်စာကို ဥက္ကဋ္ဌကြီးက ငြင်းလို့ရတာပဲ၊ အနည်းဆုံး ခုလောလောဆယ်တော့ ငြင်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မော်စီတုန်း ■ ဟုတ်ပါပြီ၊ ဒေါက်တာရဲ့အမိန့်ကို ကျွန်တော် နာခံပါ့မယ်။ (ရယ်သံများ . . .)



ကစ်ဆင်းဂျား ■ ကျေးဇူးပဲ ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့သမ္မတကြီးကလဲ တရုတ်ပြည်ကိုလာပြီး ဥက္ကဋ္ဌကြီးနဲ့တွေ့ဖို့ သိပ်စိတ်စောနေပါတယ်။

မော်စီတုန်း ■ ဟုတ်လား၊ ဒါဖြင့်ရင် ကျွန်တော်တို့ကလဲ လိုက်လိုက်လှဲလှဲ ကြိုဆိုရမှာပေါ့ဗျာ။

ကစ်ဆင်းဂျား ■ ဟုတ်တယ်၊ ကျွန်တော်တို့နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဆက်ဆံရေးဟာ သိပ်ကိုအရေးကြီးတဲ့ အချိန်ရောက်နေပြီ။

မော်စီတုန်း ■ အရေးကြီးတာကတော့ ဟုတ်ပါတယ်၊ သိပ်ကို အရေးကြီးဆိုတာကတော့ နည်းနည်းများသွားပြီ ထင်တယ်ဗျ၊ ခင်ဗျားတို့က ဒီလောက်ကြီး (လက်ညှိုးနှင့်လက်မ ဝိုင်းပြသည်) ကျွန်တော်တို့က ဒီလောက်လေး (လက်သန်း တစ်ချောင်းတည်းကိုသာ ထောင်ပြသည်) ပြီးတော့ ခင်ဗျားတို့မှာ အက်တမ်ဗုံးရှိတယ်၊ ကျွန်တော်တို့မှာ မရှိဘူး။

ကစ်ဆင်းဂျား ■ ဥက္ကဋ္ဌကြီးကိုယ်တိုင် ပြောခဲ့ဖူးပါတယ်နော်၊ စစ်အင်အားဆိုတာ အဆုံးအဖြတ်မဟုတ်ပါဘူးလို့ . . .။

မော်စီတုန်း ■ ဒုတိယဝန်ကြီးချုပ် တိန့်ရှောင်ဖိန်ကတော့ 'လှံဆိပ်နဲ့ နိုင်မယ်' လို့ ပြောတယ်ဗျ။

ကစ်ဆင်းဂျား ■ ပြီးတော့ ကျွန်တော်တို့မှာ ဘုံရန်သူရှိတယ်လေ။

မော်စီတုန်း ■ ဒါတော့ ဟုတ်တယ်ဗျ။

ကစ်ဆင်းဂျား ■ ဒီတော့ တူညီတဲ့အကျိုးစီးပွားလဲ ရှိတာပေါ့။

မော်စီတုန်း ■ ဒါတော့ မဟုတ်ပြန်ဘူးဗျ၊ ဒီအတွက် ခင်ဗျားတို့နှစ်ယောက် ရန်ဖြစ်နေကြတာမဟုတ်လား။
(တိန့်ရှောင်ဖိန်နှင့် ကစ်ဆင်းဂျားတို့ကို လက်ညှိုးထိုးပြီး ပြောလိုက်ရာ အားလုံးရယ်လိုက်ကြသည်။)

ကစ်ဆင်းဂျား ■ ဘုံရည်မှန်းချက်ကိုသွားဖို့ နည်းနာတွေကို ငြင်းရတာပါ ဥက္ကဋ္ဌကြီး၊ ရန်ဖြစ်တာ မဟုတ်ပါဘူး။

Copyright (c) www.nldlanorway.com 22/11/2008

မော်စီတုန်း ■ မနေ့က ခင်ဗျားတို့ ရန်ဖြစ်နေကြတာ၊ ကျွန်တော် ကြား လိုက်ပါတယ်။ အဲဒီတုန်းက ခင်ဗျားပြောတယ် မို့လား၊ အမေရိကန်ဘက်က တရုတ်ကို ဘာတစ်ခုမှ မကောင်းဆိုပါဘူးလို့. . ။ တရုတ်ဘက်ကလည်း အမေ ရိကန်ကို ဘာမှကောင်းဆိုမှာ မဟုတ်ဘူးလို့ ဒီကိစ္စ ကျွန် တော့်အမြင် ပြောရရင်၊ ခင်ဗျားပြောတာ တစ်ဝက်ပဲ မှန်တယ်။ တစ်ဝက်မမှန်ဘူးဗျ၊ ဘယ်ဘက်ကမှ ဘာမှ ကောင်းဆိုစရာ မရှိရင်၊ ခင်ဗျားတို့ ကျွန်တော်တို့ ဘာ ကြောင့် ခုလိုဆွေးနွေးနေကြတာတုန်း။ ခင်ဗျားတော ဘာအတွက် ပီကင်းလာတာတုန်း။ ခင်ဗျားတို့သမ္မတကြီး ရော ဘာကြောင့် လာချင်တာတုန်း။

ကစ်ဆင်းဂျား ■ ဒါက ဒီလိုရှိပါတယ် ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့ ပီကင်း ကို လာတာဟာ ကျွန်တော်တို့မှာ တူညီတဲ့ ဘုံရန်သူ ရှိနေတဲ့ အတွက်ရော၊ လက်ရှိကမ္ဘာ အခြေအနေနဲ့ ပတ် သက်တဲ့ ဥက္ကဋ္ဌကြီးရဲ့အမြင်ကို ကြားနာချင်လို့လဲ ဖြစ်ပါ တယ်။ ကျွန်တော် လေ့လာဖူးသမျှထဲမှာတော့ ဥက္ကဋ္ဌ ကြီးလောက် အမြင်ကြည်လင်တာ မရှိဘူး။ ဥက္ကဋ္ဌကြီး ရဲ့ ကောက်ချက်အမှန်စုကိုလဲ ကျွန်တော် သဘောကျ တယ်။

မော်စီတုန်း ■ အင်း. . နားထောင်လို့တော့ ကောင်းတယ်။ ယုံကြည် ဖို့တော့ ခက်လိမ့်မယ်ဗျ၊ စကားလုံးတွေနောက်မှာ ယုံကြည်မှုက ကပ်ပါလာမှ ကောင်းတယ်မို့လား။ ခင်ဗျားတို့ရဲ့ ဦးစားပေးအစီအစဉ်ကို ကြည့်လိုက်တော့ ပထမ ဆိုဗီယက်ယူနီယံ၊ ဒုတိယ ဥရောပ၊ တတိယ ဂျပန်. . . ။

ကစ်ဆင်းဂျား ■ (စကားဖြတ်၍ပြောသည်) မဟုတ်ဘူး ဥက္ကဋ္ဌကြီး။

မော်စီတုန်း ■ ဒါ ကျွန်တော့်အမြင်လေ. . ။ (လက်ချိုးရေတွက်ပြပြီး) တစ်-အမေရိကန်၊ နှစ်-ဆိုဗီယက်ယူနီယံ၊ သုံး-ဥရောပ၊



လေး-ဂျပန်. . ။ အဲ့နံပါတ်ငါးကျမှ တရုတ်။ ဒါ ခင်ဗျား တို့ရဲ့ ဦးစားပေးအစီအစဉ်ပဲ။ ဟုတ်တယ်မို့လား။

ကစ်ဆင်းဂျား ■ မဟုတ်ဘူးဗျ။

မော်စီတုန်း ■ ကိုင်း - ဒါဖြင့် ခေါက်တာနဲ့ကျွန်တော် ရန်ဖြစ်ကြစို့ရဲ့ ။ (ရယ်သံများ)

ကစ်ဆင်းဂျား ■ (ရယ်ရယ်မောမောဖြင့်) ကျွန်တော်က ခုလိုရန်တောင် မယ်ဗျ၊ ဆိုဗီယက်ယူနီယံဟာ ကျွန်တော်တို့ရဲ့ နံပါတ် တစ်အန္တရာယ်၊ ဒါပေမဲ့ နံပါတ်တစ်ဦးစားပေး မဟုတ် ဘူး။

မော်စီတုန်း ■ မှားတယ်ဗျာ၊ ဆိုဗီယက်ဆိုတာ ဆူပါ-ပါဝါ၊ ကမ္ဘာမှာ ဆူပါ-ပါဝါ ဆိုလို့ နှစ်ခုပဲရှိတယ် (လက်ညှိုးနှင့် လက် ခလယ်ကို ထောင်ပြသည်)။ ကျွန်တော်တို့က ခေတ် နောက်ကျတဲ့နိုင်ငံ၊ ပေါ့ဒီလို ပိစိကွေးလေး (လက် သန်းကို ထောင်ပြသည်)။ ဒီတော့ ဆူပါ-ပါဝါရဲ့ ဦးစား ပေးစာရင်းမှာ ကျန်တဲ့ ဆူပါ-ပါဝါက ထိပ်ဆုံးက ရှိမှာ ပဲ။ ပိစိကွေးလေးက နောက်ဆုံးကနေမှာပဲ။ နံပါတ်ငါး ပေါ့။ ဘယ့်နှယ်လဲ။

ကစ်ဆင်းဂျား ■ ကျွန်တော် ဥက္ကဋ္ဌကြီးနဲ့ အမြဲတမ်းလိုလို သဘောတူ တိုက်ဆိုင်ပါတယ်။ ဒီကိစ္စမှာတော့ မတိုက်ဆိုင်ဘူးဗျ၊ ဥက္ကဋ္ဌကြီး မှားတယ်၊ အဲဒါ ဘာဖြစ်လို့ပဲဆိုတော့ ကျွန်တော်တို့ရဲ့ ဦးစားပေးအစီအစဉ်ကို ကျွန်တော်က ပိုသိလို့ပေါ့။

မော်စီတုန်း ■ (သူ့ရှေ့ပန်းနှစ်ခက်ကို ပုတ်ပြရင်း) ဆိုဗီယက်ယူနီယံဆီ ရောက်အောင်၊ ကျွန်တော်တို့ပခုံးပေါ်က ခုန်တက်ရ တာ မဟုတ်လား။ ခုတော့ ခင်ဗျားတို့နဲ့ ဆိုဗီယက်တွေ မျက်နှာချင်းဆိုင်မိပြီ။ ဒီပန်းက အသုံးမလိုတော့ဘူး လေဗျာ။ ကျွန်တော်တို့က နံပါတ်ငါးကိုး၊ လက်သန်း လေးကိုး။

Copyright (c) www.nldlanorway.com 22/11/2008

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ မော်စကိုက ဘာအကျိုးအမြတ်မှ မရပါဘူး။

မော်စီတုန်း ■ တရုတ်ဆီကတော့ ရတာယ်လေ၊ ထိုင်ဝမ်ပေါ့။

ကစ်ဆင်းဂျား ■ ဗျာ၊ ထိုင်ဝမ်ကို တရုတ်ပြည်က ရတာလား။

မော်စီတုန်း ■ ခုလောလောဆယ်တော့၊ တရုတ်ပြည်နဲ့ ထိုင်ဝမ်ဟာ ခင်ဗျားတို့ဘက်မှာ ရှိနေတာပဲ။

ကစ်ဆင်းဂျား ■ ဒီကိစ္စ ကျွန်တော်တို့ကြားမှာ နားလည်မှုရှိပြီးပါပြီနော်။

မော်စီတုန်း ■ ဟုတ်ပါတယ်၊ နောင်နှစ်ပေါင်းတစ်ရာပေါ့။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ နောက်ဆုံးတွေ့တုန်းကလဲ ဥက္ကဋ္ဌကြီးက ဒီအတိုင်းပြောခဲ့တာပဲ။

မော်စီတုန်း ■ ဟုတ်ပါတယ်၊ ဒီအတိုင်း အတိအကျပါပဲ။

ကစ်ဆင်းဂျား ■ နှစ်တစ်ရာထိတော့ မကြာနိုင်ပါဘူး ဥက္ကဋ္ဌကြီးရယ်။

မော်စီတုန်း ■ ဘာပဲဖြစ်ဖြစ်၊ ခုလောလောဆယ် ထိုင်ဝမ်ဟာ ခင်ဗျားတို့လက်ထဲ ရှိနေတာက ပိုကောင်းပါတယ်၊ ခုချိန်မှာ ခင်ဗျားတို့က ပြန်ပေးမယ်ဆိုဦးတော့၊ ကျွန်တော်တော့ မလိုချင်သေးဘူး၊ ဘာကြောင့်သဲဆိုတော့ လိုချင်စရာ မကောင်းသေးလို့ပေါ့ဗျာ၊ အဲဒီမှာက တန်ပြန်တော်လှန်ရေးသမားတွေ ရှိနေတယ်လေ၊ ဒီတော့ နောင်နှစ်တစ်ရာမှပဲ ယူတော့မယ်။

ကစ်ဆင်းဂျား ■ နှစ်တစ်ရာထိတော့ မလုပ်ပါနဲ့ ဥက္ကဋ္ဌကြီး၊ (ရယ်သံများ)

မော်စီတုန်း ■ ပြောရခက်တယ်ဗျ၊ ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ နှစ်ပေါင်းတစ်ရာ (မျက်မှန်ကြာကို မော့ကြည့်ရင်း . . ) ကျွန်တော် ကောင်းကင်ဘုံ ရောက်လို့ ဘုရားသခင်နဲ့များ တွေ့ရင် ထိုင်ဝမ်ကို အမေရိကန်ပြည်ထောင်စုရဲ့ စောင့်ရှောက်မှုအောက်မှာထားတာက၊ ပိုကောင်းပါလိမ့်မယ်လို့ ပြောမှာပဲ။

ကစ်ဆင်းဂျား ■ ဒါဆိုရင် ဘုရားသခင်ကတော့၊ အကြီးအကျယ် ဖုံအား



သင့်သွားမှာ အမှန်ပဲ။

မော်စီတုန်း ■ မထင်ပါဘူးဗျာ၊ သူက ခင်ဗျားတို့ကိုသာ ကောင်းဆိုးပေးတာဗျ၊ ကျွန်တော်တို့ကို ပေးမှာမဟုတ်ဘူး၊ ကျွန်တော်က စစ်ဘုရင်လေ၊ ပြီးတော့ ကွန်မြူနစ်၊ သူ ကျွန်တော့်ကို ဘယ်သဘောကျလိမ့်မယ်။ (အမေရိကန် စည့်သည်များကို လက်ညှိုးညွှန်ရင်း) ဖဲ့ ခင်ဗျားတို့၊ ခင်ဗျားတို့ . . . ခင်ဗျားတို့ . . . အားလုံးကိုပဲ သဘောကျမှာပေါ့ဗျာ။

ကစ်ဆင်းဂျား ■ ကျွန်တော်လဲ ဘုရားသခင်နဲ့ မတွေ့ဘူးလေတော့၊ သေချာပေါက်တော့ မပြောနိုင်ဘူးပေါ့ဗျာ၊

မော်စီတုန်း ■ ကျွန်တော်ကတော့ သေချာတယ်ဗျ၊ ကျွန်တော့် အသက်က ၈၂ နှစ် ရှိပြီလေ၊ အင်း ခင်ဗျားကတော့ ငါးဆယ်လောက်ပဲ ရှိမယ်ထင်တယ်၊ ဟုတ်လား၊

ကစ်ဆင်းဂျား ■ ၅၁ နှစ်ပါ၊

မော်စီတုန်း ■ (တိန့်ရှောက်ပင်းသို့ ညွှန်ပြရင်း) သူက ၇၁ ဗျ၊ အင်း ကျွန်တော်တို့ သူတို့ ချူအင်လိုင်းတို့ ယဲ့ကျန်ယင်းတို့ ကျွန်တော်တို့အားလုံး မရှိတော့တဲ့ အချိန်မှာ၊ ခင်ဗျားကတော့ ဆက်ရှိနေဦးမှာပါ၊ ကျွန်တော်တို့က တိမ်းတွင်းဆုံးရောက်နေပြီ၊ ဘာမှ မတတ်နိုင်တော့ဘူး၊ အနာဂတ်ကို ရင်ဆိုင်ဖို့ ခင်ဗျားတို့ပဲ ကျန်ရစ်လိမ့်မယ်၊

ကစ်ဆင်းဂျား ■ စောစောက ဥက္ကဋ္ဌကြီးပြောတဲ့၊ ကျွန်တော်တို့ရဲ့ ဦးစားပေး အစီအစဉ်နဲ့ ပတ်သက်လို့ ကျွန်တော့် သဘောထားကို ပြောခွင့်ပြုစေချင်ပါတယ်၊

မော်စီတုန်း ■ ပြောပါ၊ ပြောပါ၊

ကစ်ဆင်းဂျား ■ ဆိုဗီယက်ယူနီယံက၊ နူပါ-ပါဝါဖြစ်နေတော့၊ မလွဲမရှောင်သာကိုပဲ ဦးစားပေးစဉ်းစားရတာတော့ ရှိတာပေါ့လေ၊ ဒါကြောင့်လဲ သူတို့နဲ့ မကြာခဏ တွေ့ဖြစ်ကြတာပါ၊ ဒါပေမဲ့ မဟာ[illegible]

Copyright (c) www.nldlanorway.com 22/11/2008

ကျွန်တော်တို့က သူတို့ရဲ့ခြေတခွဲ ထွင်နေပါသကို တန်တားနိုင်ဖို့ ကြိုးစားနေတာပါ။ ဒီဘက်ကဆိုရင်တော့ တရုတ်ပြည်ဟာ ကျွန်တော်တို့ရဲ့ ဦးစားပေး မဟာမိတ်ဖြစ်ပါတယ်။ ဆိုဗီယက်တွေဆီကို ခုန်ကူးဖို့ တရုတ်ပြည်ကို အသုံးချတာမျိုး ဘယ်တော့မှ မလုပ်ပါဘူး။ ဒါမျိုးလုပ်လိုက်ရင် ကိုယ်ခေသွင်း ကိုယ်တူးသလို ဖြစ်မှာပေါ့။

မော်စီတုန်း ■ ခင်ဗျားတို့ ခုန်တက်ပြီးပြီပဲဗျား ကျွန်တော်တို့ရဲ့ ပခုံးတွေလိုသေးလို့လား။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ ခုန်တက်တာမဟုတ်ဘူး ဥက္ကဋ္ဌကြီး။ ဒါက နည်းချူဟာ ပြောလှန်ပေါ့။ ဒီကိစ္စကို သမ္မတကြီး ကိုယ်တိုင်ကလဲ အာမခံပါလိမ့်ဦးမယ်။

မော်စီတုန်း ■ အေးဗျာ ခင်ဗျားတို့သမ္မတကြီးကို ကျွန်တော်က မေးလိုက်တဲ့ အကြောင်း ပြောလိုက်ပါ။

ကစ်ဆင်းဂျား ■ စိတ်ချပါဥက္ကဋ္ဌကြီး။ ကျွန်တော် အသေအချာကိုပြောလိုက်ပါ့မယ်။

မော်စီတုန်း ■ သမ္မတကြီးရဲ့ ခရီးစဉ်ကိုလဲ ကျွန်တော်တို့က ကြိုဆိုပါတယ်။ ဒါနဲ့ ကျွန်တော် ပေါက်တာကို အကုအညီ တောင်းရဦးမယ်။ ခုတစ်လော ကျွန်တော် စကားပြောရတာ အားမရဘူးဗျား။ လျှာတွေအာတွေ လေးနေသလိုပဲ။ ဒီကိစ္စ ကျွန်တော့်ကို ကူညီနိုင်မလား မသိဘူး။

ကစ်ဆင်းဂျား ■ ဥက္ကဋ္ဌကြီးက သတိတော့ ကောင်းသေးတာပဲ။

မော်စီတုန်း ■ (ခေါင်းကိုကိုင်ရင်း) ဒီအပိုင်းကတော့ ကောင်းကောင်း အလုပ်လုပ်နိုင်ပါသေးတယ်။ စားလို့လည်း ဝင်တယ်။ အိပ်လို့လည်း ပျော်တယ်ဗျ။ (ဒူးကိုဖိရင်း) ဒီ ဒီအပိုင်းကတော့ တယ်မကောင်းချင်ဘူး။ ကိုက်တာ ခဲတာတော့လဲ မရှိပါဘူး။ ဒါပေမဲ့ လမ်းလျှောက်ရင် ဒူးက မခိုင်ချင်ဘူး။ ပြီးတော့ အဆုတ်ကလဲ မကောင်းတော့ဘူး

Copyright (c) www.nldlanorway.com



ထင်ပါရဲ့ဗျား အင်းပေါ့လေ. . . ဗရာပေါ့။ ဘိုမင်း မစွမ်းဆိုတာ ဒါမျိုးထင်ပါရဲ့။

ကစ်ဆင်းဂျား ■ ဥက္ကဋ္ဌကြီးနဲ့ တွေ့ရတိုင်း ကျွန်တော်တော့ စိတ်ချမ်းသာတယ်။

မော်စီတုန်း ■ ဘာလဲဗျ။ ကျွန်တော်က ဧည့်သည်တွေကိုပြဖို့ နိုကော့(စ)ထဲ ထည့်ထားတဲ့ အရုပ်တစ်ရုပ်လား၊ ဒါကို ပေါက်တာက သိနေတာကိုး။

ကစ်ဆင်းဂျား ■ လွန်ခဲ့တဲ့နှစ်နှစ်က၊ ကျွန်တော်တို့ ဆွေးနွေးခဲ့တာတွေကို ကျွန်တော် ပြန်ဖတ်ဖြစ်ပါတယ်။ ကျွန်တော့်အထင် ပြောရရင် နိုင်ငံတကာအရေးအခင်းတွေကို အနက်ရှိုင်းဆုံးနဲ့ အရှင်းလင်းဆုံး မော်မြင်နိုင်တယ် ထင်တာပဲ။ ကျွန်တော်တို့ အလေးအနက်ကို ဆွေးနွေးခဲ့ကြတာနော်။

မော်စီတုန်း ■ ဒါပေမဲ့ စောင့်ကြည့်အကဲခတ်ရမှာတွေလဲ ရှိသေးတယ်ဗျ။ အဲဒီတုန်းက၊ ကျွန်တော်ပြောခဲ့တဲ့ အကဲဖြတ်ချက်တချို့ ဆိုရင်၊ လက်ရှိအခြေအနေနဲ့ ကိုက်ချင်မှ ကိုက်တော့မှာ။

ကစ်ဆင်းဂျား ■ ဥက္ကဋ္ဌကြီးရဲ့ အကဲဖြတ်ချက်တွေဟာ၊ အခြေခံအရတော့ မမှားဘူးထင်တာပဲ။ ဒါကို နောက်ပိုင်း ဖြစ်ပေါ်တိုးတက်မှုတွေကလဲ သက်သေပြနေတယ်လေ။ အခြေခံအရ ကျွန်တော်တို့လဲ သဘောတူတယ်။ ဒီကာလအတွင်း၊ ကျွန်တော်တို့ အခက်အခဲတွေကို အတော်ကျော်ဖြတ်ခဲ့ရတာကလား၊ သမ္မတနစ်ဆင်လဲ နှုတ်ထွက်သွားရတော့၊ ကျွန်တော်တို့စိတ်က မပါပေမယ့်လဲ ဇွဲရှိုက်ရတာတွေ၊ အတွက်ချ စီစဉ်ရတာတွေ မလွဲမရှောင်သာ လုပ်ခဲ့ရတာပေါ့။

မော်စီတုန်း ■ ဒီကိစ္စကို ကျွန်တော် နားလည်နိုင်ပါတယ်။

ကစ်ဆင်းဂျား ■ ဒါ အရေးကြီးဆုံးပေါ့ ဥက္ကဋ္ဌကြီး။ ခုတော့ ဒီဘက်

22/11/2008

အခဲတွေကို ကျွန်တော်တို့ ကျော်လွှားနိုင်ခဲ့ပါပြီ။

မော်စီတုန်း ■ အင်း ဥရောပကိုတော့ ခုထိအားမရလှဘူးဗျား၊ ကျွန်တော့်အထင် ပျော့လွန်းသလိုပဲ။

ကစ်ဆင်းဂျား ■ ကျွန်တော်လဲ ဥက္ကဋ္ဌကြီးလိုပဲ ထင်ပါတယ်။ ဟုတ်တယ်၊ ပျော့လွန်းတယ်။

မော်စီတုန်း ■ ဒီလူတွေ ဆိုဗီယက်ယူနီယံကို ကြောက်နေတာလား။

ကစ်ဆင်းဂျား ■ ဆိုဗီယက်ကို ကြောက်တာလဲပါတယ်။ ပြည်တွင်းအခြေအနေကို လန့်နေတာလဲပါမယ် ထင်တယ်။

မော်စီတုန်း ■ ဂျပန်ကတော့ ပြဿနာထူထောင်ဖို့ လုပ်လာနိုင်လား။

ကစ်ဆင်းဂျား ■ ခုချိန်ထိတော့ အဆင်သင့်မဖြစ်သေးဘူး ထင်ပါတယ်။ ခေါင်းဆောင်မှုအပိုင်းမှာ နောက်ထပ်ဗိုန်ခေါ်မှု တစ်ခုတော့ လိုလိမ့်ဦးမယ်။ ရေရှည်မှာတော့ ဥက္ကဋ္ဌကြီးယူဆသလို ဖြစ်ကောင်း ဖြစ်လာနိုင်ပါတယ်။

မော်စီတုန်း ■ အင်း ဒေါက်တာပြောတာ နည်းလမ်းကျပါတယ်။

ကစ်ဆင်းဂျား ■ ကျွန်တော့်အထင်၊ နောက်မျိုးဆက်တွေဆိုရင်တော့ ထူးခြားလိမ့်မယ်ထင်တယ်။ ဥပမာပြရရင်၊ ကျွန်တော့်ကျောင်းသားတော်ခဲ့ဖူးတဲ့ နာကာဆိုနေပေါ့။ ဟားဗတ်မှာတုန်းက၊ သူက ကျွန်တော့်ကျောင်းသားလေး။

မော်စီတုန်း ■ ဥရောပကတော့ လျှော့ရိလျှော့ရဲ နိုင်လွန်းတယ်ဗျား။ အချင်းချင်းလဲ မညီညွတ်ကြဘူး။

ကစ်ဆင်းဂျား ■ ဟုတ်တယ်။ ကျွန်တော်တို့လဲ သူတို့ကို ညီညွတ်စေချင်တယ်။ အင်အားကြီးစေချင်တယ်။

မော်စီတုန်း ■ ကျွန်တော်တို့ ဆန္ဒကလဲ ဒီအတိုင်းပါပဲ၊ ခက်တာက၊ ဒီလို ညီညွတ်ဖို့ဆိုတာ လွယ်မယ်မထင်ဘူး၊

ကစ်ဆင်းဂျား ■ ဟုတ်တယ်၊ သူတို့မှာ ခိုင်ခိုင်မာမာ ခေါင်းဆောင်ဆိုလို့လဲ တယ်မရှိလှဘူး။

မော်စီတုန်း ■ အော်. . . ဒီလိုကိုး။

Copyright (c) www.nldlanorway.com



ကစ်ဆင်းဂျား ■ ဒါပေမဲ့ ရှမစ်ကတော့ ဆိုးမယ်မထင်ဘူးဗျ။ ဒီနေ့ ဥရောပခေါင်းဆောင်တွေမှာတော့၊ သူဟာ အခိုင်မာဆုံးဖြစ်မယ်ထင်တယ်၊ ရေ့အပတ်ဆိုရင် သူ ဒီကိုလာမှာနော်၊

မော်စီတုန်း ■ မြင်သစ်ကလဲ ဂျာမနီကို လန့်နေသလိုပဲ၊ အနောက်ဂျာမနီနဲ့ အရှေ့ဂျာမနီပေါင်းမှာကို သူတို့က လန့်နေသလိုပဲ။ တကယ်လို့များ ဂျာမနီပေါင်းစည်းမိရင် ဘာတွေ ဖြစ်လာနိုင်မလဲဗျ၊

ကစ်ဆင်းဂျား ■ မြင်သစ်ကတော့ ဂျာမနီတွေကို ကွဲနေစေချင်မှာပဲ၊

မော်စီတုန်း ■ (ခေါင်းညိတ်ပြရင်း) ဒါဒါ မကောင်းဘူးဗျ။

ကစ်ဆင်းဂျား ■ ဘာပဲဖြစ်ဖြစ် အမျိုးသားရေး အခြေခံတပေါ်မှာ ဂျာမနီပေါင်းစည်းမိ ပါလိမ့်မယ်၊

မော်စီတုန်း ■ ကျွန်တော်တို့ကတော့ ပေါင်းစည်းမှုကို သဘောကျတယ်၊

ကစ်ဆင်းဂျား ■ ဒါပေမဲ့ ဘယ်သူက ဘယ်သူ့ကို လွှမ်းမိုးမလဲဆိုတဲ့ အပေါ်တော့၊ မူတည်မယ်ထင်တယ်နော်၊

မော်စီတုန်း ■ အနောက်ဂျာမနီက လူဦးရေ သန်း ၅၀ ရှိတယ်လေ၊ အရှေ့ဂျာမနီက ၁၈ သန်းပဲ ရှိတယ်၊

ကစ်ဆင်းဂျား ■ စစ်ရေးအရဆိုရင်လဲ အနောက်ဂျာမနီက သာတယ်။

မော်စီတုန်း ■ ဘာပဲဖြစ်ဖြစ် ဂျာမနီ ပြန်လည်ပေါင်းစည်းရေးဟာ အန္တရာယ် မရှိနိုင်ပါဘူး၊

ကစ်ဆင်းဂျား ■ ဂျာမနီပေါင်းစည်းရေးကို ကျွန်တော်တို့လဲ သဘောကျပါတယ်။ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ ဆိုဗီယက်နဲ့ စစ်ရေးအရ ဟန်တားမယ့် အန္တရာယ် ရှိနိုင်တယ်။ အမေရိကန်အနေနဲ့ကတော့ ဂျာမနီ ပေါင်းစည်းရေးကို ထောက်ခံသွားမှာပါပဲ၊

မော်စီတုန်း ■ ဒီကိစ္စမှာတော့၊ ကျွန်တော်တို့ နှစ်ဖက်လုံး သဘောထား တစ်ထပ်တည်းပါပဲ။

22/11/2008

**ကစ်ဆင်းဂျား** ■ ပေါင်းစည်းလာမယ့် ဂျာမနီကို ကျွန်တော်တို့ မကြောက်ဘူးဗျ။ ဒါပေမဲ့ ဒီကိစ္စမဖြစ်ခင်၊ ဥရောပက ဆိုဗီယက်ရဲ့ စစ်အင်အားကို အားနည်းအောင်၊ အရင်လုပ်ဖို့တော့ လိုလိမ့်မယ်ထင်တယ်။

**မော်စီတုန်း** ■ တိုက်ပွဲ မဆင်ဘဲနဲ့တော့၊ ဆိုဗီယက်တွေ အားနည်းသွားမှာမဟုတ်ဘူး။

**ကစ်ဆင်းဂျား** ■ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဘက်က အချိန်ဆွဲဖို့တော့ လိုလိမ့်မယ်။ ခုလို ဝါးတားဂိတ် အချိန်မကုန်သေးတဲ့ကာလမှာ၊ ကျွန်တော်တို့ အသင့်မဖြစ်သေးတာ အမှန်ပဲ။ ဒါကြောင့်လဲ ကျွန်တော်တို့ အရေအပိုက်တွေနဲ့ ခေန်းသွားနေရတာပေါ့။

**မော်စီတုန်း** ■ ဒေါက်တာ မစ္စတာနစ်ဆင်ကိုလဲ ကျွန်တော်က သတိရတဲ့အကြောင်း ပြောပေးပါ။

**ကစ်ဆင်းဂျား** ■ ဟုတ်ကဲ့ ကျွန်တော် ပြန်ရောက်ရောက်ချင်း ဖုန်းဆက်လိုက်ပါ့မယ်။

**မော်စီတုန်း** ■ ပထမဆုံးတော့ သမ္မတကြီးကို အရင်ပြောနော်။ ပြီးမှ မစ္စတာ နစ်ဆင်ပေါ့။
(ရယ်သံများ)

**ကစ်ဆင်းဂျား** ■ စိတ်ချပါ၊ နှစ်ယောက်လုံးကို ဝမ်းသာအားရ အကြောင်းကြားပေးပါ့မယ်။

**မော်စီတုန်း** ■ ဒေါက်တာ ခင်ဗျားက သိပ်အလုပ်ရှုပ်တော့ အားတော့နာပါတယ်။

**ကစ်ဆင်းဂျား** ■ ကျွန်တော် စကားစကားခရီး ထွက်တာကို ပြောတာလား။

**မော်စီတုန်း** ■ ခင်ဗျားမှာ အလုပ်တွေ သိပ်များလွန်းလို့ ပြောတာပါ။ ဒါတာလဲ မျှားကို မှားရမှာပဲလေ။ မိုးတွေလေတွေ လာပြီဆိုရင် ပျံလွှားတွေ အလုပ်ရှုပ်ရမြဲမို့လား။

**ကစ်ဆင်းဂျား** ■ ဥက္ကဋ္ဌကြီးရဲ့ ဒီစကားကို နားလည်နိုင်ဖို့တော့၊ ရက်အတော်ကြာကြာ စဉ်းစားရဦးမယ်ဗျ။



**မော်စီတုန်း** ■ ကမ္ဘာကြီးက ငြိမ်းချမ်းငြိမ်သက်နေတာမှ မဟုတ်တာဗျာ။ မုန်တိုင်းထန်နေတာမို့လား။ လေကြီးမိုးကြီးကျနေတာမို့လား။ ဒီမိုးဒီလေကို အဲတုန်း ပျံလွှားတွေ အလုပ်များကြရတယ်မို့လား။

**ကစ်ဆင်းဂျား** ■ ဟုတ်ကဲ့ပါ၊ ကျွန်တော့်အလုပ်ဟာ ပျံလွှားတွေထက် နဲနဲလောက်ဖြစ်တော့၊ ဝိုင်းရောက်ကောင်းပါရဲ့လို့ မျှော်လင့်ရတာပဲ။

**မော်စီတုန်း** ■ မိုးတွေလေတွေကို အချိန်ဆိုင်းခိုင်းလို့တော့ ရချင်ရမယ်။ လုံးဝတားလို့တော့ဖြင့် ရမယ်မထင်ဘူးဗျ။

**ကစ်ဆင်းဂျား** ■ မိုးတွေလေတွေကို ရင်ဆိုင်နိုင်ဖို့ အကောင်းဆုံးအနေအထားကို ပြင်ဆင်ဖို့ကလဲ အရေးကြီးတယ်မို့လား။ ဒီကိစ္စက ပေါ့ပေါ့တန်တန် မဟုတ်ဘူးလေ။ မိုးတွေလေတွေ လာနိုင်တယ်လို့ ကျွန်တော်တို့ သဘောတူပြီးကြပြီ၊ အကောင်းဆုံးအနေအထားကို ပြင်ဆင်ဖို့ ကြိုးစားကြတာပေါ့။ ဒီလို ပြင်ဆင်တာ မိုးနဲ့လေကို ရှောင်တာ မဟုတ်ဘူးလေ၊ ကောင်းကောင်း ကျော်လွှားနိုင်ဖို့ပါ။

**မော်စီတုန်း** ■ အင်း နယူးယောက်တိုင်း(မ်)ရဲ့ စစ်သတင်းထောက် ပြောတာကတော့ တစ်မျိုးပါလားဗျ။ ပြီးခဲ့တဲ့ ကြဲဂုတ်လက သူ့စာအုပ် ထွက်တယ်လေ။

**ကစ်ဆင်းဂျား** ■ ဟုတ်လား၊ ဘယ်သူပါလိမ့်။

**မော်စီတုန်း** ■ (သူ့လူများအနှင့် တိုင်ပင်ပြီးမှ) နေဦးဗျ ပြန်ကြည့်လိုက်ဦးမယ်၊ ပြီးမှ ခင်ဗျားကိုပြောမယ်။
(မော်ရည်ညွှန်းသော သတင်းထောက်မှာ ဒဗျူ မစ်ဒယ်(လ)တန် ဖြစ်ပြီး သူ့စာအုပ်မှာ 'လာမည့်စစ်ပွဲတွင် အမေရိကန် အနိုင်ရပါမည်လော. . ' ဖြစ်ပါသည်။)

**ကစ်ဆင်းဂျား** ■ ဗေဒါဗျား ကျွန်တော် သတိမပြုလိုက်မိဘူး။

**မော်စီတုန်း** ■ ဒေါက်တာ့ထင်မြင်ချက်ကို ပြောစမ်းပါ၊ ဥရောပမှာ

Copyright (c) www.nldlanorway.com 22/11/2008

ရှိတဲ့ အမေရိကန်တပ်အင်အား ၃၀၀,၀၀၀နဲ့ ဆိုဗီယက် တိုက်ခိုက်မှုကို ခုခံနိုင်ပါ့မလား။

**တစ်ဆင်းဂျား** ■ ဥရောပမှာ အားနည်းနေတာ ကျွန်တော်တို့တပ်တွေ မဟုတ်ပါဘူး။ ဥရောပတပ်တွေပါ၊ နျူကလီယာလက်နက်သာသုံးရင်၊ ကျွန်တော်တို့ ဆိုဗီယက်တွေကို ခုခံနိုင်ပါလိမ့်မယ်။

**မော်စီတုန်း** ■ ကျွန်တော်ပြောတဲ့ သတင်းထောက်ကတော့၊ အမေရိကန်ဟာ နျူကလီယာလက်နက်ကို သုံးမှာမဟုတ်ဘူး ဆိုပါလား။

**တစ်ဆင်းဂျား** ■ ဒါက သူ့ထင်မြင်ချက် ဖြစ်ပါလိမ့်မယ်။ ဥရောပ မှာသာ တကယ်တိုက်ပွဲကြီး ဖြစ်ခဲ့ရင်၊ ကျွန်တော်တို့ နျူကလီယာလက်နက်ကို သုံးမှာပါ။ ဥရောပမှာကိုပဲ၊ နျူကလီယာလက်နက် ၇,၀၀၀ ရှိပါတယ်။ အမေရိကန်မှာဆိုရင်၊ ဒါမျိုးတွေ အများကြီးရှိသေးတယ်။

**မော်စီတုန်း** ■ ဒါပေမဲ့ ဒီသတင်းထောက်နဲ့ သဘောချင်းညီမယ့်သူတွေလဲ၊ အမေရိကန်မှာ မနည်းမနော ရှိနိုင်တယ်နော်။ ဥရောပအတွက် အမေရိကန်တွေက လိုလိုချင်ချင် အသေခံကြမယ်ဆိုတာကို သူတို့က ယုံချင်မှယုံကြမှာ။

**တစ်ဆင်းဂျား** ■ ကျွန်တော်ယုံကြည်တာကို ပြောမယ်နော်။ ကမ္ဘာကြီးရဲ့ ဘယ်နေရာမှာ ဖြစ်ဖြစ်၊ ဆိုဗီယက်ကသာ တိုက်ခဲ့ရင်၊ အမေရိကန်အနေနဲ့ အမြန်ဆုံး စစ်ထဲဝင်ပါမှာပဲ။ တကယ်လို့ ဥရောပမှာသာ ဆိုဗီယက်နဲ့ ထိပ်တိုက်တိုးခဲ့ရင်၊ နယူကလီယာစစ်ပွဲ ဖြစ်မှာပဲ။

**မော်စီတုန်း** ■ ဒါဖြင့်၊ ဖြစ်နိုင်ခြေနှစ်ခုရှိတာပေါ့။ တစ်ခုက ခေါက်တာ ပြောတဲ့ဟာ။ နောက်တစ်ခုက နယူးယော့တိုင်း(မ်) သတင်း ထောက်ပြောတဲ့ဟာ။ ခွန်လ ၃ရက်နေ့က အထက်လွှတ်တော်မှာ ပြောခဲ့တဲ့ ဆီနိတ်တာ ဂိုဝါးတားရဲ့ မိန့်ခွန်းမှာလဲ၊ အဲဒီသတင်းထောက်ပြောခဲ့တဲ့



ဖြစ်နိုင်ခြေမျိုးပါတယ်။

**တစ်ဆင်းဂျား** ■ ဟုတ်လား၊ သူက ဘယ်လိုပြောလို့လဲ။

**မော်စီတုန်း** ■ နိုင်ငံခြားရေးပေါ်လစီနဲ့ ပတ်သက်ပြီး၊ အရေးအတင် ပြောကြတာပါ၊ ဒီမိန့်ခွန်းကို မိတ္တူကူးပြီး ခေါက်တာ့ဆီ ပို့လိုက်ပါ့မယ်။

**တစ်ဆင်းဂျား** ■ အဓိကအချက်လောက်တော့ ခုပဲပြောပါဗျား။

**မော်စီတုန်း** ■ သူက ဥရောပကို မယုံဘူးတဲ့။

**တစ်ဆင်းဂျား** ■ တစ်ခုတော့ ဥက္ကဋ္ဌကြီးကို နားလည်စေချင်ပါတယ်။ ခုဟာက ရွေးကောက်ပွဲလုပ်ဖို့ တစ်နှစ်ပဲလိုတော့တဲ့အချိန် လေ၊ ပြည်တွင်းအခြေအနေကို ကြည့်ပြီး ပြောကြဆိုကြတာတွေ ရှိနိုင်တယ်ဗျ။ ပြီးတော့ ကျွန်တော်တို့ မီဒီယာတွေကလဲ နိုင်ငံရေးအုပ်စုတွေနဲ့ အဆက်အစပ် ရှိနေတတ်တယ်။

**မော်စီတုန်း** ■ ဆိုလိုတာက၊ နယူးယော့တိုင်း(မ်)ဟာ၊ ဂျူးအသိုင်းအဝိုင်းတွေရဲ့ ဩဇာနဲ့ မကင်းဘူးပေါ့ ဟုတ်လား။

**တစ်ဆင်းဂျား** ■ ဟုတ်တယ်၊ ဒီအတိုင်း အမှန်ပဲ။

**မော်စီတုန်း** ■ ဒါဖြင့် ဝါရှင်တန်ပို့(စ)ကကော. . . ။

**တစ်ဆင်းဂျား** ■ အင်း. . . အခုတော့ မဟုတ်တော့ပါဘူး။ (ကျောဘု(ရ)ကို လှမ်း၍ မေးလိုက်သည်) ဒီကိစ္စ ခင်ဗျားက ပိုပြောနိုင်မယ်ထင်တယ်။

**ကျောဘု(ရ)** ■ မစ္စစ်ဂရေဟမ်က ဂျူးလေ။ မစ္စတာမေယာရဲ့သမီးပေါ့။

**မော်စီတုန်း** ■ အော် ပိုင်ရှင်က ဂျူးပေါ့။ ဒီလိုလား။ (ကျောဘု(ရ)ဘက်သို့ လှည့်ပြီး) နေပါဦး ဒီလူငယ်လေးက ပီကင်းမှာလာပြီး ဂုဏ်ခံနေ ရတဲ့သူမို့လား၊ ခင်ဗျား ကျွန်တော့်ဆီ ဘာကြောင့် လာမတွေ့တာလဲ။

**ကျောဘု(ရ)** ■ ဒီညနေ့ဆွေးနွေးပွဲ တက်ရတာကိုကပဲ ကျွန်တော့်အတွက် ဂုဏ်ယူစရာ ကောင်းလှပါပြီ။ ဥက္ကဋ္ဌကြီးမှာ ဒီလောက်

Copyright (c) www.nldlanorway.com 22/11/2008

အလုပ်များတာ၊ ကျွန်တော့်လို ဆက်ဆံရေးမှာ တာဝန်ခံ တစ်ယောက်အနေနဲ့ ဝုဏ္ဏပေလို့ ဘယ်တော်ပါ့မလဲ။

(နောက်ပိုင်းတွင် သမ္မတဖြစ်လာသော ဂျော့ဘုရှ်)က ထိုစဉ်က မော်စီတုန်း၏ ဖိတ်ကြားချက်ကို လက်မခံမိခဲ့သည့်အတွက် နောင်တရခဲ့သည်ဟု ဖွင့်ဟခဲ့ဖူးသည်)

**မော်စီတုန်း** ■ ကျွန်တော်လား၊ ဘာမှအလုပ်မများပါဘူးဗျာ၊ နိုင်ငံရေးကိစ္စတွေမှာ ကျွန်တော်ဝင်ပါစရာ မလိုပါဘူး၊ ကျွန်တော့်အလုပ်က ကမ္ဘာ့သတင်းတွေ ထိုင်ဖတ်နေရုံပဲလေ။

**တစ်ဆင်းရှား** ■ ဒါပေမဲ့ အမေရိကန် စာနယ်ဇင်းတွေရဲ့အာဘော်ကို ဥက္ကဋ္ဌကြီးက ကျွန်တော့်ထက် ပိုသိနေတယ်ဗျ။ နယူးယောက်တိုင်း(မ်)သတင်းထောက်နဲ့ ဂိုဝင်းတား မိန့်ခွန်းကိုပဲ ကြည့်လေ၊ ကျွန်တော် ဘာမှမသိဘူး။

**မော်စီတုန်း** ■ ခင်ဗျားမှာမှ အချိန်မရှိတာ၊ ခင်ဗျားက အလုပ်များတယ်လေ။

(ဝင်စတန်လော့(ဒ)ဘက်သို့လှည့်ပြီး) ဒါနဲ့ မစ္စတာလော့(ဒ) ခင်ဗျားလဲ ရာထူးတက်သွားပြီ ပေါ့နော်။

**ဝင်စတန်လော့(ဒ)** ■ ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး။

**မော်စီတုန်း** ■ (ဂျော့ဘုရှ်နှင့် ဝင်စတန်လော့(ဒ)တို့ဘက်သို့ လှည့်ပြီး) ခင်ဗျားတို့ နှစ်ယောက်စလုံးရာ ထူးတက်တာပေါ့ ဟုတ်လား။

**တစ်ဆင်းရှား** ■ (ဂျော့ဘုရှ်ကိုလက်ညှိုးထိုးပြရင်း) သူကား အခု မတက်သေးဘူးဗျ၊ ၁၉၈၀ ဆိုရင်တော့ တက်လိမ့်မယ်။

**မော်စီတုန်း** ■ အင်း. . . သူ သမ္မတဖြစ်နိုင်တယ်။

**တစ်ဆင်းရှား** ■ ၁၉၈၀ မှာလား. . .။

**မော်စီတုန်း** ■ ခင်ဗျားတို့က ကျွန်တော့်အကျင့်ကို မသိသေးဘူးဗျ၊ ကျွန်တော်က လူတွေဆဲတာကို သိပ်သဘောကျတာ၊ ဥက္ကဋ္ဌမော်ဟာ ချိုရိုကရက်အဘိုးကြီးပါလို့၊ တစ်



ယောက်ယောက်က ပြောကြည့်၊ ကျွန်တော့်စိတ်တွေ တစ်ခါတည်း တက်ကြွပြီး အဲဒီလူကို ပြေးတွေ့ချင်မှာအင်း. . မဆဲရင်တော့လဲ မတွေ့ဖြစ်ဘူးပေါ့၊ အေးအေးဆေးဆေး အိပ်နေဖြစ်မှာပဲ။

**တစ်ဆင်းရှား** ■ ကျွန်တော်တို့ကတော့ မဆဲပါဘူးဗျား၊ ဥက္ကဋ္ဌကြီးကို ချိုရိုကရက်လို့လဲ မသတ်မှတ်ပါဘူး။

**မော်စီတုန်း** ■ ဒါကို ကျွန်တော်ယုံပါတယ်။ (စားပွဲကိုလက်နှင့်ပုတ်ပြီး) အင်း နိုင်ငံခြားသားတစ်ယောက်ယောက်က စားပွဲကို ဟောသလို လက်နဲ့ပုတ်ပြီး ကျွန်တော့်ကို ဆဲရင် ကျွန်တော်တော့ သိပ်ပျော်မှာပဲ။

**တစ်ဆင်းရှား** ■ အင်း ဥက္ကဋ္ဌကြီးကို ချိုရိုကရက်လို့ ခေါ်မိရင်လဲ ဒါဟာ နည်းလျှုပ်အရ ငှဘာဆိုက်တာဖြစ်မှာပါ။

**မော်စီတုန်း** ■ ဒါပေမဲ့ ကျွန်တော်က ချိုရိုကရက်ဗျ၊ စစ်ဘုရင်ဆိုလဲ ဟုတ်တယ်၊ ကျွန်တော့်ကို ဆိုဗီယက်တွေက အဲသည်လို ဘွဲ့တွေပေးပြီး ဆဲကြတယ်လေ။

**တစ်ဆင်းရှား** ■ ဒါပေမဲ့ ဒီကိုလာတဲ့ ဆိုဗီယက်ဧည့်သည်ဆိုလို့ တစ်ယောက်မှ မတွေ့မိပါလား။

**မော်စီတုန်း** ■ အိုး၊ သူတို့က ကျွန်တော့်ကို နေ့တိုင်းဆဲနေကြတာပါ၊ အခုလေက ဆဲတာပေါ့၊ တကယ်ကို နေ့တိုင်းပဲ။

**တစ်ဆင်းရှား** ■ ကျွန်တော်တို့ကတော့ ဆိုဗီယက်တွေရဲ့ အကဲဖြတ်ချက်ကို သဘောမတူပါဘူး။

**မော်စီတုန်း** ■ အင်း ခင်ဗျားတို့က ဆဲတာကတော့၊ ဘာတဲ့ စစ်ဘီလူးတဲ့၊ ကျူးကျော်ရေးသမားတဲ့။

**တစ်ဆင်းရှား** ■ ဗျာ၊ ကျွန်တော်ကလား။

**မော်စီတုန်း** ■ အမေရိကန်ပြည်ထောင်စုကပါ၊ ကုလသမဂ္ဂမှာလေ၊ တရုတ်ပြည်က ကိုရီးယားကို ကျူးကျော်တယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချတုန်းကပေါ့။

**တစ်ဆင်းရှား** ■ ဒီကိစ္စ ၂၅ နှစ်တောင်ကြာပြီပဲ၊ ဥက္ကဋ္ဌကြီးရယ်၊

Copyright (c) www.nldlanorway.com 22/11/2008

မော်စီတုန်း ■ ဟုတ်ပါတယ်၊ ခင်ဗျားနဲ့တော့ မဆိုင်ပါဘူး၊ ထရူမင်း လက်ထက်က ဖြစ်တာပါ။

ကစ်ဆင်းဂျား ■ ဒါတွေဖြစ်ခဲ့တာ ကြာပြီဗျား၊ ခုတော့ အမေရိကန်ရဲ့ သဘောထားကလဲ ပြောင်းသွားပါပြီ၊

မော်စီတုန်း ■ (နဖူးကိုလက်နှင့်ပုတ်ပြီး) ဒါပေမဲ့ ဆုံးဖြတ်ချက်က တော့ မပယ်ဖျက်ရသေးဘူးဗျ၊ ကျွန်တော်က ခုချိန်ထိ ကျူးကျော်ရေးသမား ဝတ်ရုံကိုခြုံထားတုန်း၊ စစ်ဘီလူး ဦးထုပ်ဆောင်းထားတုန်း၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဂုဏ်ယူပါတယ်၊ ကျွန်တော်ရခဲ့သမျှ ဂုဏ်ပုဒ်တွေထဲမှာ အကြိုက်ဆုံးပဲ၊

ကစ်ဆင်းဂျား ■ ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ကျွန်တော်တို့မှ ဖျက်လို့ မရဘူး၊

မော်စီတုန်း ■ ဟာ ဖျက်ဖို့မလိုပါဘူး၊ ဖျက်ဖို့တောင်းဆိုနေတာလဲ မဟုတ်ဘူး၊ ချန်ကေရှိတ်ကလဲ ကျွန်တော့်ကို ဆဲတာပဲ၊ ကိုရီးယားကိစ္စမှာလဲ အဆဲခံရတာပဲ၊ ဆိုဗီယက်ကလဲ ဆဲတာပဲ၊ ကောင်းပါတယ်၊ ကျွန်တော့်မှာ ဂုဏ်ပုဒ်တွေ များလာတာပေါ့၊ ကျေးဇူးပြုပြီး ဒီဂုဏ်ပုဒ်တွေကို လူသိရှင်ကြားဖြစ်အောင် ကြေညာပေးစမ်းပါဗျား၊

ကစ်ဆင်းဂျား ■ ကျွန်တော့်သဘောကတော့ ဒါတွေဟာ သမိုင်းအရ မှန်ကန်တဲ့ အကဲဖြတ်ချက်တွေ မဟုတ်ပါဘူး၊

မော်စီတုန်း ■ ကျွန်တော်ကတော့ လူသိရှင်ကြား ကြေညာပြီးပြီ၊ ဒါနဲ့ ခင်ဗျားတို့မှာ လွတ်လပ်စွာ ပြောဆိုခွင့် ရှိသေးရဲ့လား၊

ကစ်ဆင်းဂျား ■ အသေအချာကို ရှိပါတယ် ဥက္ကဋ္ဌကြီး၊

မော်စီတုန်း ■ ကျွန်တော့်မှာလဲ ရှိတာပေါ့၊ ဟုတ်ပြီ၊ ကျွန်တော်တို့ အပြန်အလှန် အပြောက်နဲ့ တူကြမယ်၊ အဲ ကျွန်တော့် အပြောက်သံက သူတို့ထက် ပိုကျယ်တယ်ဗျနော်. . ၊

ကစ်ဆင်းဂျား ■ ဟုတ်တယ်၊ ဒါကိုတော့ ကျွန်တော် သတိပြုမိတယ်၊ (ရယ်သံများ. . .)



မော်စီတုန်း ■ တော်၊ ဒါထက် ခင်ဗျားတို့ ကာကွယ်ရေးဝန်ကြီးကိုလဲ ကျွန်တော့် သဘောထားကို ပြောပြလိုက်ပါဗျား၊

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်၊

မော်စီတုန်း ■ ပွင့်ပွင့်လင်းလင်း ပြောရရင်၊ သူ့ကိုတော့ ကျွန်တော် တယ်မကျေနပ်ဘူးဗျ၊ ဘယ့်နှယ်ဗျာ ဂျပန်ကိုသွား တာတောင် ပီကင်းကိုမဝင်ဘူး၊ ခင်ဗျားတို့ အမေရိကန် တွေက ချမ်းသာသလောက် တယ်ကပ်စေးနဲတာပဲ၊ (ရယ်သံများ. . .)

မော်စီတုန်း ■ ကိုင်းကိုင်း၊ ခင်ဗျားတို့အားလုံးအတွက် ကျွန်တော် ဆုတောင်းလိုက်ပါတယ်ဗျာ . . . ၊

ကစ်ဆင်းဂျား ■ ကျွန်တော်တို့အားလုံးကလဲ ဥက္ကဋ္ဌကြီးရဲ့ ကျန်းမာရေး အတွက် ဆုတောင်းလိုက်ပါတယ်၊

မော်စီတုန်း ■ ခင်ဗျားတို့ဆုတောင်း မပြည့်နိုင်တော့ဘူးဗျ၊ ဘုရား သခင်ရဲ့ ဖိတ်စာကို ကျွန်တော် လက်ခံလိုက်ပြီးပြီ၊ (နောင် မြောက်လကျော်ခန့်အကြာတွင် ဥက္ကဋ္ဌ မော်စီတုန်း ကွယ်လွန်သွားပါသည်)

◆◆◆◆◆

Copyright (c) www.nldlanorway.com 22/11/2008

# BOOK REVIEW

“ ပီပီ၏
သမိုင်းဆိုင်ရာအခန်းကို
လုံခြုံစိတ်ချစေလိုလျှင်
ပီပီကိုယ်တိုင်က
ပထမဆုံးပြန်ပြောသူ
ဖြစ်ပါစေ။

ဝန်စတာန်ချာချီ ”

Copyright (c) www.nldlanorway.com 22/11/2008




# ဗိုင်ဟောင်းများကို ထုတ်သုံးခြင်း

၁၉၉၂ ခုနှစ်က ဗွန်အင်ဒိုက်၏ ဝတ္ထုတစ်ပုဒ် ထွက်ခဲ့ဖူးသည်။ 'ဗို(ဒ်) အစိုးရလက်ထက် အမှတ်ရချက်များ' ဖြစ်ပါသည်။ အမှတ်ရချက်များ (memories) ဆိုသော ဝေါဟာရမှာ အတိတ်ကိုညွှန်းသည့် အဓိပ္ပာယ်ဟု နားလည်ရသည်။ ဗွန်အင်ဒိုက်ကိုယ်တိုင်ကလည်း ၁၉၇၀ အလွန်နှစ်များ အကြောင်းကို ပြန်ရေးခြင်းဖြစ်ပါသည်။ သို့နှင့်တိုင် သူ၏ စာအုပ်မှာ အနာဂတ် အကြောင်းကို ကြိုတင်ဟောစာတမ်း ထုတ်ခဲ့သလိုဖြစ်နေတော့သည်။

ထိုစဉ်က သမ္မတဂျူရယ်ဗို(ဒ်)အတွက် ပြဿနာဒေသမှာ အရှေ့ အလယ်ပိုင်းဖြစ်သည်။ ယခုသမ္မတ ဂျော့ဗေလျှူဘုရှ်အတွက်လည်း ဤဒေသ ကြီးမှာ ပြဿနာ ဖြစ်မြဲဖြစ်လျက်။ တစ်ချိန်က ဗို(ဒ်)၏ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖီးမှာ ယခုလည်း ပင်တဂွန်ကို ဦးဆောင်လျက်ရှိသည်။ တစ်ချိန် က ဗို(ဒ်)၏ ကာကွယ်ရေးဦးစီးချုပ် ဒစ်ချေနီမှာ ယခုဒုတိယသမ္မတအဖြစ် သမ္မတကြီး၏ဘေးတွင် ရပ်လျက်ရှိသည်။ တစ်ချိန်က ဗို(ဒ်)၏ စီအိုင်အေ ဒါရိုက်တာ ဂျော့ဘုရှ်(အကြီး)မှာ သူ့သားတော်မောင်ကို နောက်ကွယ်မှ အကြံပေးလျက်ရှိနေသည်။ ဤသို့ဆက်စပ်လိုက်သောအခါ သမိုင်းမှာ 'ဗိုင်နတ် စတီ'တီဗီဇာတ်လမ်းတွဲလိုပါပဲလားဟု ပြောရမလို ဖြစ်နေတော့သည်။

ဝင်စစ်မတုပါ။ နစ်ဆင်နှင့် ဗို(ဒ်)အစိုးရလက်ထက်များက အမျိုးသား လုံခြုံရေးအကြံပေးအဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်း ကောင်း၊ နိုင်ငံခြားရေးပေါ်လစီ၏ အဓိကပုံနှင်းကြီးအဖြစ် အသုံးတော်ခံခဲ့သော ပင်မဇာတ်ဆောင်တစ်ယောက် လမ်းဟာလျက် ရှိနေပါသည်။ ယခုအခါ

Copyright (c) www.nldlanorway.com 22/11/2008

အသက် ၈၀ တင်းတင်းပြည့်ခဲ့ပြီဖြစ်သော ထိုအဘိုးအိုမှာ အိမ်ဖြူတော်နှင့် ခပ်ဝေးဝေးမှနေ၍ သမ္မတနှင့်သူ့လူများကို စိတ်မသက်မသာ စောင့်ကြည့်လျက်ရှိသည့် ဟားဗတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခဟောင်း ဒေါက်တာ ဟင်နရီကစ်ဆင်ဂျား ဖြစ်ပါ၏။

ကစ်ဆင်ဂျားမှာ မိမိတိုင်းပြည်အနာဂတ်အတွက် ရတက်မအေးရှိနေသေးသည့်တိုင်၊ သမိုင်းတွင် ချန်ထားခဲ့ရမည့် မိမိနေရာအတွက် စနစ်တကျ ပြင်ဆင်သွားလိုသည့်သဘောလည်း ရှိနေဟန်တူသည်။ ဤအချက်ကို သူ၏ (ယခုချိန်ထိ နောက်ဆုံးစာအုပ်) 'အကျပ်အတည်း'တွင် ထင်ထင်ရှားရှား တွေ့လိုက်ရသည်။ သူ၏ 'အကျပ်အတည်း'မှာ ၁၉၇၀ အလွန်နှစ်များ၏ စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံး ဇာတ်ကွက်နှစ်ခုကို ဖွင့်ပြလိုက်သော ပြဇာတ်တစ်ပုဒ်ဟု ဆိုနိုင်ပါလိမ့်မည်။ ၁၉၇၃ အရှေ့အလယ်ပိုင်း အာရပ်-အစ္စရေး စစ်ပွဲနှင့်၊ ၁၉၇၅ ဆိုင်ဂုံကျဆုံးခန်းတို့ ဖြစ်ပါသည်။

သမိုင်းကို ပြန်လှန်ကြည့်သည်နှင့် ပတ်သက်လျှင် ချာချီကြီး၏ နာမည်ကျော် အဆိုအမိန့်တစ်ရပ် ရှိသည်။ "မိမိ၏ သမိုင်းဆိုင်ရာအခန်းကို လုံခြုံစိတ်ချစေလိုလျှင် မိမိကိုယ်တိုင် ပထမဆုံး ပြန်ပြောသူဖြစ်ပါစေ"ဟူ၏။ ဤအဆိုအမိန့်အတိုင်း လက်တွေ့ကျင့်သုံးနိုင်လိုက်သူမှာ ကစ်ဆင်ဂျားပင် ဖြစ်သည်။ ကွန်ဂရက်မော်ကွန်းတိုက်တွင် ဆယ်စုနှစ်ပေါင်းများစွာ ပင့်ကူမျှင်ယှက်နေခဲ့သော ဖိုင်ဟောင်းများကို ထုတ်ယူလိုက်သည်။ ပြီးမိမိ၏ မှတ်ချက်သစ်များနှင့် ဖြည့်စွက်ပြီး ဇာတ်ကွက်ဖော်သည်။ သူ၏ ကျွမ်းကျင်နိုင်နင်းလှသော သရုပ်ဖော်အတတ်ပညာအောက်တွင် ၁၉၇၀ အလွန်နှစ်များမှာ ၂၀၀၀ အလွန်နှစ်များ ဖြစ်လာသည်။ ဗီယက်နမ်မှာ အီရတ်ဖြစ်သွားသည်။ ၁၉၇၃ 'ယွမ်ကစ်ပူး' အကျပ်အတည်းမှာ အရှေ့အလယ်ပိုင်း လမ်းညွှန်မြေပုံ ဖြစ်သွားသည်။ ကစ်ဆင်ဂျားမှာ သမိုင်းကို မှတ်တမ်းတင်နေခြင်း မဟုတ်။ သမိုင်းကို ဆက်လက်ရေးသားနေသူပါလားဟု သဘောပေါက်လိုက်ရသည်။ ခင်စစ် ကစ်ဆင်ဂျား၏ ဖိုင်ဟောင်းများမှာ တစ်ခေတ်တစ်ခါက 'သော့သေများ'(dead key) ဟု တင်စားခေါ်ရလောက်အောင် ထိပ်တန်းလျှို့ဝှက်ချက်ကြီးတစ်ခု ဖြစ်ပါသည်။ သူ၏ တယ်လီဖုန်းမှတ်တမ်းများ၊ နှစ်ဦးချင်း အပြန်အလှန် စကားပြောများနှင့် ကိုယ်ရေးမှတ်တမ်းများ ဖြစ်သည်။ သူကွယ်လွန်ပြီး ငါးနှစ်ကြာမှ ထုတ်ဝေ [illegible]



ခဲ့သော စာရွက်များဖြစ်ပါသည်။ သော့တုတ်နေများ၊ စာနယ်ဇင်းသမားများ၊ နိုင်ငံရေးအတိုက်အခံများက အကြိမ်ကြိမ် ဖော်ထုတ်ရန် ကြိုးစားခဲ့သော်လည်း ဖုံးချက်သားကောင်းလှသည့် လျှို့ဝှက်ချက်များလည်း ဖြစ်ပါသည်။

ယခု ကစ်ဆင်ဂျားကိုယ်တိုင်က သော့သေကို အသက်သွင်းလိုက်ချေပြီ။ ၁၉၇၃ ခုနှစ် အောက်တိုဘာလ၏ ဧနေ့နေ့တစ်နေ့နံနက်၏ 'တယ်လီဖုန်းသံမှ စလိုက်သည်။ အစ္စရေးဝန်ကြီးချုပ် ဂိုလ်ဒါမေယာဆီမှ လာသောဖုန်း။ အီဂျစ်နှင့် ဆီးရီးယားတို့က အလစ်အငိုက် တိုက်ခိုက်တော့မည် ဆိုသည့်အကြောင်း။ ကစ်ဆင်ဂျားတစ်ယောက် တယ်လီဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်သွားရတော့သည်။ ခရီးထွက်နေသော သမ္မတကြီးဆီ လှမ်းဆက်သည်။ ဗိုလ်ချုပ်ကြီး အလက်ဇင် ဒါဟိတ်(ဂ)ကို ခေါ်တွေ့ရသည်။ ရုရှားသံအမတ်ကြီး အနာတိုလီ ဒိုဘရိုင်နင်နှင့် ဆက်သွယ်ရသည်။ နောက်ဆုံး ဆိုဗီယက်ယူနီယံနှင့် နားလည်မှု အရယူကာ စစ်ပွဲကို ရပ်ဆိုင်းနိုင်ခဲ့ပါသည်။ 'ဒစ်ပလိုမေစီအောင်ပွဲ' ဇာတ်ကွက်။

နောက်ဇာတ်ကွက်တစ်ခုမှာ 'ဆိုင်ဂုံကျဆုံးခန်း'၊ ဝါးတားဂိတ်ပြဿနာကြောင့် မြေကုန်လက်ပန်းကျနေသော သမ္မတနစ်ဆင်၊ ဗီယက်ကောင်းတို့၏ အမြောက်သံဝယ် ဒွေးဖုက်နေသော ဗီယက်နမ်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး၊ ခေါ်သွက်နေသော တောင်ဗီယက်နမ် မဟာမိတ်များ၊ စိတ်ဆိုးနေသော ကွန်ဂရက်အမတ်များနှင့် စိတ်မရှည်ဖြစ်သော ကွန်ဂရက်၊ အကျပ်အတည်း ပေါင်းစုံကြားမှ အောင်မြင်စွာ ဆုတ်ခွာနိုင်ရန် လုံးပန်းနေရသလို 'တင်းမာမှု လျော့ပေါ့ရေး'၏ ဂုဏ်ရှာင်ကို မထိခိုက်စေရန်လည်း ဆင်ခြင်နေရသည်။ 'မအောင်မြင်သော စစ်ပွဲတစ်ပွဲ၏ အကျိုးဆက်များကို လှစ်ပြလိုက်သည့် ဇာတ်ကွက်'။

ယခုအခါ သူ၏လုပ်ဖော်ကိုင်ဖက်ဟောင်းများ အနေနှင့် 'လက်ဦးမှု အရယူရေးဇာတ်ကွက်'အပေါ် အာရုံကျနေသည်ကို ကစ်ဆင်ဂျားတစ်ယောက် ကောင်းကောင်းရိပ်မိဟန် ရှိပါသည်။ သို့အတွက် အဆိုပါဇာတ်ကွက်နှစ်ခုကို တမင်ပွဲထုတ်လိုက်ခြင်း ဖြစ်နိုင်သည်။ မကြာသေးခင်က ဖြစ်ပွားခဲ့သော အီရတ်စစ်ပွဲကို အဝင်မကျသူများထဲတွင် ကစ်ဆင်ဂျားမှာ ထိပ်ဆုံးနေရာမှ ပါဝင်လျက် ရှိသည်။ သက်တမ်းတစ်ခု၏ နေဝင်ချိန်ရောက်နေပြီဖြစ်သော ပညာရှင်အဘိုးအိုမှာ သူ၏သမိုင်းပုံရိပ်ကို ဒစ်ပလိုမေစီသမား၊ ငြိမ်းချမ်းရေးသမားအဖြစ် ကျန်ရစ်စေလိုဟန် ရှိပါသည်။ သူရည်ရွယ်ချက် အထမြောက်နိုင်ပါမည်လော။

Copyright (c) www.nldlanorway.com 22/11/2008

ပြောရလျှင် ပင်နိုချက်ဆင်းရေး ပါဝင်ပတ်သက်ခဲ့သော အမေရိကန် နိုင်ငံခြားရေး ပေါ်လစီမှာ အကောင်းချည်းတော့ မဟုတ်ပါ။ ကမ္ဘောဒီးယား အာဏာသိမ်းမှု ရေမှုတော်ပုံကြီးနှင့် ချီလီအာဏာသိမ်းပွဲများကို မော်ကွန်းတိုက်ထဲတွင် သော့ခတ်သိမ်း၍ ရနိုင်မည်မဟုတ်ပါ။ သို့နှင့်တိုင် အမေရိကန်လူထုကမူ ၁၉၇၀ အလွန်နှစ်များက 'ဆူပါကေ'(Super-K) ကို စာနာမှု အပြည့်အဝ ပေးလိုကြဟန် တူပါသည်။ သူ့စာအုပ်မှာ တစ်ပတ်အတွင်း အရောင်းစံချိန် တင်သွားသည်ဟု ကြားလိုက်ရသည်။

* * * * *

# THE PINOCHET FILE

**Peter Kornbluh**

## နှစ်သုံးဆယ်က ၉/၁၁

### အနိုးတွန့်ပြီ

၉/၁၁ ဆိုသည်နှင့် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုကိုသာ ရည်ညွှန်းသည်ဟု ထင်စရာရှိသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်ကလည်း ရက်စက်ကြမ်းကြုတ်မှုအရာတွင် မနီးယိုးစွဲဟုသော အကြမ်းဖက်မှုကြီးတစ်ခု ဖြစ်ပွားခဲ့ဖူးသည်ဟုဆိုလျှင် အံ့ဩကောင်း အံ့ဩကြပါလိမ့်မည်။ ထို့ထက် အဆိုပါ အကြမ်းဖက်မှုကြီး၏ နောက်ကွယ်တွင် အမေရိကန်ပြည်ထောင်စုကိုယ်တိုင် ပါဝင် ပတ်သက်ခဲ့ဖူးသည်ဟုများ ပြောလိုက်လျှင် မယုံကြည်သူများပင် ရှိလေမည်လား မဆိုနိုင်ပါ။ ယုံသည်၊ မယုံသည်အပထား၊ ဤကိစ္စမျိုး တကယ်ရှိခဲ့သည်ကား အမှန်ပင်ဖြစ်ပါသည်။

ထိုစဉ်က ချီလီနိုင်ငံတွင် ဆိုရှယ်လစ်သမ္မတ ဆာ(လ)ဗာဒို အာလန်ဒေး ခေါ်ဆန် ရွေးကောက်ပွဲနိုင်လိုက်ရာ အမေရိကန်၏ တံခါးဝတွင် လက်ဝဲနိုင်ငံ တစ်ခု သွားကာန် ပေါ်လာတော့သည်။ ဘာမှ မကြာလိုက်ပါ။ ဝါရှင်တန်မှ မီးစိမ်းပြလိုက်သည်နှင့် ဗိုလ်ချုပ်ကြီး ပြောတ်စတိုင်ဖိနပ် [illegible]

Copyright (c) www.nldlanorway.com 22/11/2008

သိမ်းလိုက်သည်။ နောက်ဆုံးအချိန်အထိ လက်နက်မချသော သမ္မတအာလန်ဒေး ကို အာဏာသိမ်းပွဲအတွင်းမှာပင် ပစ်သတ်ခဲ့သည်။ ထို့နောက် ချီလီနိုင်ငံ၏ အမှောင်ကာလများ၊ ပစ်ခတ်သတ်ဖြတ်မှုရာကြမ်းခြင်းနှင့် စုပေါင်းသင်္ချိုင်းကုန်းများ ထဲမှ လူသေအလောင်းများမှာ သမိုင်းထဲသို့ နက်မြိုင်းစွာ တိုးဝင်သွားရတော့သည်။ အတည်မပြုနိုင်သော သတင်းများအရ ပီနိုချက်၏ ၁၇ နှစ်ကြာ ငါမင်းငါခြင်း အုပ်ချုပ်မှုအတွင်း အနည်းဆုံးလူပေါင်း ၃၁၉၇ ဦး သေဆုံးခဲ့ရသည်ဟု ဆိုပါသည်။

ယခုအခါ အသက် ၈၇ နှစ်ရှိပြီဖြစ်သော ပီနိုချက်မှာ ချီလီနိုင်ငံမှာပင် ဘေးမသီရန်မခ နေထိုင်လျက်ရှိသည်။ အိုမင်းတွင်းဆုံးအရွယ်နှင့် ယိုယွင်းနေသော ကျန်းမာရေးကို အကြောင်းပြကာ တရားဥပဒေမှ လွတ်ငြိမ်းခွင့်ရနေခဲ့သည်။ ထို့ပြင် 'အနီအန္တရာယ်ကာကွယ်သူ' အဖြစ် ဂုဏ်ပြုခံ သူရဲကောင်း တစ်ဦးပင် ဖြစ်နေသေးတော့သည်။ သို့နှင့်တိုင် ငရဲအတွင်းမှ မသေမပျောက် ထွက်လာနိုင်သူများကမူ ငရဲမင်းကို မမေ့နိုင်ကြပါ။ သမိုင်းရုပ်ကြွင်းများကို ဖော်ထုတ်နိုင်ရန် အခွင့်သင့်တိုင်း ကြိုးပမ်းလျက်ရှိနေကြသည်။ ယခုတော့ သူတို့ဆန္ဒ ပြည့်ဝခဲ့ပါပြီ။ သတင်းစာဆရာ လူတော်လူကောင်းတစ်ယောက်၏ သက်ရာကြောင့် နှစ်ပေါင်းသုံးဆယ်က အမှိုက်များ ထတွန်ကုန်ကြပေပြီ။

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလဆန်းတွင် The New Press မီဒီယာမှ ထုတ်ဝေဖြန့်ချိလိုက်သည့် 'ပီနိုချက်ဖိုင်' ဖြစ်ပါ၏။ စာရေးသူမှာ အမျိုးသား လုံခြုံရေးမော်ကွန်းတိုက် ဒါရိုက်တာပီတာ ကော်ဘလပ်(ရှ) ဖြစ်သည်။ စီအိုင်အေ ပြန်တမ်းများ၊ အိမ်ဖြူတော်မှတ်တမ်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာန အစီရင်ခံစာများကို အခြေခံပြီး စနစ်တကျ သုတေသနလုပ်၍ ရေးသားပြုစု ခြင်းဖြစ်ရာ ၁၉၇၀ အလွန်နှစ်များ၏ 'နိုင်ငံတော်အကြမ်းဖက်လုပ်ရပ်' တစ်ခု နောက်ကွယ်မှ အမေရိကန်အစိုးရ၏ လျှို့ဝှက်အခန်းကဏ္ဍမှာလည်း ကွဲကွဲ ပြားပြား ဖြစ်လာရတော့သည်။ စာပေအကဲဖြတ်သူများက 'နှစ်ပေါင်းသုံးဆယ် လုံး သမိုင်းမဝင်နိုင်ခဲ့သည့် သမိုင်းဝင်ဖြစ်ရပ်ကြီးကို သမိုင်းထဲသို့ ဆွဲတင်လိုက် ခြင်း' ဟု ကောင်းချီးပေးကြသည်။

**အတွင်းသရုပ်**

ရစ်ချဒ်နစ်ဆင်မှာ သမ္မတတစ်ယောက်အနေနှင့် စောင့်မြှင့်လှသည် ကြားမကောင်းပါ။ သို့နှင့်တိုင် သူ၏'တင်းမာမှုလျှော့ချပေါ်ရေး' ပေါ်လစီကိုမူ



အမှတ်ရပေးခဲ့ကြပါသည်။ အထူးသဖြင့် တရုတ်၊ ဆိုဗီယက်တို့လို ကိုင်းဒီကိုရိုနီ ရန်သူများနှင့် ငွေလမ်းရွှေလမ်း ဖောက်နိုင်ခဲ့သည့်အတွက် စစ်အေးခေတ်၏ ငြိမ်းချမ်းရေးဝါဒီသမ္မတအဖြစ် ချီးကျူးကြသည်များပင်ရှိသည်။ သူ၏ ကိုယ်ရည် ကိုယ်သွေးနှင့် ပတ်သက်လျှင်လည်း ယဉ်ကျေးဖော်ရွေသူ၊ သိမ်မွေ့နူးညံ့သူ အဖြစ် အသိအမှတ်ပြု ခံရသူဖြစ်ပါသည်။ 'ပီနိုချက်ဖိုင်'ထဲမှ နစ်ဆင်ကမူ..။

၁၉၇၀ ပြည့်နှစ်၊ ချီလီရွေးကောက်ပွဲပြီးခါစ ဖြစ်ပါသည်။ အမျိုးသား လုံခြုံရေးကောင်စီ ရုံးခန်းတွင် သမ္မတနစ်ဆင်၊ အမျိုးသားလုံခြုံရေးအကြံပေး ဟင်နရီကစ်ဆင်းဂျားနှင့် ချီလီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးတို့ အတူ ရှိနေသည်။ ဆိုရှယ်လစ်သမ္မတလောင်း အာလန်ဒေး အနိုင်ရကြောင်း သူတို့ အားလုံး သိပြီးဖြစ်သည်။ ဤအတွက် စိတ်မသက်မသာ ဖြစ်နေကြရသည်။ မည်သူမျှ စကားမပြောနိုင်။ ရုံးခန်းတစ်ခုလုံး တိတ်ဆိတ်နေတော့သည်။

'ဒီတစ်ပတ်ထဲမှာ ကျမ်းသစ္စာကျိန်ဆိုမယ်လို့ သတင်းရတယ် သမ္မတကြီး'

ကစ်ဆင်းဂျား၏ အသံမှာ ခပ်တိုးတိုး ပြောသော်လည်း ပတ်ဝန်းကျင် က တိတ်ဆိတ်လွန်းနေ၍ ထင်တာထက် ကျယ်သွားသည်။ သမ္မတ၏ ကျိန်သံ က သူ့ထက်ပိုကျယ်ပါသည်။ တစ်ခန်းလုံး ဟိန်းသွားသည်။

'ကျုပ်မလိုချင်တာ ဒါပဲဗျ၊ သူတို့အောင်ပွဲကို ကမ္ဘာသိအောင် ကြေညာတော့မယ်၊ မဖြစ်နိုင်ဘူး၊ မဖြစ်ရဘူး၊ မဖြစ်စေရဘူး. . .'

အားရှိအားကုန် ဟောက်ပြီးမှ ငြိမ်ကျသွားသည်။ တိတ်ဆိတ်ခြင်းက ပြန်လည်စိုးမိုးလိုက်ပြန်သည်။ ကစ်ဆင်းဂျားမှာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ကို ငေးလျက်။ သံအမတ်ကြီးကမူ မျက်စိလေး ပေကလပ် ပေကလပ်ဖြင့် သမ္မတကြီးကို ငေးကြည့်နေသည်။ ထိုစဉ်မှာပင် နစ်ဆင်၏ ခေါ်သံက နောက် တစ်ချီ ကြားလာပြန်သည်။

သူ၏ ကြီးမားကျယ်ပြန့်သော လက်ဖဝါးကြီးနှင့် စားပွဲကို ဝုန်းခနဲ ပုတ်လိုက်ရာ သံအမတ်ကြီး၏ မျက်လုံးအစုံမှာ ပေါက်ထွက်လုမတတ် ပြူးလာ သည်။

'ဆောရီးဗျာ၊ ကျုပ် ခင်ဗျားကို ဆဲတာမဟုတ်ပါဘူး၊ ဟို အာလန်ဒေး ကို ပြောတာပါ'

ဆက်တိုက်ပင် ကစ်ဆင်းဂျားကို လှမ်းပြောလိုက်သည်။

Copyright (c) www.nldlanorway.com 22/11/2008

'ဒီမယ် ဟင်နရီ ကျုပ်တို့ ဆော်ပစ်ရမယ်ဗျ၊ အပြတ် ဆော်ရမယ်'

(နိုင်ငံခြားရေး ကောက်နုတ်ချက်)

ဟင်နရီကစ်ဆင်းဂျား ဆိုလျှင်လည်း ခစ်ပလိုမေစီအရာတွင် နံပါတ်ဝမ်း တစ်ဂဏန်းအဖြစ် အသိအမှတ်ပြုထားရသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ဤအချက်ကိုမူ 'ပီနိုချက်ဖိုင်'တွင် တစ်စွန်းတစ်စ တွေ့လိုက်ရသည်။

'အိမ်ဖြူတော်ရှိ ကစ်ဆင်းဂျား၏ ဒီးသန့်ရုံးခန်းတွင် ဖြစ်သည်။ ချီလီ အာဏာသိမ်းပွဲ အောင်မြင်သည့်အကြောင်းကို သူသတင်းရပြီးပြီ။ အမေရိကန်မှ ဆက်လက်ထောက်ခံမည့်အကြောင်းကိုလည်း စီအိုင်အေဒါရိုက်တာက ပီနိုချက်ဆီ သတင်းပို့ပြီးပြီ။ အာဏာသိမ်းပွဲအပြီး ၄၈ နာရီအကြာတွင် ပို့ခဲ့သည်ဟု သိရသည်။ 'တယ်သွက်ပါလား' စိတ်ထဲတွင် တွေးရင်း တယ်လီဖုန်းဆီ လျှောက်သွားလိုက်သည်။

'ဟဲလို ဗိုလ်ချုပ်ကြီး'

တယ်လီဖုန်းခွက်ကို စကားပြောမယ်ထားပြီး ချောင်းတစ်ချက် ဟန့်ကာ လည်ပင်းရှင်းလိုက်သည်။ သူ့အသံက ပီသကြည်လင်နေဖို့ လိုသည်။

'ကွန်ဂရက်ကျူလေးရှင်းပါ ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်ကြီးအနေနဲ့ နောင်ကြီးနဲ့ ကမ္ဘာ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ကောင်းမှုကြီးတစ်ခု ပြုလိုက်တာပါပဲ။ ဝါရှင်တန်အနေနဲ့ ဗိုလ်ချုပ်ကြီးရဲ့ နောက်မှာ မားမားမတ်မတ် ရပ်တည်မှာပေါ့'

(ကောက်နုတ်ချက်)

ကစ်ဆင်းဂျား ကွန်ဂရက်ကျူလေးရှင်းနေသည်မှာ နိုင်ငံတော်အကြမ်းဖက်မှုခေါင်းဆောင် ပီနိုချက် ဖြစ်ပါသည်။ စာအုပ်ကို ဖတ်ရင်းမှ သူတို့တစ်တွေ၏ ဒစ်ပလိုမေစီ သဘောကို နားလည်လိုက်ရသည်။ 'မျက်နှာဖုံးစွပ်၍ ကရသော ကပွဲကြီးပါလား။ အဝတ်လဲခန်းနောက်မှ မျက်နှာအစစ်ကို မြင်ရတော့သည်'။

## စေရာသို့

'ပီနိုချက်ဖိုင်'တွင် တစ်ချိန်က ဘယ်သူမှ မသိခဲ့ကြရသော လုပ်ကြံမှုအချို့ အကြောင်းလည်း ပါသည်။ ၃၀၉၀-၁၉၇၆ ဝါရှင်တန်ကားဗုံးပေါက်ကွဲမှု ဤပေါက်ကွဲမှုတွင် ချီလီသံတမန်တစ်ဦးဖြစ်သူ အော်လန်ဒိုလက်တီလီယာ ကွယ်လွန်သွားခဲ့သည်။ အော်လန်ဒိုက ၁၉၇၃ အာဏာသိမ်းမှု အတွင်းရေးမှူး

Copyright (c) www.nldlanorway.com



ကို ဖွင့်ချမည်စိုးရိမ်၍ ပီနိုချက်က လုပ်ကြံနိုင်းလိုက်ခြင်း ဖြစ်သည်။ လုပ်ကြံမှု မတိုင်မီ ချီလီမှ ဖောက်ခွဲရေးသမားများ ဝင်လာသည်ကို စီအိုင်အေက မသိကျိုးကျွံပြုနေခဲ့သည်။ လုပ်ကြံမှုအပြီးတွင်လည်း ပီနိုချက်မှ လမ်းလွှဲစေရန် နည်းမျိုးစုံ ကြိုးစားခဲ့သည်ဟု ဆိုပါသည်။

စာရေးသူ ပီတာကွန်ဘလပ်(ခ)ကိုယ်တိုင်ကမူ သူ့စာအုပ်ကို မပြည့်စုံ လှသေးပါဟု ဝန်ခံသည်။ သူရရှိသော အချက်အလက်များမှာ သူဖတ်သမျှထဲမှသာ ဖြစ်ပါသည်။ အကုန်အစင် မဟုတ်သေး၊ ငုပ်နေသော စာတ်ကွက်များလည်း ရှိနေဆဲဟု ဆိုသည်။ ဝင်စစ် ၁၉၉၉ ခုနှစ်က သမ္မတ ဘီ(လ်)ကလင်တန်၏ တောင်းဆိုချက်အရ မှတ်တမ်းတချို့ ထွက်လာခြင်း ဖြစ်သည်။ တချို့ မှတ်တမ်းများမှာ ယခုတိုင် မော်ကွန်းတိုက်ထဲတွင် ရှိနေဆဲ ဖြစ်လိမ့်မည်ဟု ယူဆရသည်။ သို့နှင့်တိုင် ဤမျှနှင့်ပင် ခေတ်တစ်ခေတ်၏ သရုပ်သကန်မှာ ပေါ်လွင်သလောက် ပေါ်လွင်ထင်ရှားခဲ့ပြီဟု ဆိုနိုင်ပါလိမ့်မည်။

လက်ရှိ နိုင်ငံခြားရေးဝန်ကြီး ကောလင်ပေါဝဲ(လ) ကမူ 'ချီလီကိစ္စ အမေရိကန် ရပ်တည်ချက်မှာ ဂုဏ်ယူစရာ မကောင်းခဲ့ပါ'ဟု ဝန်ခံပြောကြားခဲ့ဖူးသည်။ ကျန်တာဝန်ရှိသူများကမူ ဘာတစ်ခွန်းမှ မဟ၊ ရှောင်ဖွတ်ပိတ်နေကြသည်ကသာ များသည်။ ပြောရလျှင် စစ်အေးခေတ် နိုင်ငံတကာဆက်ဆံရေးမှာ နှစ်ဖက်လုံးမှ 'ရီးယဲပိုလိုက်တစ်' (real politic) ကို အခြေခံခြင်းဖြစ်ရာ ချီလီကိစ္စမျိုးမှာ သိပ်တော့လည်း ဆန်းလှသည် မဟုတ်ပါ။ စစ်အေးလွန်ခေတ်ထိ ဤဆိုးမွေကို သယ်ဆောင်ခြင်းကိုသာလျှင် ဖြစ်သင့်-မဖြစ်သင့် ချိန်ဆကြဖို့ လိုမည်ထင်သည်။ 'ရီးယဲပိုလိုက်တစ်'က ကျင့်ဝတ်သိက္ခာကို အလေးမထား၊ ကိုယ်ကျိုးစီးပွားကိုသာကြည့်သည်။ ပါမောက္ခ ရေနစ်စမူကျူယားမား၏ အလို အရ 'ဤဒါက ဗိုလ်ဆင်ဝါဒနှင့် ဝေးရာသို့ ဆွဲခေါ်သွားတတ်သည်'ဟု သတိပေးဖူးသည်။

စာညွှန်း - *Behind The Other 9/11*

✦ ✦ ✦ ✦ ✦

22/11/2008

# EXTRACT

Copyright (c) www.nldlanorway.com 22/11/2008

# အကျပ်အတည်းတစ်ခု၏ ခန္ဓာဗေဒ

(ဟင်နရီကစ်ဆင်ဂျာ၏ "အကျပ်အတည်း" (CRISIS) မှ ကောက်နုတ်ဖော်ပြပါသည်။)

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့ စနေနေ့ နံနက်ခင်း လင်းအားကြီးအချိန်၊ အစ္စရေးနိုင်ငံတွင် တစ်နှစ်တာ၏ ဘာသာရေး အထွတ်အမြတ် 'ယွမ်ကစ်ပူး'ပွဲတော် ဆင်နွှဲနေသည်။ ဤအချိန်တွင် နယူးယော့မြို့တော် ဝါးဒေါ့တာဝါဟိုတယ်အိပ်ခန်းတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသော နိုင်ငံခြားရေး ဝန်ကြီး ဟင်နရီကစ်ဆင်ဂျာမှာ တံခါးခေါက်သံကြောင့် ရုတ်တရက် အိပ်ရာမှ ထလိုက်သည်။ တံခါးဖွင့်လိုက်သည်နှင့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဆက်ဂျေစစ္စကိုတစ်ယောက် အပြေးအလွှား ဝင်လာပြီး အမောတကော ပြောလိုက်သည်။

'အီဂျစ်နဲ့ ဆီးရီးယားက အစ္စရေးကို အလစ်ဝင်တိုက်တော့မယ်တဲ့ဗျ'

လွန်ခဲ့သော နှစ်နာရီခန့်ကပင် ဤသတင်းကို အစ္စရေးဝန်ကြီးချုပ် ဂိုးလ်ဒါမေယာက အမေရိကန်သံအမတ်ကြီးမှတစ်ဆင့် အစ္စရေး၏ ရည်ရွယ်ချက်များ ရှင်းပြပြီး စစ်ပွဲကို တန့်တားပေးနိုင်မည်လားဟုလည်း အမှာစကား ပါးလိုက်သည်ဟု ပြောသည်။

'ဘာတွေ ဖြစ်ကြဦးမည်နည်း'

အစ္စရေးတို့ဘက်မှ ရပ်တည်ပေးနေသော အမေရိကန်နှင့် အာရပ်တို့ဘက်မှ ရပ်တည်ပေးနေသော ဆိုဗီယက်တို့ အရှေ့အလယ်ပိုင်းတွင် ထိပ်တိုက်တွေ့ကြဦးမည်လော၊ ကစ်ဆင်ဂျာမှာ မျက်နှာပင်မသစ်နိုင်တော့ဘဲ တယ်လီဖုန်းရှိရာ ဒရောသောပါး ပြေးသွားလိုက်သည်။

Copyright (c) www.nldlanorway.com 22/11/2008

'ဟဲလို ဆိုဗီယက်ယူနီယံ သံအမတ်ကြီး မစ္စတာအနာတိုလီ ဒိုဘရီနင်နဲ့ စကားပြောချင်လို့ပါ'

တယ်လီဖုန်းနှင့် ချိန်းဆိုပြီးသည်နှင့် လက်မှနာရီကို ကြည့်လိုက်ရာ နံနက် ၆ နာရီ ၁၅ မိနစ်၊ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကာလမှာ မိနစ် ၉၀ သာ ကျန်တော့သည်။

* * * * *

(ဗုဒ္ဓဟူးနေ့နံနက် ၆ နာရီ ၃၀ မိနစ် ဝါရှင်တန်မြို့တော် ဆိုဗီယက်ယူနီယံသံရုံး)

ကစ်ဆင်းဂျား ■ အစ္စရေးတွေက ကျွန်တော့်ကို အခုပဲ အကြောင်းကြားတယ် သံအမတ်ကြီး၊ အီဂျစ်နဲ့ ဆီးရီးယားက မိနစ်ပိုင်းအတွင်း သူတို့ကို တိုက်တော့မယ်တဲ့။

ဒိုဘရီနင် ■ ကျွန်တော်ကတော့ မကြားမိပါလားဗျား၊ အစ္စရေးတွေက သက်ဦးအောင် တိုက်ချင်လို့ အကွက်ဆင်တာတော့ မဖြစ်နိုင်ဘူးလား။

ကစ်ဆင်းဂျား ■ နေဦး သံအမတ်ကြီး၊ ကျွန်တော်ကြားတာ မဆုံးသေးဘူး၊ ကိုင်ရိုနဲ့ ဒမတ်စကတ်က ခင်ဗျားတို့လူတွေလဲ စောကြောင်းရာရွေ့ကုန်ပြီတဲ့၊ ဘာလဲ အစ္စရေးက စတိုက်လိမ့်မယ်လို့ ခင်ဗျားတို့ ထင်နေတာလား၊ အစ္စရေးတွေက ကျွန်တော်တို့ကို အကူအညီတောင်းနေတယ်၊ ခင်ဗျားကိုရော၊ အာရပ်တွေကိုရော ပြောလိုက်ပါတဲ့၊ သူတို့ဘက်က စတိုက်ဖို့ အစီအစဉ် မရှိပါဘူးတဲ့၊ ဒါပေမဲ့ အီဂျစ်နဲ့ ဆီးရီးယားက စတိုက်ရင်တော့ အပြင်းအထန် ခုခံရပါလိမ့်မယ်တဲ့၊ ဖြစ်နိုင်ရင်တော့ စစ်ရေးတင်းမာမှုတွေ လျော့ပါးအောင် ပူးပေါင်းဆောင်ရွက်ချင်ပါတယ်တဲ့၊ အဲဒါ ခင်ဗျားတို့သဘောက ဘယ်လိုလဲ။

ဒိုဘရီနင် ■ ဟုတ်ကဲ့ ကျွန်တော် မော်စကိုကို အကြောင်းကြားလိုက်ပါ့မယ် ဝန်ကြီး။

ကစ်ဆင်းဂျား ■ [illegible]

Copyright (c) www.nldlanorway.com



ခင်ဗျားနဲ့ ကျွန်တော့်မှာ တာဝန်ရှိတယ်တဲ့၊ ကျွန်တော်တို့ အနေနဲ့ ကျွန်တော်တို့မိတ်ဆွေတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ ပြောရမှာပေါ့၊ ဒီလိုမှ မလုပ်နိုင်ရင်တော့ နောက်ထပ်စစ်ပွဲတစ်ပွဲနဲ့ တိုးဦးတော့မှာပဲ။

ဒိုဘရီနင် ■ ဒါထက်နေပါဦး၊ ဝန်ကြီးရဲ့သတင်းကတော့ သေချာရဲ့လား၊ အစ္စရေးတွေရဲ့ စကားကိုတော့ ဘယ်လောက်ထိ ယုံကြည်ရမလဲ။

ကစ်ဆင်းဂျား ■ ဒီမယ်သံအမတ်ကြီး ကျွန်တော်အခုလာတာ ငြိမ်းချမ်းရေးအတွက်လာတာ၊ ခုလိုသာ ငြင်းနေရင် ကျွန်တော်ပြောတာ ခင်ဗျားနားမလည်ခင်မှာပဲ စစ်ပွဲတစ်ပွဲ ဖြစ်လာတော့မယ်ဗျ။

* * * * *

(ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီ ၃၅ မိနစ် ဝါရှင်တန်မြို့တော် နိုင်ငံခြားရေးဝန်ကြီးရုံး)

တယ်လီဖုန်းမြည်သံကြောင့် ကောက်ကိုင်လိုက်ရာ အိမ်ဖြူတော်ရုံးအဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားဟိ(ဂ)ထံမှ ဖြစ်နေသည်။ ဟိ(ဂ)က သမ္မတနစ်ဆင် ဝါရှင်တန်သို့ ပြန်လာတော့မည်ဟု သတင်းပို့သည်။ ဝါတားဂိတ်ကြောင့် ဘေးကျပ်နံကျပ် ဖြစ်နေသော နစ်ဆင်မှာ လာဘ်စားမှုနှင့် စွဲချက်တင်ခံနေရသော ဒုတိယသမ္မတ စပိုင်နိုအက်ဂ်နျူးကို မိမိသဘောနှင့် နုတ်ထွက်ပေးရန် ဖိအားပေးနေရသည်။ ယခုလည်း ဤကိစ္စအတွက် ပြန်လာခြင်း ဖြစ်နိုင်ပါသည်။

ကစ်ဆင်းဂျား စိုးရိမ်မိသည်မှာ ခရီးစဉ်ဖျက်ပြီး သမ္မတ ရုတ်တရက် ပြန်လာခြင်းအပေါ် ဆိုဗီယက်တို့က အရှေ့အလယ်ပိုင်းကိစ္စနှင့် ချိတ်ဆက်တွေးပြီး ကောက်ချက်တွေ ချကုန်မည့်အရေး ဖြစ်သည်။

ကစ်ဆင်းဂျား ■ အဲဒီကိစ္စအတွက် ပြန်လာတာ ဖြစ်မလဲဗျ။

ဟိ(ဂ) ■ ဖြစ်နိုင်တာကတော့ ဒုတိယသမ္မတ ကိစ္စလို့ ထင်တာပဲ။

ကစ်ဆင်းဂျား ■ ဖြစ်နိုင်ရင်တော့ သမ္မတကြီးကို ထိန်းထားနိုင်ရင် ပိုကောင်းမယ်ထင်တယ်။ တော်[illegible]

22/11/2008

တကြားမြစ်ပြီး ပွဲကြမ်းသွားမှာ စိုးရိမ်ရတယ်နော်၊ အခြေအနေကို ရှုန်းရင်းဆန်ခတ် မဖြစ်အောင် တတ်နိုင်သလောက် ထိန်းရမှာပဲ၊

ဟိ(ဂ) ■ နေပါဦး၊ စစ်ပွဲကရော ပြေလား။

ကစ်ဆင်းဂျား ■ ပြီး၊ ခုလေးတင်ပဲ နှစ်ဖက်လုံးက ကြေညာသွားပြီ၊ ဘယ်သူက စတိုက်တယ်ဆိုတာ အပြန်အလှန် စွပ်စွဲကြတာပေါ့ဗျာ။

ဟိ(ဂ) ■ တားလို့ မရနိုင်တော့ဘူးပေါ့။

ကစ်ဆင်းဂျား ■ မရတော့ဘူး၊ ထိန်းဖို့ ခိုတော့တယ်၊ အရေးကြီးဆုံးက ကျွန်တော်တို့နဲ့ ဆိုဗီယက်တွေ ထိပ်တိုက် မတွေ့ဖို့ပဲ၊

ဟိ(ဂ) တယ်လီဖုန်းချပြီး မကြာခင်မှာပင် ကစ်ဆင်းဂျားက နောက်တစ်ကြိမ် ဖုန်းဆက်ကိုင်လိုက်သည်၊ ဒီတစ်ကြိမ်တော့ သူက စခေါ် လိုက်သည်၊ ယွမ်ကစ်ပူး စစ်ပွဲအခြေအနေကိုသိရန် ဝါရှင်တန်ရှိ အစ္စရေးသံရုံးသို့ ဆက်ခြင်း ဖြစ်သည်၊ တစ်ဖက်မှ ဖုန်းကိုင်သူမှာ အစ္စရေးမစ်ရှင်၏ ဒုတိယခေါင်းဆောင် မိုဒီချိုင် ရှလက်(ဗ)။

ကစ်ဆင်းဂျား ■ ဘယ်လိုလဲ နေကောင်းရဲ့လား၊

ရှလက်(ဗ) ■ ထမင်းဆာနေတယ်ဗျ၊

ကစ်ဆင်းဂျား ■ ဘာလဲ၊ အကျပ်အတည်းကာလမှာ ထမင်းစားခွင့်မရှိလို့လား၊ ကျွန်တော် ဖုန်းဆက်တာ အစ္စရေးပိုင်းလော့တွေ အခြေအနေကို သိချင်လို့ဗျ၊ သူတို့တော့ တစ်ခုခုစားနေလိမ့်မယ် ထင်ပါရဲ့၊

ရှလက်(ဗ) ■ ဒီအတွက် ခင်ဗျားပူစရာ မလိုပါဘူး၊ သူတို့မှာ စပယ်ရှယ်ရာရှင်း ရှိပါတယ်၊

ကစ်ဆင်းဂျား တစ်ယောက် တောက်ခေါက်လိုက်ပြီး တယ်လီဖုန်းကို ဆောင့်ကြီးအောင့်ကြီး ချပစ်လိုက်သည်၊

* * * * *



(ရုံးနေ့ နံနက် ၉ နာရီ ၂၀ မိနစ် ဝါရှင်တန်ရှိသော ဆိုဗီယက်ယူနီယံသံရုံး)

ကစ်ဆင်းဂျား ■ သံအမတ်ကြီးလည်း သတင်းရပြီးနေရောပေါ့၊ တိုက်ပွဲတွေဖြစ်နေပြီ၊ အီဂျစ်နဲ့ ဆီးရီးယားက စတိုက်တာ၊

ဒိုဘရီနင် ■ ကျွန်တော်ကြားတာတော့ တစ်မျိုးဗျ၊ အစ္စရေးတွေက ရေကြောင်းက စတိုက်တာဆိုပဲ၊

ကစ်ဆင်းဂျား ■ သံအမတ်ကြီးပြောသလို ဟုတ်တယ်ပဲ ထားပါတော့ဗျာ၊ စစ်မျက်နှာအားလုံးမှာ အီဂျစ်နဲ့ ဆီးရီးယားတပ်တွေက ဘယ်လိုလုပ်ပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်နိုင်တာလဲ၊

ထားပါတော့၊ ကျွန်တော် ဒီကိုလာတာ သံအမတ်ကြီးနဲ့ ငြင်းဖို့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးပေါင်းပြီး အပစ်အခတ် ရပ်စဲရေးဖန်တီးနိုင်မလားလို့ပါ၊ စစ်ပွဲမတိုင်မီ နယ်နိမိတ်တွေဆီ နှစ်ဖက်လုံးက ဆုတ်ပေးဖို့ပေါ့ဗျာ၊ တကယ်လို့ ဒီကိစ္စအောင်မြင်ရင် နှစ်ဖက် တွေ့ဆုံဆွေးနွေးရေးဆီ ဦးတည်သွားနိုင်မယ်၊ အဲ မအောင်မြင်ရင်တော့ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ကြားမှာ ခက်ခက်ခဲခဲတည်ဆောက်ခဲ့ရတဲ့ တင်းမာမှု လျှော့ပေါ့ရေးဟာ သဲထဲရေသွန်ဖြစ်မှာပဲ၊

ဒိုဘရီနင် ■ ကျွန်တော်တို့ဘက်မှာ စဉ်းစားစရာတချို့ ရှိနေတယ်ဗျ၊ ဝန်ကြီးပြောတဲ့အတိုင်းလုပ်ရင် အာရပ်တွေက ကျွန်တော်တို့ကို ဘယ်လိုထင်မလဲ၊ အမေရိကန်တို့ အစ္စရေးတို့နဲ့ ပူးပေါင်းလိမ်ညာတာလို့ ထင်နိုင်စရာမရှိပေဘူးလား။

ကစ်ဆင်းဂျား ■ ခုချိန်မှာ နှစ်ဖက်လုံးက မြေရာမြေကြောင်း လုပ်နိုင်ရင် အားလုံးအတွက် ကောင်းမှာပဲ၊ မဟုတ်ရင်တော့ တနင်္လာနေ့ ရောက်ဆိုရင် ကုလသမဂ္ဂစင်မြင့်မှာ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ အချေအတင် ဖြစ်ရလိမ့်မယ်၊ သံအမတ်ကြီးအနေနဲ့ ဒီအခြေအနေမျိုး ရောက်စေချင်လို့လား။

[ယွမ်ကစ်ပူးစစ်ပွဲမှာ ဝါရှင်တန်စံတော်ချိန် နံနက် ၈ နာရီ (အရှေ့အလယ်ပိုင်း

Copyright (c) www.nldlanorway.com 22/11/2008

စတော်ချိန် ညနေ ၂ နာရီခန့်တွင် စတင်ဖြစ်ပွားခဲ့ပါသည်။ အိတ်ချစ်နှင့် ဆီးရီးယားတို့က စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ စစ်၏ပထမပိုင်းတွင် အစ္စရေးတို့ဘက်မှ အထိနာလျက်ရှိနေသည်။ သို့အတွက် အမေရိကန်ဘက်မှ အပစ်အခတ်ရပ်စဲရေးကို အမြန်အကောင်အထည်ဖော်လိုပြီး ဆိုဗီယက်ဘက်မှ ခပ်အင်အင်လုပ်နေခြင်း ဖြစ်ပါသည်။ (ဘာသာပြန်သူ၏ဖြည့်စွက်ချက်)

■ ■ ■ ■ ■

**(အောက်တိုဘာ ၇ ရက်၊ တနင်္ဂနွေနေ့နံနက်ခင်း ,ဝါရှင်တန်မြို့တော် သမ္မတအိမ်ဖြူတော် ဧည့်ခန်းဆောင်)**

တစ်ဆင်းဂျား ■ အစ္စရေးတွေက ကျွန်တော်တို့ဆီက လက်နက်ပစ္စည်းတွေ အပူတပြင်းလိုနေပြီဗျ။ သူတို့အခြေအနေက ကျွန်တော်တို့ ထင်သလောက် မဟန်တော့ဘူး။

ဟိဂ(ဂ) ■ ကိုးလန့်စားစား ဖြစ်နေပြီဆိုတဲ့ သဘောလား။

တစ်ဆင်းဂျား ■ အဲဒီလောက်မဆိုးပေမယ့် အဲဒီနီးပါးတော့ ဖြစ်နေပြီ၊ ကျွန်တော့်သဘောပြောရရင် အစ္စရေးတွေကို တတ်နိုင်သလောက် ကူညီသင့်တယ်ဗျ၊ တကယ်လို့များ အာရပ်တွေနိုင်သွားရင် ဘာဆွေးနွေးပွဲမှ ဖြစ်လာမှာ မဟုတ်ဘူး၊ သေချာတယ်။ ဒီအချိန်မှာ အစ္စရေးရဲ့ တောင်းဆိုချက်ကို ကျွန်တော်တို့ ငြင်းလိုက်ရင် ရေ့ဆက်ပြီး သူတို့ကို ဘယ်လိုမှ ကျွန်တော်တို့ ဩဇာအောက်မှာ ထိန်းနိုင်မှာ မဟုတ်တော့ဘူး။

ဟိဂ(ဂ) ■ ဒီကိစ္စ သမ္မတကြီးရဲ့ ခွင့်ပြုချက်တော့ လိုမယ်ခင်ဗျ။

တစ်ဆင်းဂျား ■ ဒီအတွက် ကျွန်တော်လာတာပဲ၊ သမ္မတကြီးနဲ့တွေ့ပြီး ကျွန်တော် ကြိုးစားကြည့်ချင်တယ်။

မကြာမီမှာပင် သမ္မတ၏ ဘဲဥပုံ ရုံးခန်းတွင် နစ်ဆင်နှင့် တစ်ဆင်းဂျားတို့ တွေ့ဖြစ်ကြသည်။ စစ်ပွဲအခြေအနေ အရပ်ရပ်ကို တစ်ဆင်းဂျားက သမ္မတကြီးသို့ အစီရင်ခံလိုက်သည်။

Copyright (c) www.nldlanorway.com



တစ်ဆင်းဂျား ■ ဒီအချိန်မှာ သာမန်အပစ်အခတ် ရပ်စဲရေး ဆုံးဖြတ်ချက်ပဲ ချခဲ့ရင်၊ ကျွန်တော်တို့ဘက်က ကန့်ကွက်ချင်မှာပဲ သမ္မတကြီး။ ဒီအဲ့သုံးလို့လဲ မသင့်တော်ဘူး၊ အစ္စရေးဘက်က စစ်ပွဲမတိုင်ခင် နယ်နိမိတ်ထိ ဆုတ်ပေးဖို့ တောင်းဆိုထားတယ်။ လောလောဆယ် အာရပ်တွေက အခြေအနေကောင်းနေတော့ ဒါကို လိုက်လျောမယ် မထင်ဘူး။ ခက်တာက အစ္စရေးမှာ စစ်ရေးအကူအညီ အရမ်းလိုနေတာ၊ အနည်းဆုံး ဗုဒ္ဓဟူး ကြာသပတေးလောက်အထိ တောင့်ခံဖို့ကို အတော်ခက်နေပြီ။

နစ်ဆင် ■ ကျွန်တော်တို့က အစ္စရေးဘက်က တစ်ဖက်သတ်ရပ်ပေးနေတယ်လို့ အထင်မရောက်စေချင်ဘူးဗျ။ အထူးသဖြင့် ရေနံနိုင်ငံတွေက ဒီလိုထင်သွားရင် ကျွန်တော်တို့အတွက် မကောင်းဘူး။ ဒီလိုလုပ်ပါလား၊ ကျွန်တော်တို့ ကုလသမဂ္ဂ သံအမတ်ကြီးကို လွှတ်လိုက်လေ၊ သူက သွားရှိသယ်နဲ့ သူ အချိန်ဆွဲပေးနိုင်မှာပါ။

တစ်ဆင်းဂျားမှာ ထိုနေ့လယ်တစ်ချိန်လုံး အိမ်ဖြူတော်မှ မခွာဖြစ်ပါ၊ အလက်ဇန္ဒရာဟိဂ(ဂ)၏ ရုံးခန်းတွင်ထိုင်ရင်း ဆိုဗီယက်တို့ဘက်မှ တုံ့ပြန်ပုံကို မကျေမနပ်ဖြစ်နေမိသည်။ သံအမတ်ကြီး ဒိုဘရိုင်နင်မှတစ်ဆင့် ပေးပို့သော အမေရိကန်ကမ်းလှမ်းချက်ကို မော်စကိုက ယခုထိ အကြောင်းမပြန်သေး။

တစ်ဆင်းဂျား ■ မော်စကိုက လှလှညီကျနေပြီဗျ၊ ကျွန်တော်တို့ကတော့ အစ္စရေးတွေကို ဒုံးပျံတွေ ပို့ပေးနိုင်ဖို့ ဝင်တာခွန်ကို မပြောရပ်ခံနေရတုန်း၊ ခုချိန်မှား ဆိုဗီယက်ဘက်က အလုံးအရင်းနဲ့ ဝင်ကူရင်တော့ ကျွန်တို့က ပက်ကျိသွား သွားပြီး တိုက်ဖို့ပဲ ရှိတော့တယ်။

ဟိဂ(ဂ) ■ ခင်ဗျား ဒီအကြောင်းတွေကို သမ္မတကြီးကို သဘောပေါက်အောင် ရှင်းပြပါလား။

ထိုနေ့ညနေပိုင်း သမ္မတနှင့် တွေ့ဆုံသည့်အထိ နစ်ဆင်၏ သဘောထားမှာ ဘာမှ အပြောင်းအလဲ မရှိသေးပါ။ အပစ်အခတ်ရပ်စဲရေး အဆိုပြု

ချက်တင်ရှိသော အားသန်လျက်ရှိနေသည်။

နစ်ဆင် ■ ဒီအချိန်မှာ စစ်ပွဲကို ရပ်နိုင်လိုက်ရင် ကျွန်တော်တို့ အတွက် သိပ်အကျိုးရှိမယ်ဗျ။ အမေရိကန်လူထုကလဲ သူတို့သမ္မတကို အယုံအကြည်ရှိလာကြလိမ့်မယ်၊ ခင်ဗျား သဘောကို ပြောပါဦး။

ကစ်ဆင်းဂျား ■ ပြောစရာရှိစေဦးမယ်ဆင်တယ် သမ္မတကြီး။ ဗုဒ္ဓဟူး ဒါမှ မဟုတ်၊ ကြာသပတေးနေ့လောက်ဆိုတော့ ကောင်းသင့် တယ်ထင်တာပဲ။

နစ်ဆင် ■ ဒါဖြင့်ရင်လဲ ဒီတစ်ခုကို ကျွန်တော်တို့ အသေးစိတ် ထပ်ဆွေးနွေးကြဦးစို့ဗျာ၊ နက်ဖြန်ပေါ့၊ ဒါမှမဟုတ် သဘက်ခါ ဘယ်နှယ့်လဲ။

* * * * *

(ဆောက်တိုဘာ ၉ ရက်၊ အင်္ဂါနေ့ နေ့လယ် ဝါရှင်တန်မြို့တော် သမ္မတအိမ်ဖြူတော် ရုံးခန်းဆောင်)

နောက်တစ်ရက်တော့ ဆောက်တိုဘာ ၉ ရက်နေ့၊ အင်္ဂါနေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် အစ္စရေးသံအမတ်ကြီး ဆင်ချာခင်းနစ်နှင့် အစ္စရေး စစ်သံမှူး ဗိုလ်ချုပ်ကြီးမော်ဒီချိုင်းတို့ အိမ်ဖြူတော်တွင် ကစ်ဆင်းဂျားနှင့် တွေ့ဆုံ ဖြစ်ကြသည်။ သူတို့၏ သတင်းပေးချက်အရ အစ္စရေးတို့၏ စစ်ရေး အခြေ အနေမှာ ဆင်တာသက်ဆိုးနေသည်။ ဖော်ဖုံစစ်မျက်နှာတစ်ခုတည်းမှာပင် တင့်ကား ၄၀၀ မျှ ဆုံးရှုံးခဲ့သည်ဟု ဆိုသည်။

ကစ်ဆင်းဂျား ■ ခြေသြ ဒါကြောင့် အီဂျစ်တွေ အမောက်တခေါင်ထောင် ဖြစ်နေတာကိုး၊ ဘယ်လိုဖြစ်ကုန်တာလဲဗျာ။

မော်ဒီချိုင်း ■ သဲကန္တာရထဲမှာတင် မတိုက်ရသေးပဲ ပျက်ကုန်တာ။

ခင်းနစ် ■ ကျွန်တော်တို့အတွက် လက်နက်ထောက်ပံ့ရေး အစီ အစဉ်ကော ဘယ်လိုဆုံးဖြတ်ထားလဲ။

ကစ်ဆင်းဂျား ■ ဟုတ်ကဲ့၊ ကျွန်တော် အစွမ်းကုန်ကြိုးစားနေပါတယ်။ ဒီအတွင်း အနည်းဆုံးစစ်မျက်နှာတစ်ခုမှာ အပေါ်စီး ရအောင်တော့ လုပ်ထားစေချင်တယ်ဗျာ။



ခင်းနစ် ■ ဆီးနိုင်းသဲစစ်မျက်နှာမှာတော့ ဖြစ်နိုင်ပါတယ်၊ ဆီးရီး စစ်မျက်နှာမှာတော့ သိပ်မလွယ်ဘူးဗျ။

ကစ်ဆင်းဂျား ■ ဘာပဲဖြစ်ဖြစ် တောင့်ထားပါဗျာ။ ဒီကိစ္စကို အာရပ်တွေ သိလို့လဲ မဖြစ်ဘူးနော်၊ တော်ကြာ အားတက်ပြီး ဖိုင်း တိုက်ရင် ခက်ကုန်မယ်။

ခင်းနစ် ■ စိတ်ချပါ၊ ဝန်ကြီးနဲ့ သမ္မတကြီးကလွဲလို့ အမေရိကန် မှာတောင် ဘယ်သူမှ မသိစေရပါဘူး၊ ဒီအတွင်း ကျွန် တော်တို့ ဝန်ကြီးချုပ် မစ္စစ်ဂိုးဒါမေယာလဲ ခင်ဗျားတို့ သမ္မတကြီးနဲ့ လာတွေ့ပြီး လက်နက်ကိစ္စ မေတ္တာရပ်ခံ ဦးမှာပါ။

ကစ်ဆင်းဂျား ■ ဟာ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ ခင်ဗျားတို့ အခြေအနေ ကို အာရပ်တွေ ရိပ်မိကုန်မှာပေါ့၊ ခုလိုစစ်ကာလကြီးမှာ အစ္စရေးခေါင်းဆောင်ဟာ စစ်မြေပြင်က တစ်ဖဝါးမှ မခွာသင့်ဘူး ထင်တယ်နော်။

ခင်းနစ် ■ ဟုတ်ကဲ့၊ ဝန်ကြီးရဲ့ သဘောကို ကျွန်တော် တင်ပြလိုက် ပါမယ်။

ကစ်ဆင်းဂျား ■ ကျွန်တော်လည်း ဒီညသမ္မတကြီးနဲ့ တွေ့ဖြစ်မှာပါ၊ စိတ်ချ၊ ကျွန်တော် အစွမ်းကုန်ကြိုးစားမယ်။

ဆင်ချာခင်းနစ်တို့ ထွက်သွားပြီး မကြာမီမှာပင် အမှန်မှ တယ်လီဖုန်း သတင်းဝင်လာသည်။ အမေရိကန်သံအမတ်ကြီး ခင်းဘရောင်ထံမှ ဆက်လိုက် ခြင်းဖြစ်သည်။ ဂျော်ဒန်ဘုရင် ဟူစိန်နှင့် အယ်ဂျီးရီးယား သမ္မတ ဟော်ရီဘူမီ ဒီနင်း တို့ကို စစ်ပွဲသို့ ဝင်ရောက်ရန် ဘရက်ဇ်နက်မှ တိုက်တွန်းနေသည်ဟူ၍ ဖြစ်ပါသည်။

နံနက် ၉ နာရီ မိနစ် ၄၀ သို့ ရောက်သောအခါ ကစ်ဆင်းဂျားက ဝါရှင်တန်အထူးအရေးပေါ်လှုပ်ရှားမှုအဖွဲ့ (W.S.A.G) အစည်းအဝေးကို ခေါ် လိုက်သည်။ စီအိုင်အေ ဒါရိုက်တာဝီလျံကိုဘီနှင့် ကာကွယ်ရေးဝန်ကြီး ရှလက်ဆင်းဂျား တို့ပါ တက်ရောက်သည်။ ကစ်ဆင်းဂျားက သူ့ရသမျှ သတင်း များကို စုစည်းတင်ပြလိုက်ရာ တော်တော်များများက လက်မခံကြပါ၊ အစ္စရေး

Copyright (c) www.nldlanorway.com 22/11/2008

၏ မာယာပရိယာယ်ဟု ထင်နေကြသည်။ သို့ဖြင့် ကစ်ဆင်းဂျားအတွက် အားကိုးရာဆို၍ သမ္မတကြီးသာ ကျန်တော့သည်။

ထိုနေ့က ဆွေးနွေးပွဲတွင် သမ္မတနစ်ဆင်မှာ စိတ်ရှုပ်ထွေးနေဟန် ရှိသော်လည်း ကစ်ဆင်းဂျား၏ စကားများကို အလေးအနက် နားထောင်ပါသည်။ အစ္စရေး၏ အခြေအနေမှန်ကို သိသောအခါ မျက်နှာပျက်ဖျက်နှင့် မှတ်ချက်ချသည်။

'အစ္စရေးတွေ နှံလို့မဖြစ်ဘူး၊ ဒီလိုအဖြစ်မခံနိုင်ဘူး'

အားတက်လာသော ကစ်ဆင်းဂျားက ဆိုဗီယက်တို့၏ ခြေလှမ်းကို ဆက်ပြောရာ နစ်ဆင်၏အသံမှာ သိသိသာသာ မာလာသည်။

'ဒီကောင်တွေကို ဒီအပေါက်ချိုးဖို့ ခွင့်မပြုနိုင်ဘူးဗျ'

ဝါးတားဂိတ်ကြောင့် ချုံးချုံးကျနေသော နစ်ဆင်၏ ဇာတိစိတ်မှာ ခုမှ နှန်းကြွလာတော့သည်။

'ဒီမယ် ဟင်နရီ အစ္စရေးတွေ ဆုံးရှုံးသမျှ အကုန်အစားဖြည့်ပေးပါ၊ လက်နက်ထောက်ပံ့ရေးကို အရှိန်မြှင့်လိုက်ပါ'

ကစ်ဆင်းဂျား လိုချင်သည်မှာ ဒါပဲဖြစ်ပါသည်။ သို့နှင့်တိုင် အရှေ့အလယ်ပိုင်းသို့ ဆိုဗီယက်လက်နက်များ တင်ပို့မှုမှာ အမေရိကန်တို့ထက် ပိုစောပါသည်။ မည်သို့ပင်ဆိုစေ အစ္စရေးတို့ကိုမူ အချိန်မီ ကူညီနိုင်ခဲ့ပါသည်။ ကစ်ဆင်းဂျားအတွက် စစ်ပွဲစတင်သည့်အချိန်မှစ၍ ပထမဆုံး အိပ်ရေးဝဝ အိပ်ရသည့်ညပင် ဖြစ်ပါသည်။

* * * * *

(အောက်တိုဘာ ၁၃ ရက်၊ စနေနေ့ နေ့လယ် ဝါရှင်တန်မြို့တော် ဆိုဗီယက်သံရုံး)

ကစ်ဆင်းဂျား ■ ဘယ်လိုလဲ မစ္စတာဒဲနာဘရီနီ၊ မော်စကိုက ဘာညွှန်ကြားချက်မှ မလာသေးဘူးလားဗျ။

ဒိုဘရီနင် ■ ဟုတ်ကဲ့၊ ဘာမှ မထူးသေးပါဘူး။

ကစ်ဆင်းဂျား ■ သမ္မတကြီးကတော့ ကျွန်တော့်ကို အမှာစကား ပါးလိုက်ပါတယ်၊ ခင်ဗျားတို့ဘက်က လက်နက်တင်ပို့မှုကိုရပ်ရင်



ကျွန်တော်တို့ဘက်ကလဲ အဆင့်သင့်ပါပဲတဲ့။

ဒိုဘရီနင် ■ ဟုတ်ကဲ့၊ ကျွန်တော် မော်စကို ကို ခုပဲ အကြောင်းကြားလိုက်ပါမယ်။

* * * * *

(အောက်တိုဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့ အိမ်ဖြူတော် ဘဲဥပုံရုံးခန်း)

ကစ်ဆင်းဂျား ■ ဗြိတိန်က ခုခုဆိုကဲ့ စစ်ပွဲမတိုင်မီ နယ်နိမိတ်အတိုင်း ငြိမ်ဖြစ်ချင်ပါတယ်တဲ့၊ ဒါဆိုရင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲလုပ်ဖို့ သဘောတူမယ်တဲ့။

နစ်ဆင် ■ အိုး ခုတင်းလှချည်လား၊ သူတို့က စစ်ပွဲမှာ နိုင်နေတဲ့ အတိုင်းပဲ။

ကစ်ဆင်းဂျား ■ ကျွန်တော်ကတော့ တစ်မျိုးစဉ်းစားမိတယ် သမ္မတကြီး၊ ဆာဒတ် (အီဂျစ်သမ္မတ)ဟာ တကယ့်ပတ်ကား နိုင်ငံရေးသမားပဲ၊ သူလိုချင်သလောက် မရနိုင်ဘူးဆိုတာ သူကောင်းကောင်းသိပါလိမ့်မယ်။ နောက်ပြီးဟာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာ ကျွန်တော်တို့ ဝင်နိုင်အောင် တမင် လမ်းဖွင့်ပေးတာမျိုး မဖြစ်နိုင်ဘူးလား။

နစ်ဆင် ■ ဒါဆိုရင်တော့ ဆိုဗီယက်တွေ လုပ်ပုံပုလင်းထိတာပေါ့ဗျာ၊ ကျွန်တော်တို့က ကြီးဆိုရမှာပေါ့၊ ဒါပေမဲ့ အစ္စရေးကို ဖိအားပေးဖို့တော့ အတော်ကြီးစားရမယ် ထင်တယ်နော်၊ ခင်ဗျားသဘောက ဘယ်လိုလဲ။

ကစ်ဆင်းဂျား ■ ကျွန်တော်ကတော့ ဒီစစ်ပွဲကို အသုံးချပြီး အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရဲ့ နိဒါန်းကို အစပြုနိုင်မလားလို့။

* * * * *

(အောက်တိုဘာ ၁၆ ရက် အင်္ဂါနေ့)

စစ်ပွဲမပြီးသေးပါ၊ ထိုနေ့မှာပင် နိုဘယ်ဆုစာရင်း ထွက်လာသည်။ ကစ်ဆင်းဂျားနှင့် ဗီယက်နမ်ညှိနှိုင်းရေးမှူး လီဒတ်သိုတို့၊ ငြိမ်းချမ်းရေး

Copyright (c) www.nldlanorway.com 22/11/2008

နိဘယ်ဆု ပူးတွဲရသွားသည်။ စင်စစ် ဤဆုမှာ နှစ်ဆင်အတွက် ဖြစ်နိုင်စရာ မရှိသော်လည်း ဝါးတားဂီတ်ကြောင့် တစ်မျိုးတစ်မည် ဖြစ်ခဲ့ရသည်။ ထိုညက ကစ်ဆင်းဂျားနှင့် တွေ့ဆုံရာတွင် နှစ်ဆင်မှာ မိမိစိတ်ပျက်မှုကို အတတ်နိုင်ဆုံး ဖုံးကွယ်ပြီး အဖြစ်နိုင်ဆုံး ဓမ္မဓလေ့ပြုခဲ့ပါသည်။

နှစ်ဆင် ■ ကျွန်ုပ်ရောက်ကျူးလေးရှင်း ဟင်နရီ။

ကစ်ဆင်းဂျား ■ ဒီဆုဟာ ဘယ်သူ့ရဲ့ အမှန်တကယ် ထိုက်တန်တယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ် သမ္မတကြီး။ ဒါကို တော်တော်များများ နားလည်ကြမှာပါ။ သမ္မတကြီးရဲ့ ခေါင်းဆောင်မှုရဲ့ ကျွန်တော့်အပေါ် သဘောထားကြီးမှုအတွက် ကျေးဇူးတင်ကြောင်း ပြောပါရစေ။

နှစ်ဆင် ■ ဟုတ်ပါပြီ ဟုတ်ပါပြီ။ ကိုင်း ကိုင်း ကျုပ်တို့နှစ်ယောက် ဟောဒီ အဲဒီပုံနှိပ်ခန်းထဲမှာ ဓါတ်ပုံတွဲရိုက်ရအောင်ဗျာ ဘယ့်နှယ်လဲ။ ဓါတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ပြီးသည့်နောက်တွင်မူ နှစ်ဆင်မှာ အတော်လေး ပေါ့ပေါ့ပါးပါး ဖြစ်သွားဟန် တူပါသည်။ ထိုညက အတော်လေး ညဥ့်နက်သည်အထိ သူတို့နှစ်ယောက် စကားလက်ဆုံ ကျနေခဲ့ကြသည်။

နှစ်ဆင် ■ ဒါနဲ့ မန်စေး (အထက်လွှတ်တော် ဒီမိုကရက်တစ်ခေါင်းဆောင် မိုက်မန်းစဖီး)ရဲ့ အဆိုပြုချက်ကို ကြားပြီးပြီလား။ ကာယက်ရှင်တွေအပြင် ဖြတ်နီရယ်၊ ဖြင်သစ်ရယ်၊ ဂျပန်ရယ်၊ ရုရှားရယ်၊ အမေရိကန်ရယ် ပါဝင်တဲ့ ထိပ်သီးညီလာခံကျင်းပရမယ်ဆိုပဲ။

ကစ်ဆင်းဂျား ■ ဒီလူ ဘာကြောင့်တာလဲ သမ္မတကြီးရာ။ ကျွန်တော်တို့နဲ့ အစွမ်းရောကို ကျွန်တဲ့ခြောက်နိုင်ငံနဲ့ ရင်ဆိုင်ခိုင်းတာလား။ တကယ့်အရူးစီမံကိန်း။

နှစ်ဆင် ■ အင်း ကျွန်တော်တို့ရဲ့ ဒီမိုကရက်တစ်မိတ်ဆွေတွေရဲ့ အကြံက စစ်ပွဲပြီးချင်တာလား။ ကျုပ်တို့ကို အဆုံးသတ်စေချင်တာလားမှ မသိတာ။

■ ■ ■ ■ ■



## (အောက်တိုဘာ ၁၉ ရက် သောကြာနေ့)

ဆိုဗီယက်ခေါင်းဆောင် လီယွန်နစ်ဘရက်ဇနက်ထံမှ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျားကို မော်စကိုသို့ ဖိတ်ကြားသည့်စာ ရောက်လာသည်။ အရှေ့အလယ်ပိုင်း အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးကြရန်ဟု ဆိုပါသည်။ ဤကိစ္စကို သမ္မတနှစ်ဆင်သို့ တင်ပြလိုက်ရာ နှစ်ဆင်က ဝမ်းသာအားရ သဘောတူသည်။ စင်စစ်နှစ်ဆင်မှာ သူ့ကွက်ကိစ္စနှင့်သူ ဝမ်းသာနေခြင်းဖြစ်သည်။ နိုင်ငံခြားရေးပေါ် လစီ အောင်မြင်မှုဖြင့် ပြည်တွင်း ဝါးတားဂိတ်ပြဿနာကို ကျော်လွှားနိုင်ပေမည်လား။ နောက်ဆုံး တောက်ရှိန့်အဖြစ်ကြီးပမ်းကြည့်လိုခြင်း ဖြစ်ပါသည်။

ဤအတွက် နှစ်ဆင်တွင် အစီအစဉ်တစ်ခု ရှိပြီးဖြစ်သည်။ မစ္စတာ ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဂွန်စတင်းနစ်နှင့် ညှိနှိုင်းပြီး သဘောတူညီချက်တစ်ခုယ် ရရှိပြီး ဖြစ်နေသည်။ နှစ်ဆင်က ဒီမိုကရက်တစ်တို့ လိုလားသော အပစ်အခတ်ရပ်စဲရေးကို သဘောတူမည်။ အပြန်အလှန်အနေနှင့် ဂွန်စတင်းနစ်ကလည်း ဝါးတားဂိတ်တိတ်ခွေများကို စစ်ဆေးပြီးပြီဟု အကျဉ်းချုပ်သာ တင်ပြပြီး ကိစ္စအေးစေမည်။ ဤသို့စိတ်ကူးထဲရိုက်ရင်း နှစ်ဆင်မှာ တက်ကြွနေတော့သည်။

ကစ်ဆင်းဂျားကိုယ်တိုင်ကမူ သိပ်မတက်ကြွလှပါ။ အစ္စရေးတို့ဘက်မှ အောင်ပွဲ သေချာနေသောကြောင့် ဆိုဗီယက်တို့ လေသံပြောင်းသွားခြင်းကို ကောင်းကောင်းသဘောပေါက်နေသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အချိန်ဆွဲနိုင်လေ အစ္စရေးတို့ဘက်မှ အကျိုးရှိလေကို သိနေသည်။ ထို့ထက် ပြည်တွင်းပြဿနာကို ကျော်လွှားရန် နိုင်ငံခြားရေးပေါ် လစီဖြင့် အပေါ အသုံးချလုပ်ရမည်ကို စိတ်မသန်ဖြစ်နေရသည်။ မည်သို့ပင်ဆိုစေ ထိုနေ့မှာပင် ဆိုဗီယက်သံအမတ်ကြီး အနာတိုလီ ဒိုဘရီနင်သို့ တရားဝင် အကြောင်းပြန်လိုက်ရပါသည်။

ကစ်ဆင်းဂျား ■ ကျွန်တော်တို့ သမ္မတကြီးက ခင်ဗျားတို့ခေါင်းဆောင်ကြီးရဲ့ ဖိတ်ကြားချက်ကို တရားဝင် လက်ခံလိုက်ပါပြီ။

ဒိုဘရီနင် ■ ဟုတ်ကဲ့၊ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

ကစ်ဆင်းဂျား ■ အခုလို ဆုံးဖြတ်လိုက်ရတာဟာ ကျွန်တော်တို့ဘက်မှာ

Copyright (c) www.nldlanorway.com 22/11/2008

မသေးငယ်လှတဲ့ စွန့်စားမှုတွေ ရှိနေတယ်ဆိုတာတော့ သံအမတ်ကြီး သိစေချင်ပါတယ်။ အမေရိကန်မှာရှိတဲ့ အစွန်းရောက် လိုလားသူတွေကရော၊ တင်းမာမှုလျော့ပါးရေးကို အယုံအကြည်မရှိကြတဲ့ ကွန်မြူနစ်တွေကပါ ကျွန်တော်တို့ကို ဆန့်ကျင်လာနိုင်ပါတယ်။ ဒါကြောင့် အခု ကိစ္စဟာ ဆိုဗီယက်ဘက်က ကမ်းလှမ်းတာကို လက်ခံတဲ့သဘောပဲ လို့သိရှင်ကြား ကြေညာရပါလိမ့်မယ်။ ဒါပေမဲ့ ခုလိုဆွေးနွေးနေတဲ့ကာလမှာ ကျွန်တော်တို့ဘက်က ဘာတစ်ခုမှ တစ်ဖက်သတ်မလုပ်ပါဘူး။ ဒါကိုတော့ ကတိပေးပါတယ်။

နောက်တစ်ခုက ကျွန်တော်လုပ်ပိုင်ခွင့်ဟာ အပစ်အခတ် ရပ်စဲရေးလောက်ပဲ ရှိတယ်ဆိုတာ သတိပြုမိပါ၊ အပြီးသတ် ငြိမ်းချမ်းရေးကိစ္စကိုတော့ သမ္မတကြီးကပဲ ဆုံးဖြတ်ပါလိမ့်မယ်။

ဒိုဘရီနင် ■ အိုကေ အိုကေ ကျွန်တော် သဘောပေါက်တယ်။ ဒါနဲ့ ဝန်ကြီး ဘယ်တော့ခရီးထွက်မလဲခင်ဗျာ။

ကစ်ဆင်းဂျား ■ နက်ဖြန်ခါ။

ထိုနေ့ည ဗိမာန်ဖြူတော်တွင် အလက်ဇန္ဒားဟိဂ်(ဂ)နှင့် တွေ့သောအခါ ဟိဂ်(ဂ)က ကစ်ဆင်းဂျားကို ကြောင်ကြည့်နေသည်။

ဟိဂ်(ဂ) ■ သမ္မတကြီးက ခင်ဗျားကို ဒီညပဲ ခရီးထွက်စေချင်တာဗျ။

ကစ်ဆင်းဂျား ■ ဘာကြောင့် ဒီလောက်လောနေရတာလဲ။

ဟိဂ်(ဂ) ■ နက်ဖြန်ခါမှာ စတင်းနစ်နဲ့ သဘောတူညီချက်ကို ကြေညာစရာရှိတယ်လေ။ ဒါနဲ့ ခင်ဗျားရဲ့ မော်စကိုခရီးစဉ်ကိုတွဲပြီး ကြေညာချင်လို့ပေါ့။

ကစ်ဆင်းဂျား ■ ခက်တယ်ဗျာ၊ နိုင်ငံခြားရေးဝါဒနဲ့ ဝါတာဂိတ်ကို မဆက်စပ်စေချင်ဘူး။ ဒီအတွက် တစ်သက်လုံးနောင်တရနေမှာမျိုးကို ကျွန်တော်မလိုလားဘူး။

ထိုညအိပ်ယာထဲရောက်မှ ဒိုဘရီနင်ထံမှ ဖုန်းလာပြန်သည်။



ဒိုဘရီနင် ■ နက်ဖြန် ခရီးစဉ်အတွက် ဘယ်လိုလေယာဉ်မျိုး စီစဉ်ပေးရမလဲခင်ဗျာ။ အထူးလေယာဉ်လား၊ ခရီးသည်တင် လေယာဉ်နဲ့ သွားမလား။

ကစ်ဆင်းဂျား ■ ဘီ ၅၂ နဲ့ သွားမယ်ဗျို့။

■ ■ ■ ■ ■

မော်စကိုဆွေးနွေးပွဲများမှာ မှုလည်ကြောင်ပတ် သံတမန်စကားလုံးများဖြင့် ခရီးမရောက် ဖြစ်နေစဉ်၊ ဝါရှင်တန်ရှိ သမ္မတနစ်ဆင်၏ အခြေအနေမှာ ကိုးလို့သာ ဆိုးလာနေပါသည်။ ဂျွန်ဒေတင်းနစ်၏ အစီရင်ခံစာကို တရားလွှတ်တော်က ပယ်ချလိုက်သည်။ နောက်ဆုံး နစ်ဆင်ကိုယ်တိုင် နုတ်ထွက်ရတော့မည့် အခြေအနေသို့ ဦးတည်လာတော့သည်။

ဤအခြေအနေတွင် စစ်မြေပြင်မှ အရေးတကြီး သတင်းတစ်ပုဒ်ရောက်လာသည်။ အီဂျစ်အမှတ်(၃)တပ်မတော်မှာ အစ္စရေးတို့ အဝိုင်းခံနေရသော သတင်းဖြစ်ပါသည်။ အီဂျစ်တို့အနေနှင့် အစားရေစာပြတ်လပ် (သို့မဟုတ်) လက်နက်ချရုံမှလွဲ၍ ရွေးစရာမရှိတော့သလို ဖြစ်လာသည်။ သည်တော့မှ ဆိုဗီယက်များမှာ ပူယာခတ်လာပြီး ဆွေးနွေးပွဲကို စိတ်ပါလက်ပါ လုပ်လာကြတော့သည်။ စစ်ပွဲစတင်ကတည်းက ငြိမ်းချမ်းရေးသို့ ဦးတည်စေရမည်ဟု မျှော်လင့်ထားသော ကစ်ဆင်းဂျားအတွက်လည်း မိမိ၏ သံခင်းတမန်ခင်း စွမ်းရည်ကို အပြည့်အဝ ထုတ်သုံးဖို့ ဖြစ်လာတော့သည်။ သို့သော် ဆိုဗီယက်များနှင့်မဟုတ်၊ ကာယကံရှင်များနှင့် ဖြစ်သည်။

အမှတ်(၃)တပ်မတော်ကိစ္စကို ကူညီဖြေရှင်းပေးနိုင်လျှင် လက်တွေ့ကျကျ ဆုံးဖြတ်တတ်သော ဆာဒတ်ကို နားချနိုင်လိမ့်မည်ဟု ယုံကြည်သည်။ မကြုံဘူးသော ဆုံးရှုံးမှုများနှင့် ကြုံခဲ့ရသော ဂိုဒါမေယာမှာလည်း ယခင်ကလောက် ခေါင်းမာနိုင်တော့မည်မဟုတ်ဟု တွက်ဆရသည်။ သို့နှင့်အမျှ မော်စကိုမှ တပ်ခေါက်ပြန်ခဲ့ပြီး နာမည်ကျော် လွန်းပျံသံတမန်ခရီးစဉ်ကို စတင်ခဲ့ပါတော့သည်။

ကစ်ဆင်းဂျား၏ ခြေလှမ်းကို မရိပ်မိသော ဆိုဗီယက်တို့ကမူ ခပ်ဟဟိုးမစီ သံယောင်တင်လာသည်။ အောက်တိုဘာ [illegible]

Copyright (c) www.nldlanorway.com 22/11/2008

ထံမှ နစ်ဆင်သို့ ရာဇသံပို့လိုက်သည်။ ဆိုဗီယက်တပ်တွေ အရှေ့အလယ်ပိုင်းသို့ ပို့တော့မည်။ တပ်ခွဲအားလုံး တပ်လှန့်ထားပြီးပြီဟု ခြိမ်းခြောက်သည်။

'ခင်ဗျားတို့ ကျုပ်တို့ကို ဒီအားပေးဖို့ ကြိုးစားနေနော် ကျုပ်တို့ကလဲ လက်တုံ့ပြန်တတ်တယ်ဗျ'

ကစ်ဆင်းဂျားက ဒိုဘရိုင်နင်ကို သတိပေးလိုက်ပြီ၊ နစ်ဆင်က အမေရိကန် တပ်ဖွဲ့အားလုံးကို တပ်လှန့်လိုက်ရန် ရှလက်ဇင်းဂျားကို အမိန့်ပေးလိုက်သည်။ ဒီတော့လည်း ထုံးစံအတိုင်း ဆိုဗီယက်တို့ဘက်မှ ပြန်လျှော့သွားသည်။ သို့ဖြင့် အောက်တိုဘာ ၂၄ ရက်ညမှာ နစ်ဆင်၏ သမ္မတဘဝ နောက်ဆုံး အပျော်ညဖြစ်လာရတော့သည်။

နစ်ဆင် ■ ဒုတိယအကြိမ် ကွန်ဂရက်ကျွမ်းသေးမှုး ဟင်နရီရေ။

ကစ်ဆင်းဂျား ■ ၁၉၆၂ ခုနှစ်က ကျူးဘားဒုံးပျံအရေးအခင်းကို သတိရတယ် သမ္မတကြီးရေ၊ သမ္မတကင်နေဒီကို ဆိုဗီယက်တွေ မမေ့သလို သမ္မတကြီးကိုလဲ သတိရနေကြတော့မယ်။

နစ်ဆင် ■ ဒါတွေအားလုံးဟာ ခင်ဗျားရဲ့ သံတမန်စွမ်းရည်ကြောင့်ပေါ့ဗျာ။ ကိုင်း ကိုင်း နားတော့ ဟင်နရီရေ ခင်ဗျားလဲ ပင်ပန်းလှပါပြီ၊ အိပ်ရေးဝဝ အိပ်ပေတော့။

နောက်တစ်နေ့ အိပ်ရာမှအနိုးတွင် မင်္ဂလာသတင်းတစ်ရပ်က စောင့်ကြို နေတော့သည်။ ကုလသမဂ္ဂ၏ ကြီးကြပ်မှု အောက်တွင် အီဂျစ်နှင့် အစ္စရေး တပ်ဖွဲ့များကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချမှတ်နိုင်ပြီဆိုသော သတင်း။ ၂၅ နှစ်တာ စစ်မက်ကာလများမှာ အတိတ်ဖြစ်သွားခဲ့ပါပြီ။ ကစ်ဆင်းဂျား မျှော်လင့်ခဲ့သော ငြိမ်းချမ်းရေးနိဒါန်း၏ ပထမဆုံး ခြေလှမ်းကို လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။

◆ ◆ ◆ ◆ ◆



PROFILE

COMMENTARY

Copyright (c) www.nldlanorway.com 22/11/2008